# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


### လောကဓမ္မတာစံကြရာ

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 14 December 2017 ၉၁၃၈


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တိုကျိုမြို့ရှိ ကမာကူရ ဗုဒ္ဓဆင်းတုတော်ကြီးအား ဖူးမြော်ကြည်ညို

**တိုကျို ဒီဇင်ဘာ ၁၃**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပမည့် Universal Health Coverage Forum အဆင့်မြင့် အစည်းအဝေးသို့ တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် အတွက် ဒီဇင်ဘာ ၁၂ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြပြီး ယနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Hiroto Izumi၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိဟီဂူချိနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်စောမင်း၊ မြန်မာသံရုံးနှင့် မြန်မာစစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် မိသားစုများက ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နာရီတာ (Narita) လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် တိုကျိုမြို့ရှိ ကမာကူရ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များ တိုကျိုမြို့ရှိ ကမာကူရ ဗုဒ္ဓဆင်းတုတော်ကြီးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**



# ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကျင်းပ

## ကျောက်မျက်အတွဲပေါင်း ၁၉၀ နှင့် ကျောက်စိမ်းအတွဲ ၆၆၅ တွဲ ခင်းကျင်းပြသထား

**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြပွဲဒုတိယနေ့တွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များက အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲ ၁၉၀ အား ကြည့်ရှုလေ့လာကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ရန် တရုတ်၊ ထိုင်း၊ မကာအို၊ ကနေဒါနိုင်ငံ အပါအဝင် ပြည်တွင်း ပြည်ပ ရတနာကုမ္ပဏီ ၁၃၃၉ ခုမှ ရတနာကုန်သည် စုစုပေါင်းဦးရေ ၃၉၉၉ ဦး မှတ်ပုံတင်ထားသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အခြေခံဈေးယူရိုင္ဒေ ၅၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်မျက်အတွဲပေါင်း ၁၉၀၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

**သတင်းထောက်နှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့အား မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေနှင့်အညီ အရေးယူ**

စာမျက်နှာ - ၁၀




# ကြေးမုံ

## ဖွံ့ဖြိုးတိုးတက်ရေး စာပေမှ ဆောင်ကြဉ်း

မြန်မာ့နှယ်ပယ်၌ ဤရာသီကား နတ်တော်ရာသီ၊ ဤလမှာ စာဆိုတော်လ ဖြစ်သည်ဟု သတ်မှတ်ထားသည်။ စာဆိုတော်လဖြစ်သည်နှင့်အညီ နတ်တော်လအတွင်း စာဆိုတော်များ ပူဇော်ကန်တော့ပွဲ၊ စာပေဆုပေးပွဲ၊ စာပေဆွေးနွေးပွဲ၊ စာပေပွဲတော်များ ဆင်ယင်ကျင်းပကာ စာပေ၏ဂုဏ်၊ စာပေ၏အကျိုးကျေးဇူးတို့ကို ဖော်ထုတ်အသိအမှတ်ပြုကြသည်။

စာပေ အနုပညာသည် လူသားမျိုးနွယ်တစ်ခု၏ အဆင့်အတန်းကို ဖော်ပြသော မှတ်ကျောက်တစ်ခုဖြစ်သည်။ လူ့ဘောင်လောကတိုးတက်ရေးကို ဆောင်ရွက်ရာတွင် လူသားအကျိုးပြု စာအုပ်စာပေကို အားကိုးအားထားပြုရသည်။ စာပေသည် လူ၏စိတ်ဓာတ်နှင့် အများဆုံးဆက်စပ်နေသည်သာမက တိုင်းပြည်ပြုပြင်ရေးတွင်လည်း များစွာအရေးပါအရာရောက်သည်မှာ ထင်ရှားသည်။

“စာပေ၊ ရုပ်ရှင်၊ ဂီတ စတဲ့ အနုပညာရပ်များဟာ လူသားများ နှစ်သက်မြတ်နိုးကြတာနဲ့အမျှ လူ့အဖွဲ့အစည်းအပေါ်မှာလည်း လွှမ်းမိုးသက်ရောက်မှု ကြီးမားကြပါတယ်။ အထူးသဖြင့် စာပေဟာ လူတို့ရဲ့ စိတ်နှလုံးကို ပြုပြင်ပြောင်းလဲစေနိုင်သလို လူအများကို အသိပညာ ဗဟုသုတနဲ့ ဉာဏ်အမြော်အမြင်များ တိုးပွားအောင်လည်း ဖန်တီးပေးနိုင်စွမ်းရှိပါတယ်။ ဒါကြောင့်မို့လို့ တိုင်းပြည်တစ်ပြည်ရဲ့ စာပေကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဟာ အဲဒီတိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြီးမားစွာ အထောက်အကူပြုနိုင်တယ်လို့ ယုံကြည်ခြင်းဖြစ်ပါတယ်” စာပေညီလာခံ (၂၀၁၇)သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပေးပို့သည့် သဝဏ်လွှာတွင် စာပေ၏အကျိုးကျေးဇူးအား ညွှန်းဆိုပြထားသည်ကို တွေ့ရသည်။

ထိုသို့အကျိုးကြီးမားသော စာပေကို စာဆိုရာသီ၊ စာဆိုတော်လတွင် အလေးအမြတ်ပြု၍ စာပေညီလာခံ ကျင်းပခြင်းမှာ အထူးကောင်းမွန်ပေသည်။ ရုပ်ရှင်ဟုဆိုလျှင် ရုပ်ရှင်သရုပ်ဆောင်ကိုသာ အဓိကမြင်ကြသကဲ့သို့ စာပေဟုဆိုလျှင် စာဆိုများကိုသာ အဓိကသိမှတ်ကြသည်။ အမှန်တကယ်တွင် စာပေလောကတစ်ခုလုံးအတွက် စာရေးဆရာ၊ ကဗျာဆရာ၊ ဘာသာပြန်ဆရာ၊ အယ်ဒီတာ၊ စာပေပညာရှင်၊ ထုတ်ဝေသူ၊ ဖြန့်ချိသူနှင့် စာပေချစ်မြတ်နိုးသူ စာဖတ်ပရိသတ်တို့လည်း ပါဝင်သည်။

ယနေ့ကျင်းပပြုလုပ်သော စာပေညီလာခံ(၂၀၁၇)တွင် စာပေလောကမှ စာပေအဖွဲ့အစည်း ၁၁ ဖွဲ့က ဦးဆောင်ကျင်းပသဖြင့် သိုက်သိုက်ဝန်းဝန်းနှင့် ပြီးပြည့်စုံသည့် မြန်မာစာပေအမြုတေဟုပင် ဆိုချင်သည်။ လောကအဖွဲ့အစည်းတစ်ခုကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ဆိုင်ရာအဖွဲ့အစည်းအားလုံး မကြွင်းမကျန် ပါဝင်ဆောင်ရွက်ကြခြင်းသည် ညီညွတ်ခြင်းပင်ဖြစ်သည်။ ညီညွတ်ခြင်းသည် အောင်မြင်မှု၏ ရှေ့ဆောင်လမ်းပြ ဖြစ်သည်။

စာပေကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးစွာအထောက်အကူပြုနိုင်သည်ဟု အဆိုရှိသကဲ့သို့ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နေချိန်တွင် နိုင်ငံသူ နိုင်ငံသားများ စိတ်ဓာတ်နှင့်အသိပညာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စာကောင်းပေမွန်များ ရေးသားပြုစုကြသည့် စာပေပညာရှင်များနှင့် စာအုပ်စာပေများ ထွန်းကားရေးသည် အထူးအရေးကြီးသောကဏ္ဍတွင် ရှိနေသည်။

ယခုကျင်းပသည့် စာပေညီလာခံကြီးသည် ယခင်နှင့်မတူ ထူးခြားလေးနက်မှုအသွင်ဆောင်နေသည်။ ညီလာခံကြီးတွင် စာပေလောကသားအားလုံး တက်ညီလက်ညီဆောင်ရွက်ကြပြီး နိုင်ငံတစ်ဝန်းမှ စာပေပညာရှင် တစ်ထောင်ကျော် တက်ရောက်၍ စာပေခေါင်းစဉ် ၅၀ ကျော်ဖြင့် ကဏ္ဍစုံလင်အောင် ဆွေးနွေးကြခြင်းဖြစ်ရာ စာပေလောကဖွံ့ဖြိုးရေးနှင့် နိုင်ငံတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခုအဖြစ် မှတ်ယူရမည်ဖြစ်သည်။

လိုရင်းမှာ ဤရာသီ စာဆိုတော်လ၌ စာပေလောကသားများ သိုက်သိုက်ဝန်းဝန်းဖြင့် မြန်မာစာပေ မြင့်မားတိုးတက်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေး အထောက်အပံ့ကောင်းဖြစ်စေရေးအတွက် တစ်နှစ်ထက်တစ်နှစ် ညီညီညွတ်ညွတ် တိုးတက်ကြိုးပမ်းအားထုတ်နိုင်ကြပါစေဟု ဆန္ဒပြုပါသည်။ ထိုဆန္ဒနှင့်အညီ တိုင်းပြည်ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံသူ နိုင်ငံသားများ စိတ်ဓာတ်မြင့်မားတိုးတက်ရေးအတွက် အမှန်တကယ် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား Facebook မှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ မူဝါဒရေးရာ ညွှန်ကြားရေးမှူးနှင့် JICA Myanmar Office မှ Chief Representative တို့ သီးခြားစီ လာရောက်တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား Facebook မှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ မူဝါဒရေးရာညွှန်ကြားရေးမှူး Ms. Mia Garlick **(အပေါ်ပုံ)** နှင့် JICA Myanmar Office မှ Chief Representative ဖြစ်သူ Mr. Masayuki KAWASAWA တို့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနရုံး၌ သီးခြားစီလာရောက် တွေ့ဆုံကြသည်။

Facebook မှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ မူဝါဒရေးရာညွှန်ကြားရေးမှူးနှင့် တွေ့ဆုံစဉ် Facebook အသုံးပြုမှုဆိုင်ရာ စံနှုန်းများ (Facebook Community Standards)၊ မူဝါဒများ၊ Counter Terrorism နှင့် ပတ်သက်သည်များ၊ Facebook ပေါ်တွင် ရေးသားပြောဆိုလျက်ရှိသည့် သတင်းမှားများ၊ အမုန်းစကားများ (Hate Speech)နှင့် ပတ်သက်၍ ပညာပေးဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ JICA Myanmar Office မှ Chief Representative ဖြစ်သူ Mr. Masayuki KAWASAWA နှင့် တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းနှင့်ပတ်သက်၍ တိုးတက်မှုများနှင့် MRTV မှ ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစဉ် လာရောက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အကြို မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၃**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကဗျာရွတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာ့ဗိမာန်စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးရဲနောင်ချစ်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမ ဒေါ်ခင်လပြည့်ဝန်းက မြန်မာတိုင်းရင်းသားများ စည်းလုံးညီညွတ်စွာဖြင့် အသက်သွေးချွေးများ စတေးပြီး လွတ်လပ်ရေးကို အရယူခဲ့ကြသည့် အကြောင်းကို ဟောပြောဆွေးနွေးကာ ကလေးငယ်လေးများက ဂုဏ်ပြုကဗျာများကို ရွတ်ဆိုယှဉ်ပြိုင်ကြသည်။

ယင်းနောက် ကဗျာရွတ်ပြိုင်ပွဲတွင် ဆုရရှိကြသည့် ရင်သွေးငယ်လေးများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ပုဇွန်တောင်မြို့နယ် အလက(၁)မှ ရင်သွေးငယ်လေးများက လာရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆရာမများနှင့် မိဘပြည်သူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်(ရွှေဈေး) ၉၁၃၅၀၀ - ၉၁၃၅၀၀၊ မန္တလေး(ရွှေဈေး) ၉၁၃၅၀၀ - ၉၁၃၅၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၂၀/၈၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၅/၇၉၀ ကျပ်၊ | ၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၀/၈၀၅ ကျပ်၊ | ၈၄၀/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၅/၇၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/၇၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၃. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၆. ၁၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၈၄၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၄. ၆၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၉၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၂. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၈၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၂. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၉. ၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

☆ နိုင်ငံတော်သမ္မတမှ

(Kamakura) ဗုဒ္ဓဆင်းတုတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး စုပေါင်း၍မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဗုဒ္ဓဆင်းတုတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ Keio University မှ ပါမောက္ခ ဆရာတော် Sato Takao ထံ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ပါမောက္ခ ဆရာတော်နှင့် City Office မှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုသည့် တိုကျိုမြို့ရှိ The Imperial ဟိုတယ်၌ Tokyo University of Foreign Studies မှ မြန်မာစာပေနှင့် ယဉ်ကျေးမှုဘာသာရပ်ဌာန ပါမောက္ခ Ms.Keiko Tosa အား လက်ခံတွေ့ဆုံသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်စောမင်း၊ သံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လမ်းညွှန်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့အား ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နာရီတာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**




# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ကျေးရွာအချို့မှ ပြည်သူများ၏ မေတ္တာရပ်ခံ တောင်းဆိုချက်နှင့် ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်

**(၁၂-၁၂-၂၀၁၇)**
**နေပြည်တော်**

၁။ ကမ္ဘာ့အဆင့်ဖြင့် အမြင့်ဆုံးကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှု ရရှိရန်၊ နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံများအကျိုးစီးပွားဖြစ်ထွန်းမှုတို့ ရရှိရန်အတွက် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား UNESCO ၏ ကမ္ဘာ့အမွေအနှစ်စာရင်း (World Heritage) တင်သွင်းရေးကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် UNESCO အပါအဝင် ပြည်ပနိုင်ငံအစိုးရနှင့်အဖွဲ့အစည်းများ၊ ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ရာတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ကျေးရွာအချို့မှ ပြည်သူများအနေဖြင့် ၎င်းတို့ကျေးရွာများသည် အမွေအနှစ်ဇုန် (Property Zone) အတွင်း ရောက်ရှိနေ၍ စားဝတ်နေရေး၊ စီးပွားရေးလုပ်ငန်းဆောင်တာများဆောင်ရွက်ရန် ကန့်သတ်ခံရမည်ကိုစိုးရိမ်၍ အမွေအနှစ်ဇုန်မှ ကြားခံဇုန်သို့ ပြောင်းလဲထည့်သွင်းပေးပါရန်၊ ဤသို့ ပြောင်းလဲထည့်သွင်းရန် တင်ပြချက်သည် ကမ္ဘာ့အမွေအနှစ်တင်သွင်းရေးအတွက် အဟန့်အတား ဖြစ်ပါက အချက်(၃)ချက် ပြင်ဆင်ပေးပါရန် အသနားခံတင်ပြစာကို လက်မှတ်ရေးထိုးတင်ပြလာပါသည်။ ဤသို့ တင်ပြလာမှုနှင့် ပတ်သက်၍ ဌာနအနေဖြင့် ဒေသခံပြည်သူများ၏ဆန္ဒကို အထူးအလေးထား၍ ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းထုတ်ပြန်ပါသည်-

(က) ဖော်ပြပါကျေးရွာများနှင့် ၎င်းရွာများပတ်လည်ရှိ ထိုရှေးဟောင်း အမွေအနှစ် စေတီ၊ ပုထိုး ၊ ဂူဘုရားများသည် အထူးတန်ဖိုးထား၍ အရေးကြီးထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည့်နေရာ ဖြစ်သဖြင့် အမွေအနှစ်ဇုန်အဖြစ် ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ ကြားခံဇုန်အတွင်းသို့ ပြောင်းလဲထည့်သွင်းပါက ကမ္ဘာ့အမွေအနှစ်စင်တာက မြန်မာနိုင်ငံသည် အမှန်တကယ် အထူးတန်ဖိုးထား ကာကွယ်ထိန်းသိမ်းရမည်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းမရှိဟု သတ်မှတ်မည်ဖြစ်ပြီး ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ရန် အဟန့်အတား ဖြစ်မည်ဖြစ်ပါသည်။

(ခ) ဤအမွေအနှစ်ဇုန်အတွင်းတွင် သက်မဲ့ရှေးဟောင်းအဆောက်အအုံများသာမက သက်ရှိလူသားများလည်း ရှေးနှစ်ပေါင်းရာ၊ ထောင်ချီကာလကတည်းက နေထိုင်ခဲ့ပြီး ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်လျက် ရှိနေခြင်းကြောင့် အမွေအနှစ်ဇုန်အတွင်း တည်ရှိနေသောကျေးရွာများကိုလည်း ကြားခံဇုန်ကဲ့သို့ပင် စား၊ ဝတ်၊ နေရေး ၊ အိုးအိမ်တည်ဆောက်တိုးချဲ့ရေး ၊ စီးပွားရေးလုပ်ငန်း ဆောင်တာများလုပ်ကိုင်နိုင်ရေး၊ အထူးသဖြင့် ဒေသခံများ အထူးလိုလားတောင့်တသော တိုးတက်လာမည့် ခရီးသွားလုပ်ငန်းအသီး၊ အပွင့်များ ခံစားနိုင်ရန်၊ စားသောက်ဆိုင်အပါအဝင် ခရီးသွားများတည်းခိုနေထိုင်နိုင်မည့် လုပ်ငန်းများကို ဥပဒေ၊ စည်းကမ်းများနှင့် စနစ်တကျ ဆောင်ရွက်ရေးတို့အတွက် ရည်ရွယ်၍ ရေးဆွဲလျက်ရှိသော **ပုဂံရှေးဟောင်းအမွေအနှစ်ဒေသနှင့်ရှေးဟောင်းအဆောက်အအုံများဥပဒေမူဘောင် (Building By Law) အပိုဒ်(၄) ကျေးရွာနယ်မြေများအတွက်အဆောက်အအုံဆိုင်ရာဒေသတွင်း ဥပဒေစည်းမျဉ်းများတွင်** ဒေသခံများလိုလားသော ပထမအချက်ကို အောက်ပါအတိုင်း ထည့်သွင်းထားပြီး ဖြစ်ပါသည်-

၄. ၃။ က၊ လူနေထိုင်ရန်၊ လယ်ယာလုပ်ငန်းနှင့် လက်မှုပစ္စည်းထုတ်လုပ်ခြင်းကဲ့သို့သော ရိုးရာဓလေ့လုပ်ငန်းများ၊ ခွင့်ပြုချက်ဖြင့် ရုံးများ၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် ခရီးသွားဧည့်သည် တည်းခိုရန်စသည့် အသုံးပြုမှုများအတွက် ဆောက်လုပ်နိုင်သည်။

၃။ ကျေးရွာနေဒေသခံများ တောင်းဆိုသော ဒုတိယအချက်ဖြစ်သည့် အဆောက်အုံအရွယ်အစားများကိုလည်း ပုဂံနှင့် ညောင်ဦးမြို့ပြများ၏ သတ်မှတ်ချက်များနှင့် တူညီစွာပင် အောက်ပါအတိုင်း ပြင်ဆင်ရေးဆွဲသတ်မှတ်ပေးသွားမည် ဖြစ်ပါသည် -

၄. ၃(ဏ) စားသောက်ဆိုင်များနှင့် ခရီးသွားများ တည်းခိုနေထိုင်ရန် တည်ဆောက်မည့် အဆောက်အအုံတစ်ခု၏ ဧရိယာသည် စတုရန်းပေ ၂၄၀၀ ထက်မပိုရ။ ကျေးရွာပုံစံ တစ်ထပ်သာဖြစ်ရမည်ဖြစ်ပြီး အမြင့် ၁၆ ပေထက် မကျော်လွန်ရ။

၄. ၃(တ) နေအိမ်များအတွက် အမြင့်ပေ ၃၀ ထက် မကျော်လွန်ရ။

၄။ တတိယအချက်ဖြစ်သည့် **စီးပွားရေးဆိုင်ရာ ဆက်သွယ်ရေးတာဝါများ တည်ဆောက်ခွင့်မပြု**ဟူသောအချက်အစား ဒေသခံများ အကြံပြုတင်ပြသောအချက်ကိုအနည်းငယ်ဖြည့်စွက်၍ မြို့ပြအတွက်ရော၊ ကျေးရွာများအတွက်ပါ ညှိနှိုင်းပြင်ဆင်ရေးဆွဲပေးသွားမည် ဖြစ်ပါသည် -

၄. ၃(ဂ) ပုဂ္ဂလိကဆက်သွယ်ရေး (သို့မဟုတ်) ရုပ်သံမီဒီယာ
နှင့် ကိရိယာများဂြိုဟ်တု၊ စလောင်းများနှင့် အလားတူ ပစ္စည်း
၅. ၅(မ) များတပ်ဆင်ခြင်းဆောင်ရွက်ရာတွင် မြင်သာထင်ရှားမှုမရှိအောင် ဆောင်ရွက်ရမည်။ စီးပွားရေးဆိုင်ရာ ဆက်သွယ်ရေးတာဝါများကို တည်ဆောက်လိုပါက ရှေးဟောင်းအမွေအနှစ် မြင်ကွင်းအားထိခိုက်မှုမဖြစ်စေသော ဆက်သွယ်ရေးစနစ် တည်ဆောက်သုံးစွဲနိုင်ရန် ယဉ်ကျေးမှု အမွေအနှစ်များကို ထိခိုက်နိုင်မှုဆန်းစစ်ခြင်း (Heritage Impact Assessment ) စိစစ်ချက်နှင့် အညီခွင့်ပြုနိုင်သည်။

၅။ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးသည် နိုင်ငံတော်အစိုးရက ပေးအပ်ထားသော လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပြီး အမျိုးဂုဏ် ဇာတိဂုဏ်အတွက်လည်းကောင်း၊ မိမိတို့ လူမျိုး၏ မြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတကာကကမ္ဘာ့အဆင့်မီသည်ဟု လက်ခံခြင်းဖြင့် တိုင်းပြည်နှင့်လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ရန်အတွက် လည်းကောင်း၊ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရပါက ကမ္ဘာ့အဆင့်အမြင့်ဆုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုကိုရရှိရန်အတွက် လည်းကောင်း ဆက်စပ်ဝန်ကြီးဌာနများ ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ဒေသခံပြည်သူများ၏ သဘောဆန္ဒကိုလည်း မူဘောင်နှင့် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့်လည်း မိမိနိုင်ငံ၏ ထူးခြားထင်ရှားသော ပုဂံဒေသကြီးကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်သတ်မှတ်ခံရရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ကြေညာချက်ထုတ်ပြန်အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

❖ ရွှေဖုံးမှ

အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့် အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲ စုစုပေါင်း ၆၆၈၅ တွဲကို ခင်းကျင်းပြသထားပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ပြပွဲကို ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စားသုံးသူများသို့ အသိပေးကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံတစ်ဝန်း၌ Online အသုံးပြုသူများ တိုးတက်များပြားလာသည်နှင့်အညီ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံအား Facebook၊ Web Page များမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ကြော်ငြာပြီး Online Shopping ပုံသဏ္ဌာန် ရောင်းချမှုများ တွင်ကျယ်လာသည်ကို တွေ့ရှိရသည်။

ထိုသို့ Facebook၊ Web Page များမှတစ်ဆင့် ကြော်ငြာရောင်းချနေသည့် ကုန်စည်အများစုသည် သက်ဆိုင်ရာဌာန၏ ခွင့်ပြုထောက်ခံချက်၊ တရားဝင်တင်သွင်းထားသည့် အထောက်အထားများအပါအဝင် ကုန်စည်နှင့်ပတ်သက်သည့် သတင်းအချက်အလက် အပြည့်အစုံဖော်ပြမှုမရှိဘဲ ကြော်ငြာရောင်းချနေခြင်း၊ ရောင်းချသူ၏လိပ်စာ ပြည့်စုံစွာဖော်ပြထားမှုမရှိခြင်းတို့ကြောင့် ဝယ်ယူအသုံးပြုသည့် စားသုံးသူများအနေဖြင့် ကုန်စည်နှင့်ပတ်သက်၍ ကတိကဝတ်ဖောက်ဖျက်မှုများ၊ မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်လာပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် အခက်အခဲကြုံတွေ့နိုင်သည်ကို တွေ့ရှိရသည်။

သို့ဖြစ်၍ စားသုံးသူပြည်သူများအနေဖြင့် Facebook၊ Web Page များမှတစ်ဆင့် ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် မိမိဝယ်ယူအသုံးပြုမည့် ကုန်စည်နှင့်ပတ်သက်၍ သတင်းအချက်အလက်များ၊ ကတိကဝတ်များကို သေချာစွာ ကြိုတင်လေ့လာစုံစမ်းခြင်း၊ ကုန်ပစ္စည်းလက်ခံရာတွင် တစ်ပါတည်းတောင်းခံခြင်းတို့ဖြင့် နစ်နာမှုမရှိစေရေး စိစစ်ဝယ်ယူကြပါရန် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ အသိပေးကြေညာထားသည်။

**ကြေးမုံ**

# တောင်ကိုရီးယား သမ္မတ မွန်းဂျေအန် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်

**ဆိုးလ် ဒီဇင်ဘာ ၁၃**
တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်သည် တရုတ်နိုင်ငံသို့ လေးရက်ကြာ အလည်အပတ်ခရီးကို ယနေ့ စတင်သွားရောက်ခဲ့ပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။

သမ္မတမွန်းက တရုတ်နိုင်ငံ ပေကျင်းနှင့်ချုံကင်း မြို့များသို့ သွားရောက်မည်ဖြစ်သည်။

သမ္မတအနေဖြင့် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မှုသည် သမ္မတတာဝန်များ စတင်ထမ်းရွက်သည့်အချိန် မေလမှစပြီး ပထမဆုံး အကြိမ်ခရီးဖြစ်သည်။

ဒီဇင်ဘာ ၁၄ ရက်တွင် တရုတ်နိုင်ငံပေကျင်းမြို့၌ သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံမည်ဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးက တောင်ကိုရီးယားနိုင်ငံအတွင်း အမေရိကန် ဒုံးခွင်းဒုံးများဖြန့်ကြက်ထားမှု အပါအဝင် မြောက်ကိုရီးယား နျူကလီးယားအရေးနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖွယ်ရှိကြောင်း မျှော်လင့်ရသည်။

ထို့ပြင် သမ္မတနှစ်ဦးက မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး အမေရိကန်၏ ကာကွယ်ရေး ဆိုင်ရာတုံ့ပြန်မှုကို ဆန့်ကျင်ကြပြီး ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ရလဒ်ကောင်းထွက်ပေါ်နိုင်သည့် နည်းလမ်းများကို ဆွေးနွေးတိုင်ပင်ဖွယ်ရှိသည်။

နှစ်နိုင်ငံဆက်ဆံရေးတိုးတက်စေမည့် နည်းလမ်းများနှင့်ပတ်သက်ပြီးလည်း ဆွေးနွေးဖွယ်ရှိသည်။ တောင်ကိုရီးယားနိုင်ငံအတွင်း အမေရိကန်၏ ဒုံးခွင်းဒုံးများဖြန့်ကြက်ထားရှိခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး အေးစက်ခဲ့ရသည်။

လက်ရှိအချိန်တွင် နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်မှုမရှိစေရန် တောင်ကိုရီးယားနိုင်ငံအတွင်း အမေရိကန်၏ ဒုံးခွင်းဒုံးများ နောက်ထပ်ဖြန့်ကြက်ခြင်း မပြုတော့ကြောင်း တောင်ကိုရီးယားသမ္မတက ကတိပြုပြောကြားမည်ဖြစ်ကြောင်း သိရသည်။



တောင်ကိုရီးယားနိုင်ငံအတွင်း ဖြန့်ကြက်ထားသည့် အမေရိကန် ဒုံးခွင်းဒုံးများသည် မြောက်ကိုရီးယား ဒုံးကျည်များ ပစ်လွှတ်မှုကို ကာကွယ်ရန်အတွက် ရည်ရွယ်ထားရှိခြင်းဖြစ်သည်ဟု တောင်ကိုရီးယားဘက်က ယခင်က ပြောကြားခဲ့သည်။ သို့သော် ပေကျင်းအနေဖြင့် ယင်း၏ ကာကွယ်ရေး လှုပ်ရှားမှုများကို အဆိုပါဒုံးခွင်း ဒုံးစနစ်သည် ထောက်လှမ်းနိုင်သည့်အတွက် စိုးရိမ်ပူပန်လျက်ရှိသည်။

တရုတ်သမ္မတရှီနှင့် တွေ့ဆုံရာတွင် ဒုံးခွင်းဒုံးကိစ္စနှင့်ပတ်သက်ပြီး အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း သမ္မတမွန်းက တရုတ်နိုင်ငံပိုင် သတင်းဌာန စီစီတီဗွီသို့ ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပိုလန် ခေတ်မီတိုးတက်ရေးသည် အစိုးရ၏ အဓိက ရည်မှန်းချက်ဖြစ်သည်ဟု ဝန်ကြီးချုပ်သစ်ပြော

**ဝါဆော ဒီဇင်ဘာ ၁၃**
ပိုလန်နိုင်ငံ ခေတ်မီတိုးတက်ရေးသည် မိမိ၏အစိုးရအဖွဲ့က ကျင့်သုံးမည့် မူဝါဒ၏အဓိကရည်မှန်းချက်များအနက် ရည်မှန်းချက်တစ်ရပ်အဖြစ် ပါဝင်ကြောင်းဝန်ကြီးချုပ်သစ် မာကျူယက် မိုရာဝေကရီက ပြောကြားလိုက်သည်။

မိုရာဝေကရီသည် ဒီဇင်ဘာ ၁၂ ရက်က ပိုလန်ပါလီမန်ရှိ အောက်လွှတ်တော်၌ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် မိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ယခင်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းရွက်ခဲ့သူ ဘီတာဆီလို၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို မိမိက အလေးထားကြောင်း၊ ၎င်းအစပျိုးပေးခဲ့သော အပြုသဘောဆောင်သည့် အပြောင်းအလဲများကို မိမိက ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မိုရာဝေကရီက ပြောကြားသည်။

ပိုလန်နိုင်ငံခေတ်မီတိုးတက်ရေး အရေးကြီးပုံနှင့် ပတ်သက်၍ ဝန်ကြီးချုပ်မိုရာဝေကရီက ရှင်းလင်း ပြောဆိုသည်။ ကမ္ဘာ့ နည်းပညာ တော်လှန်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားနိုင်ရန်၊ နိုင်ငံခေတ်မီတိုးတက်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။



ပြည်သူတို့၏ စီးပွားရေးဘဝ ပြုပြင်ပြောင်းလဲမှုအဖြစ် ဈေးငွေအပေါ် မှီခိုအားထားနေရမှုမှသည် ချွေတာစုဆောင်းငွေများ တိုးပွားစေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြင့်မားစေခြင်းတို့သို့ ဦးတည်ပြောင်းလဲရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း အနည်းဆုံး လုပ်ခ သတ်မှတ်ချက်ကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**

## ရုရှားအပေါ် စီးပွားရေးပိတ်ဆို့ထားမှု ဥရောပသမဂ္ဂ သက်တမ်းတိုးမည်

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၁၃**
ရုရှားနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို နောက်ထပ်ခြောက်လသက်တမ်းတိုးရန် ဥရောပ သမဂ္ဂ(အီးယူ)ခေါင်းဆောင်များက သဘောတူဆုံးဖြတ်ရန်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ၏ ခရိုင်းမီးယားဒေသအား ယင်း၏ ပိုင်နက်နယ်မြေအတွင်းသို့ ထည့်သွင်းခဲ့ခြင်းအတွက်လည်းကောင်း၊ ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ သူပုန်များအား ရုရှားအစိုးရအဖွဲ့က ထောက်ခံခြင်းအတွက်လည်းကောင်း အီးယူက ယင်းနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ထားသည်။

ရုရှားနိုင်ငံ၏ စွမ်းအင်၊ ကာကွယ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍများအား ပစ်မှတ်ထားသော အဓိက ပိတ်ဆို့မှုများမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကုန်၌ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ အီးယူ ခေါင်းဆောင်များသည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဒီဇင်ဘာ ၁၄ ရက်တွင် တွေ့ဆုံကြသည့်အခါ ရုရှားအပေါ်ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုအမိန့်ကို ၂၀၁၈ ခုနှစ် နှစ်လယ်ကာလအထိ သက်တမ်းတိုးရေးအတွက် သဘောတူဆုံးဖြတ်ကြမည်ဖြစ်ကြောင်း ဘရပ်ဆဲလ်ရှိ သံတမန်များက ပြောကြားကြသည်။

ခရိုင်းမီးယားဒေသကို ယူကရိန်းနိုင်ငံသို့ ပြန်လည်ပေးအပ်မည်မဟုတ်ဟု ရုရှားအစိုးရအဖွဲ့က ပြောကြားသည်။ ရုရှားနိုင်ငံသည် ၂၀၁၄ခုနှစ်တွင် ခရိုင်းမီးယားဒေသကို ယင်း၏ပိုင်နက် နယ်မြေအတွင်းသို့ သွတ်သွင်းခဲ့ရာတွင် ယင်းလုပ်ရပ်ကို နိုင်ငံတကာက အသိအမှတ်ပြုခြင်း မရှိပေ။

ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ခွဲထွက်ရေးဝါဒီများအား ကျားကန်ပေးနေသည်ဟု အနောက်နိုင်ငံများက ဆိုသည်။ ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ၂၀၁၄ ခုနှစ်မှစ၍ ပဋိပက္ခအတွင်း သေဆုံးခဲ့ရသူလူပေါင်း ၁၀၀၀၀ ကျော်ရှိခဲ့သည်။

**ရိုက်တာ**

# ဂါဇာဒေသရှိ ဟားမားစ် စစ်စခန်းများကို အစ္စရေး စစ်လေယာဉ်များ တိုက်ခိုက်

**ဂါဇာ ဒီဇင်ဘာ ၁၃**
ဂါဇာကမ်းမြောင် တောင်ဘက်ပိုင်းရှိ ခန်းယူနစ်မြို့နှင့် ဂါဇာမြို့ တောင်ပိုင်းတို့ရှိ ဟားမားစ်အဖွဲ့၏ စစ်စခန်းနှစ်ခုကို အစ္စရေးလေတပ်မှ စစ်လေယာဉ်များက ဒီဇင်ဘာ ၁၃ ရက် နံနက် အစောပိုင်းတွင် တိုက်ခိုက်ခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်နှင့် ဂါဇာရှိ ဆေးဘက်အကူဆိုင်ရာဌာနတို့က ပြောကြားကြသည်။

အစ္စရေးစစ်လေယာဉ်များ၏ စီးနင်းတိုက်ခိုက်မှုကြောင့် ဟားမားစ်အဖွဲ့၏ စခန်းနှစ်ခု ပျက်စီးသွားသော်လည်း ထိခိုက်ဒဏ်ရာရမှုများ မရရှိကြောင်း အဆိုပါသတင်းရင်းမြစ်များက ပြောကြားကြသည်။

ဒီဇင်ဘာ ၁၂ ရက် ညပိုင်းက ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနိုင်ငံတောင်ဘက်ဒေသသို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ အစ္စရေးစစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျေရုဆလင်မြို့အား အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုသည့် ကြေညာချက် ထုတ်ပြန်ပြီးချိန် နောက်ပိုင်း ဂါဇာနှင့် အနောက်ဘက်ကမ်းဒေသများ၌ အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား တင်းမာမှုမြင့်တက်လာနေသည်။

အမေရိကန် သမ္မတ ထရန့်က ဂျေရုဆလင်အား အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုသည့် ကြေညာချက် ထွက်ပေါ်လာပြီးနောက် ပါလက်စတိုင်း နယ်မြေများတွင် အစ္စရေးဆန့်ကျင်မှု ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူခြောက်ဦး သေဆုံးပြီး ၁၅၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ**

# စာပေညီလာခံ(၂၀၁၇) (ပထမနေ့) ရန်ကုန်မြို့၌ စည်ကားစွာကျင်းပ၊ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

"လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ" ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် စာပေညီလာခံ(၂၀၁၇) (ပထမနေ့)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမ၌ ကျင်းပသည်။

ယနေ့ညီလာခံတွင် အဖွဲ့လိုက်စာပေဆွေးနွေးပွဲများကို နေရာခြောက်ခုခွဲ၍ကျင်းပရာ နံနက်ပိုင်းတွင် မြန်မာစာရေးဆရာကလပ်က "အနာဂတ်အတွက် ကလေးစာပေ"ခေါင်းစဉ်ကို စာရေးဆရာသူရဇော်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ တက္ကသိုလ်ဆန်းတင့်နိုင်၊ မေဇွန်အေး၊ မောင်ခေတ်ထွန်း၊ စိုးနန့်သာ (ပုလော)တို့ကလည်းကောင်း၊ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက "ဂန္ထဝင်မှသည် အသစ်သို့" ခေါင်းစဉ်ကို စာရေးဆရာ ကိုလေး (အင်းဝဂုဏ်ရည်)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာမောင်နွေထက်၊ မောင်မှိုင်းလွင် (အင်းဝ)၊ ကိုထက်(ရေဦး)တို့ကလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂက "ယနေ့ဆိုရှယ်မီဒီယာ အခြေအနေ" ခေါင်းစဉ်ကို စာရေးဆရာသားကြီးမောင်ဇေယျက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မြင့်ကျော်၊ နေရီရီ၊ နိုင်မောင်တို့က လည်းကောင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက "ပြည်တွင်းနှင့် နိုင်ငံတကာ စာအုပ်ထုတ်ဝေဖြန့်ချိရေး အခြေအနေ" ခေါင်းစဉ်ကို စာရေးဆရာ ဒေါက်တာသာထွန်းဦးက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ သန့်သော်ကောင်း၊ မျိုးအောင်(ရုက္ခဗေဒ)၊ ဒေါ်ဝေသီအိ၊ ကိုမြင့်ထွန်း(ကွာလတီ) တို့က လည်းကောင်း၊ Pen Myanmar က "စာသင်ခန်းများဆီသို့ ရသစာပေကို မည်သို့တင်သွင်းမည်နည်း" ခေါင်းစဉ်ကို စာရေးဆရာညီပုလေးက ဦးဆောင်ဆွေးနွေးပြီး ရာသက်ပန်(တောင်ငူဆောင်)၊ချောအိမာန် (မန္တလေး)၊ မိချမ်းဝေ၊ ငွေကြယ်စင်၊ ဝန်းရံခတို့ကလည်းကောင်း၊ မြန်မာနိုင်ငံစာပေ ပြန့်ပွားရေးအသင်းက "အနုပညာစာပေမှာ ပေါင်းလှာဝပ်ဆင်းယဉ်ကျေးခြင်း" ခေါင်းစဉ်ကို စာရေးဆရာ ဦးစန်းဝင်း(ရွှေဟောင်းသုတေသန)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဦးအေးချို(မဟာဝိဇ္ဇာ)၊ သူရဇော်၊ ခင်သူသူဝင်းတို့ကလည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် သီးခြားအစုအဖွဲ့က "တိုင်းရင်းသားစာပေ-၁" ခေါင်းစဉ်ကို စာရေးဆရာ အောင်စိုးဦးက ဦးဆောင်ဆွေးနွေးပြီး Nanghpang၊ စိုင်းကျဲန်ဟန် ၊ မန်းလင်းမြတ်ကျော်တို့ကလည်းကောင်း၊ သီးခြားအစုအဖွဲ့က "ထုတ်ဝေဖြန့်ချိရောင်းချရေးပုံစံသစ်ပေါ်ထွက်ရေး အခွန်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဖြန့်ချိရေးစနစ်သစ်" ခေါင်းစဉ်ကို စာရေးဆရာ မြေမှုန်လွင်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မြင့်ထွန်း(ကွာလတီ)၊ ဦးထင်လင်းကျော် (မြို့နယ်အခွန်ဦးစီးမှူး)၊ ဖြူမာမြင့် (City Mart Holding Co.,ltd) တို့ကလည်းကောင်း၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂက "လူငယ်အမျိုးသမီး ကဗျာဆရာမများ၏ ကဗျာနယ်ပယ်အပေါ်သဘောထားအမြင်" ခေါင်းစဉ်ကို ဆရာမ ပန်ဒိုရာက ဦးဆောင်ဆွေးနွေးပြီး ဆရာမ ရွှေပိုးအိမ်(ပဲခူး)၊ နေအေဒီ၊ နှင်းသစ်၊ မြူပါးရီတို့ကလည်းကောင်း၊ သီးခြားအစုအဖွဲ့က "တိုင်းရင်းသားစာပေ-၂ ခေါင်းစဉ်" ကို စာရေးဆရာ ခိုင်မြကျော်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ နိုင်မောင်တိုး၊ ဦးဦးလှစော(မောင်ခိုင်အောင်)၊ ဒေါ်နုမြဇံတို့ကလည်းကောင်း၊ မြန်မာစာရေးဆရာကလပ်က "ရသစာပေတိုးတက်ရေးနှင့် စာအုပ်ဈေးကွက်မြှင့်တင်ရေး" ခေါင်းစဉ်ကို စာရေးဆရာသရဝဏ်(ပြည်)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာဆောင်းဝင်းလတ်၊ ထင်လင်းဦး၊ သဲအောင်တို့ကလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂက "လက်ရှိမြန်မာနိုင်ငံရေးစာပေအခင်းအကျင်း" ခေါင်းစဉ်ကို စာရေးဆရာ ထက်မြက်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ထွန်းဇော်ငွေး၊ ဒေါက်တာရန်မျိုးသိမ်း၊ သိန်းသန်းဦး၊ နောင်ကျော်တို့ကလည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် သီးခြားအစုအဖွဲ့က "စာပေဟောပြောပွဲ ဘာလဲ၊ ဘယ်လဲ" ခေါင်းစဉ်ကို စာရေးဆရာမ ရွှေကူမေနှင်းက ဦးဆောင်ဆွေးနွေးပြီး စိုးစံသစ်၊ အေးမွန်ကျော်(ဖားကန့်)၊ တင်မိခိုင်၊ ကျော်ဇင်ကိုကိုတို့ကလည်းကောင်း၊ မြန်မာစာရေးဆရာကလပ်က "အမျိုးသားစာပေဆုရွေးချယ်ရေးဆိုင်ရာ သုံးသပ်ချက်" ခေါင်းစဉ်ကို စာရေးဆရာမင်းချမ်းမွန်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ အောင်ဇင်မင်း၊မောင်ခိုင်လတ်၊ မောင်ရင့်မာ (ကျောင်းကုန်း)၊ ရဲခေါင်မဲမောင်တို့ကလည်းကောင်း၊ မြန်မာဘာသာပြန်ကွန်ရက်က "ဘာသာပြန်စံနှုန်းသတ်မှတ်ရေး" ခေါင်းစဉ်ကို စာရေးဆရာဟိန်းလတ်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ရဲမြလွင်၊ တော်ကောင်းမင်းတို့ကလည်းကောင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်းက "မြန်မာကျောင်းသင်ခန်းစာနှင့် စာရိတ္တမြှင့်တင်ရေး" ခေါင်းစဉ်ကို စာရေးဆရာ ဦးအေးချို(မဟာဝိဇ္ဇာ)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဦးငွေတိုး၊ ဝါဝါထင်လင်း၊ မောင်ဖုန်းပြည့်(တက္ကသိုလ်)၊ ခင်မောင်ငွေး(ပညာရေး)တို့ကလည်းကောင်း၊ မြန်မာကာတွန်းဆရာများအသင်းက "ကာတွန်းဆရာမျိုးဆက်ရှင်သန်ဖွံ့ဖြိုးရေး" ခေါင်းစဉ်ကို ကာတွန်းဝင်းအောင်က ဦးဆောင်ဆွေးနွေးပြီး ကာတွန်းငွေကြည်၊ ကာတွန်းစိုးသော်တာ၊ ကာတွန်းမောင်မောင်ဖောင်တိန်၊ ကာတွန်း ATH တို့ကလည်းကောင်း၊ Pen Myanmar က "မျက်မှောက်ခေတ် မဂ္ဂဇင်းများအပေါ်သုံးသပ်ချက်" ခေါင်းစဉ်ကို ဆရာမျိုးမြင့်ညိမ်းက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာဝင်းငြိမ်း၊ ပြည်သွေးနိုင်၊ တင်တင်ဦးတို့ကလည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားသည်။

အကြောင်းအရာတစ်ခုအပေါ် တစ်ဦးချင်းစီ၏ မတူညီသောရှုထောင့်၊ အသိအမြင်၊ အတွေး၊ ဆင်ခြင်သုံးသပ်ခြင်းများဖြင့် ဆွေးနွေးရာမှ ပိုမိုပြည့်စုံသော အကြောင်းအရာ၊ စိတ်ကူးစိတ်သန်း ရလဒ်ကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ ဆွေးနွေးမှုစကားဝိုင်းများကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

စာပေညီလာခံကို ယနေ့မှစ၍ ဒီဇင်ဘာ ၁၆ ရက်အထိ လေးရက်ကြာ ကျင်းပလျက်ရှိပြီး ဒုတိယနေ့နှင့် တတိယနေ့တို့တွင် စာပေအနုပညာရှင် အဖွဲ့အစည်းအသီးသီးက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ စတုတ္ထနေ့တွင်ဆွေးနွေးမှုရလဒ်များကို ညီလာခံသို့တင်သွင်းပြီး အတည်ပြုချက်ရယူကာ ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်သွင်းသွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညီလာခံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာပေပညာရှင်များနှင့် စာရေးဆရာ ဆရာမ ၂၀၀ ကျော်တို့က သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာ စာရေးဆရာ၊ ဆရာမများ၊ စာပေအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာပေညီလာခံ (၂၀၁၇)ကို မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အထက်ဗမာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ၊ Pen Myanmar၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ၊မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံစာရေးဆရာကလပ်၊ မြန်မာနိုင်ငံကာတွန်းဆရာအသင်း၊ မြန်မာဘာသာပြန်ကွန်ရက်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

**သတင်း-ဇော်ကြီး၊ နန္ဒာဝင်း၊ ဓာတ်ပုံ-လှမိုး**



**စာပေညီလာခံ(၂၀၁၇)တွင် မြန်မာစာရေးဆရာကလပ်က "အနာဂတ်အတွက် ကလေးစာပေ" ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။** သတင်းစဉ်



**စာပေညီလာခံ(၂၀၁၇)တွင် မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂက "ယနေ့ဆိုရှယ်မီဒီယာအခြေအနေ" ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။** သတင်းစဉ်



**စာပေညီလာခံ(၂၀၁၇)တွင် PEN MYANMAR က "စာသင်ခန်းများဆီသို့ ရသစာပေကို မည်သို့တင်သွင်းမည်နည်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။** သတင်းစဉ်



**စာပေညီလာခံ(၂၀၁၇)တွင် သီးခြားအစုအဖွဲ့က "ထုတ်ဝေဖြန့်ချိရောင်းချရေးပုံစံသစ်ပေါ်ထွက်ရေး အခွန်၊ ပို့ဆောင်ဆက်သွယ်ဖြန့်ချိရေးစနစ်သစ်" ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။** သတင်းစဉ်

# သဇင်ပွင့်ပေါ် လနတ်တော် ရိုးရာဓလေ့နှင့် နှစ်သက်ဖွယ်ရာ

## ဒေါက်တာ မောင်ဖြေ

နတ်တော်လသည် နတ်ကို အကြောင်းပြု၍ ပေါ်ပေါက်လာသည်ဆို၏။ နတ်တော်လကို ပုဂံခေတ်ထိုးကျောက်စာတို့တွင် နတ္တာဝ်၊ နတ်တာဝ်၊ နတ္တဝ်၊ နတ်တင်ဟု အမျိုးမျိုးရေးထိုးခဲ့ကြ၏။ အဓိပ္ပာယ်မှာ နတ်များကို ပူဇော်ပသသောလ ဟု ဆိုခြင်းဖြစ်၏။ နတ်များကို ပူဇော်ပသလေ့ရှိသည်ကို အစွဲပြုပြီး မြန်မာမှုတွင် "နတ်တော်လ"ဟု အနတ္တသညာ ခေါ်ဝေါ် သမုတ်ခဲ့ကြခြင်းဖြစ်၏။ နတ်တော်တွင် နတ်ဟူသောဝေါဟာရသည် ပါဠိဘာသာ နာထပုဒ်မှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရဖြစ်သည်။ (နာတ=နာထ်=နာထ်=နတ်) အဓိပ္ပာယ်မှာ ကိုးကွယ်ရာဟု ဆိုလို၏။ တော်ဟူသော ပေါရာဏစကားမှာ "အိုးကြီးဒေါမား၊ တော်ကား အရှင်" ဟူသော ပေါရာဏအလင်္ကာအရ အရှင်၊ သခင်၊ ကြီးကဲသူ၊ မြင့်မြတ်သူဟု အဓိပ္ပာယ်ရ၏။ မြန်မာစာပေတွင် ရတနာသုံးပါးနှင့်သော်လည်းကောင်း၊ မင်း၊ မိဖုရားနှင့်သော်လည်းကောင်း စပ်လျဉ်းရာ၌ "တော်"ကို သုံးလေ့သုံးထ ရှိ၏။ ထို့ကြောင့် နတ်တော်လဟူသည် အရှင်နတ်မင်း နတ်တော်ဝင်သူများကို ပူဇော်ပသသောလဟုဆိုလို၏။

ဝေါဟာရလိနတ္ထဒီပနီဆရာကြီးက နတ်တော်လနတ်ပူဇော်ပသခြင်း အကြောင်းကို နှစ်မျိုးဖွင့်ဆိုထား၏။ ပထမတွင် "ဂေါဇာနေမင်း၊ ဗြိတ္တာချင်း၍ အစချီသော တိတကာရီကျမ်းလင်္ကာတို့ကို ကိုးကား၍လည်းကောင်း၊ သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ကျွေးမြဲစီရင်၊ ရွှေကြိုးငင်လျက်"ဟူသော ဦးအောင်ကြီး၏ ဆယ့်နှစ်လရာသီ လူးတားကို ထောက်၍လည်းကောင်း၊ ကမ္ဘာဦးကာလက နတ်တော်လတွင် မဟာပိန္နဲနတ်မင်းကို ပူဇော်ပသလေ့ရှိသည်ဟု ဆိုလို၏။

ထို့ပြင် ပုဂံခေတ်သေလည်ကြောင်မင်းလက်ထက်မှစပြီး ပုဂံမင်းအဆက်ဆက်တို့သည် မဟာဂီရိနတ်မောင်နှမကို ပုပ္ပားတောင်သို့တက်ပြီး နှစ်စဉ်ပူဇော်ပသလေ့ရှိသည်ဟု နောက်တစ်မျိုးက ပြဆိုပြန်၏။ ရာဇဝင်အဆိုအရ သက္ကရာဇ် ၂၂၆ ခုနှစ်တွင် ပုဂံခေတ်သေလည်ကြောင်မင်း လက်ထက်မှစပြီး ပုဂံမင်းအဆက်ဆက်တို့သည် မဟာဂီရိနတ်မောင်နှမကို ပုပ္ပားတောင်သို့တက်ပြီး နှစ်စဉ်ပူဇော်ပသလေ့ရှိသည်ဟု ဆိုထား၏။ ပုဂံမြို့နှင့်အနီးတစ်ဝိုက်မှ လူများသည် နှစ်စဉ် နတ်တော်လတွင် ကျွဲ၊ နွား၊ ဆိတ်၊ သေရည်စသည်တို့ဖြင့် ပူဇော်ကြသည်ကို ၉၁၈ ခု၊ ဟံသာဝတီဆင်ဖြူရှင်လက်ထက်ရောက်သောအခါမှ တိရစ္ဆာန်များကို သတ်ဖြတ်ပူဇော်မှုသည် ဗုဒ္ဓဝါဒနှင့်ဆန့်ကျင်သည်ဆိုကာ တားမြစ်ခဲ့သည်။

နတ်တော်လတွင် ရှေးမြန်မာဘုရင်တို့သည် စစ်ဘက်၊ အုပ်ချုပ်ရေးဘက်တွင် ထူးချွန်သော ပညာရှင်များ၊ မင်းညီမင်းသားမှူးမတ်စသည်တို့ကို ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်လေ့ရှိ၏။ ထိုသို့ဘွဲ့နှင်းသဘင်ပွဲဆင်ယင်ကျင်းပခြင်းဖြင့် နိုင်ငံတော်တွင် စစ်သူရဲကောင်း၊ စာပေသူရဲကောင်း၊ အုပ်ချုပ်စီမံမှုထူးချွန်သူများ ထွက်ပေါ်လာအောင် ဖန်တီးပေးရာရောက်သဖြင့် တိုင်းပြည်အတွက် အကျိုးရှိသောပြုလုပ်ခြင်းဖြစ်၏။ ရှေးခေတ်က စစ်မက်အင်္ဂါပြည့်စုံစေရန် ဆင်တပ်၊ မြင်းတပ်စသည်တို့က အဓိကဖြစ်၏။ ဆင်တပ်၊ မြင်းတပ်ပြည့်စုံသောတိုင်းပြည်က စစ်ဆေးစစ်ရာတွင် အသာရရန် များ၏။ ထို့ကြောင့် နတ်တော်လတွင် ဆင်ဖမ်းပွဲကို တခမ်းတနားကျင်းပကြောင်းကို တောင်ငူခေတ် စာဆိုကျော်တစ်ဦးဖြစ်သော မင်းဗေယျရန္တမိတ်က "နတ်လသဘင်၊ ဖျင်လည်ရုံထပ်၊ ဘွဲ့တပ်မည်လေး၊ ဆုန်းရေးတိုက်ဖက်၊ စွယ်ယှက်ခေါင်ခေါင်၊ ဆင်ပြောင်ရည်ရှူနန်းရတုကို"ဟူသော စာနုကဗျာဖြင့် မှတ်တမ်းတင်ခဲ့သည်ကို လေ့လာကြရမည်ဖြစ်၏။

"ဒွါဒသမဆယ့်နှစ်လဝယ်၊ ဒေဝနတ်များ၊ ပျော်ပါးကဲဆ၊ လွန်ရွှင်ပျ၍၊ နတ်လတွင်မူ"ဟူသော မဟာဥပရာဇ်ချောင်းကို လေ့လာခြင်းဖြင့်လည်း နတ်တော်လသည် နတ်တို့ပျော်မြူးလေ့ရှိသည်ကို အကြောင်းပြုကာ "နတ်ပျော်လ"ဟူ၍ ခေါ်ဆိုရာမှ "နတ်တော်လ"ရွေ့လျားလာသည်ဟု ယူဆသူက ယူဆထားကြ၏။

### မဟာဂီရိနတ်ပူဇော်ကြခြင်း

မြန်မာလူမျိုးအများစု၏အိမ်တွင် ကြွက်မြီးပါသော အုန်းသီး၌ ရာနီ၊ ရှာဖြူတို့ကိုပတ်၍ချိတ်ဆွဲကိုးကွယ်သည့် နတ်ရှိ၏။ ထိုနတ်ကို အိမ်တွင်းနတ်ဟူ၍ခေါ်၏။ ထိုနတ်အကြောင်းမှာ ရှေးအခါက တကောင်းပြည်တွင် မောင်တင့်တယ်ခေါ်သော အင်အားကောင်းသူ တစ်ယောက်ရှိ၏။ မောင်တင့်တယ်သည် ငယ်စဉ်ကပင် ဆန်တစ်စလယ်ချက်၊ တစ်ခွက်ချက် စသည်ဖြင့်တိုး၍တိုး၍ စားသောက်လာခဲ့၏။ ဆယ့်ခြောက်နှစ်သားအရွယ်တွင် ဆန်တစ်စိတ်ချက်ထမင်းကိုပင် ကုန်အောင်စားနိုင်၏။ အင်အားကောင်းလွန်း၍ ဆင်စွယ်ကိုပင်ချိုးနိုင်သည့်အပြင် ဆင်ပြောင်ကြီးကိုပင်ချီ၍ ပစ်နိုင်၏။ လုံးပတ်ထွာဆိုင် အလျားလေးတောင်ရှိသော သံချောင်းကြီးကို ဦးခေါင်းပေါ်တင်ပြီး လက်နှစ်ဖက်ဖြင့်ဆွဲသော် လောက်လေးကိုင်းကဲ့သို့ ကွေးညွတ်လာသည်ဆို၏။

ထိုသတင်းကို တကောင်းဘုရင်ကြားလေသော် ရွှေနန်းစည်းစိမ်ကို လုယူမည်စိုး၏။ ထို့ကြောင့် မောင်တင့်တယ်ကို ဖမ်းဆီးသတ်ပစ်ရန် အမတ်တို့ကို အမိန့်ပေး၏။ မောင်တင့်တယ်မှာ အသက်ဘေးမှလွတ်ရန် ထွက်ပြေးပုန်းအောင်း နေရရှာ၏။ ဘုရင်ကြီးသည် မောင်တင့်တယ်၏ အမကိုသိမ်းပိုက်ပြီး မိဖုရားမြှောက်ခဲ့၏။ ကာလအတန်ကြာသော် ဘုရင်ကြီးက ပရိယာယ်ဖြင့် မောင်တင့်တယ်အားခေါ်ရန် အမိန့်ပေး၏။ မိဖုရားကလည်း ဘုရင်ကြီးစကားကို ယုံကြည်တော်မူ၍ သူ့မောင်ကိုခေါ်ယူခဲ့သည်။

ဘုရင်သည် ထိုကဲ့သို့ ဥပါယ်တံမျဉ်ဖြင့် မောင်တင့်တယ်အား စံကားပင်တွင်ချည်ပြီး ဖိုကျင်ထိုးသတ်စေ၏။ ထိုအခါ မိဖုရားက ငါ့မောင်သည် ငါ့ကြောင့်သေရသည်ဟုဆိုပြီး မီးထဲသို့ခုန်ဆင်းကာ မောင်နှင့်အတူ အသေခံလိုက်၏။

သူတို့မောင်နှမသည် နတ်ဖြစ်ပြီး စံကားပင်တွင် နေကြရသည်။ ထိုစံကားပင်အောက်သို့ ရောက်လာသောလူသူ၊ ဆင်မြင်း၊ ကျွဲ၊ နွားတို့ သေဆုံးလေ့ရှိ၏။ ထို့ကြောင့် ဘုရင်အမိန့်အရ စံကားပင်ကို အမြစ်ကတူးပြီး ဧရာဝတီမြစ်တွင် မျှောလိုက်၏။ စံကားပင်သည် အခက်အလက်များပြတ်၍ ဧရာဝတီမြစ်စဉ်အတိုင်း မျောလာ၏။ ညောင်ဦးမြို့ ဆိပ်ကမ်းတွင် ပင်စည်ချည်းတင်၏။

ပုဂံပြည်၌ သေလည်ကြောင်မင်းစိုးစံနေသောအချိန်ဖြစ်၏။ တကောင်းမှ မျောလာသော စံကားပင်သည် ညောင်ဦးဆိပ်ကမ်းတွင် တင်သည့်နေ့မှ ဘုရင်ကြီးသည် ထိုစံကားပင်ကို နတ်မောင်နှမရုပ်တုလုပ်၍ ကိုးကွယ်ရမည်ဟု အိပ်မက်မြင်မက်၏။ ထိုအိပ်မက်အရ စံကားတုံးကိုသယ်ယူ၍ နတ်မောင်နှမ အရုပ်ထုလုပ်ပြီး ပုပ္ပားတောင်မှာထား၏။ ယင်းနောက် နတ်မောင်နှမအနက် မောင်တော်နတ်အား ပုပ္ပားတောင်ကြီး၌ ကနားရ၏။ ထိုတောင်ကြီး၌ပင် နေသည်ကိုစွဲပြီး ပါဠိဘာသာဖြင့် မဟာဂီရိ (မဟာ = ကြီးသော+ ဂီရိ = တောင်)ဟု လည်းကောင်း၊ အစ်မတော်နတ်အား မြန်မာဘာသာဖြင့် တောင်ကြီးရှင်ဟုလည်းကောင်း ခေါ်ကြ၏။

မှန်နန်းရာဇဝင်ကို ထောက်ရှု၍ မဟာဂီရိနတ်သည် ပင်းယခေတ်၌ နန်းတွင်းနတ်အဖြစ် အရေးပါကြောင်း သိရှိရ၏။ မြန်မာနိုင်ငံတွင် နတ်ကိုးကွယ်မှုများသည် တစ်ခါတစ်ရံ တစ်ဖက်စွန်းသို့ ရောက်ရှိတတ်၏။ ထို့ကြောင့် မြန်မာဘုရင်မင်းကောင်းမင်းမြတ်တို့သည် နတ်ကိုးကွယ်မှုကို မင်းအာဏာဖြင့် နှိမ်နင်းခဲ့ကြရသည်ကို မြန်မာ့သမိုင်းတွင် တွေ့ရှိရ၏။

> ❝ ရှေးဘုရင်များလက်ထက်က ရွှေသိုင်းများ ရှေ့ဆောင်ကာ မင်းမြတ်အား ဆက်သရမြဲဖြစ်သော ပန်းမြတ်တော်ဝင် သဇင်အကြောင်းကို ရတုအကျော် ရှင်ဥတ္တမကျော်က "ရွှေပန်းဝံ့ချီ၊ မိုးရစ်သီလျက်၊ မဟီတေသု၊ တိုင်းစေယုက၊ သမ္မတိမှန်၊ ကေသာမှန်သည်၊ ရွှေလျှံသဇင်၊ ဂမုန်းအင်တည်း၊ ဥကင် မြင့်ကောင်း၊ ရန့်ကောင်းလျက်"ဟူသော တောလားကြောင့် နတ်တော်လကို လှပစေ၏။ ကြည်နူးစေ၏။ သုတရသ ဖြစ်စေ၏ ❞

### မဟာပိန္နဲနတ်ဆိုသည်မှာ

မဟာပိန္နဲနတ်မင်းသည် နတ်ကြီးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ပရမီသွာနတ်မင်းကြီး၏ မိဖုရား ဟာရီနီမည်သော ဥမ္မာဒေဝီမှဖွားမြင်သော သားဖြစ်၏။ ဖခင်ပရမီသွာနတ်မင်းနှင့်တူ၏။ ကွဲပြားခြားနားစေလို၍ လည်ပင်းတွင် ဆည်းလည်းဆွဲထား၏။ စန္ဒကုမာရဟုလည်းခေါ်၏။ ဥဒေါင်းယာဉ်ကိုစီး၏။ ဇမ္ဗူဒီပါတောင်မျက်နှာအရပ်တွင်လည်းကောင်း၊ မြောက်မျက်နှာအရပ်ဖြစ်သော စိန့်တိုင်းတွင်လည်းကောင်း နေသည်ဟု လောကပညတ္တိကျမ်း၌ဆို၏။ တန်ဆောင်မုန်းလတွင် မွေးဖွား၍ အစွယ်တစ်ချောင်းရှိကြောင်း၊ ဆင်မျက်နှာနှင့်တူကြောင်း၊ လုံးလက်နက်စွဲကိုင်ကြောင်း၊ ဥဒေါင်းယာဉ်ရှိကြောင်း၊ နတ်စစ်သူကြီးဖြစ်ကြောင်းများကို သက္ကတအဘိဓာန်၌ ဖွင့်ဆိုကြ၏။ အမရကောသအဘိဓာန်ကျမ်းတွင် မဟာပိန္နဲနတ်၏အမည်များကို ဝိနာယက စသည်ဖြင့် ရှစ်မျိုးပြဆိုထား၏။ မင်းနှင့်ပြည်သူတို့သည် မဟာပိန္နဲနတ်မင်းကို တခမ်းတနားပူဇော်ပသလေ့ရှိ၏။ တိုင်းပြည်သာယာဝပြောနိုင်ရန် ဆုမွန်များလည်း တောင်း၏။

ဘိုးတော်မင်းတရားမေးလျှောက်၍ ပထမမောင်းထောင် သာသနာပိုင်ဆရာတော် ဖြေဆိုတော်မူသည့် အမေးတော်ဖြေကျမ်းတွင် မဟာပိန္နဲနတ်ပူဇော်ပုံ ပူဇော်နည်းကို ပဥ္စဒေဝတာကျမ်း၊ တန္တြသာရကျမ်းတို့၌ ပြဆိုထား၏။ ထိုမဟာပိန္နဲပူဇော်ပွဲမှာ ရိုးရာပွဲတစ်ခုဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသာကျမ်းဂန်များအရ ဖြစ်ပေါ်လာသော ဓမ္မအကြောင်းနွယ်သည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်မျိုး မဟုတ်ပေ။

ရှေးအခါက ပြဟ္မဏပုဏ္ဏားတို့သည် ဘုရင့်အပါး၌ ဘုရင့်အားမြှောက်စားချီးကျူးလျက် လောကီအကျိုးထူးများ ဖြစ်စေရန် ဖန်တီးပေးကြလေ့ရှိကြောင်း၊ နှစ်ပေါင်းရှည်ကြာလာသောအခါတွင် မြန်မာတို့၏ ရိုးရာဓလေ့ကဲ့သို့ မှတ်ယူစွဲလမ်းလာကြ၏။ မြန်မာစာပေတို့တွင် ပြဟ္မဏတို့၏ အယူအဆများ ပါဝင် လာခဲ့သည်ဟု ထင်ရသည့် ရတနာပူရအင်းဝနန်းတည်ဘိုးတော်ဘုရင်လက်ထက်တွင် ပြဟ္မဏပုဏ္ဏားတို့၏ ဝါဒများကို စာပေကျမ်းဂန်တို့မှာ ထုတ်နုတ်သန့်စင်သည်ဟု အဆိုရှိခဲ့သည်။ ပြဟ္မဏပုဏ္ဏားပညာရှိများကိုလည်း ဟူးရားသမားအဖြစ် သီးခြားခန့်ထားလျက်သက်ဆိုင်ရာတို့၌ အမှုတော်များ ထမ်းရွက်စေခဲ့၏။

နတ်တော်လနှင့်ပတ်သက်၍ စာဆိုတို့၏ ဖွဲ့နွဲ့ထားပုံအချို့ကို ကောက်နုတ်ဖော်ပြပါမည်။ "ကျက်သရေ လျှံလန်း၊ နတ်များပန်းကို ရည်မှန်းဆက်ကာ တိုင်လျှောက်ပါအံ့။ မတ်လျာညိုမြ၊ ကြင်ဦးကသို့ ရှုပမငြီး သစ္စာတိမ်သည်"ဟူ၍ သက္ကရာဇ် ၁၁၄၀ စဉ့်ကူးမင်းလက်ထက် စာဆိုဦးယာကရတုဖြင့်လည်းကောင်း၊ "နှင်းဝေ မှိုင်းရီ၊ မိဂသီနှင့် အညီ၊ မိုးလ ပြည့်ဝန်းပလျက်၊ ချမ်းမြရတု၊ ဓနုရာသီရောက်ပြီ၊ ဝန်းကျင်၊ ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ်၊ လနတ်တော်ကား"ဟူ၍ သက္ကရာဇ် ၁၀၈၀ ခန့်၊ တနင်္ဂနွေမင်းလက်ထက်တွင် ဦးအောင်ကြီးက လူးတားဖွင့်စပ်ဆို ဖွဲ့နွဲ့ထားခဲ့ကြသည်ကို တွေ့ရှိရ၏။

ငွေနှင်းဝေဝေ၊ စိမ့်စမ်းအေးအေးမှာ ပွင့်ကြသော သစ်ခွပန်းတို့အထဲတွင် သဇင်ပန်းသည် အမြတ်ဆုံးဖြစ်ကာ နတ်ပန်းဟူ၍လည်း ခေါ်ကြသည်။ ရာမရကန်တွင် စာဆိုဦးတိုးက "မြတ်ပန်တော်ပန်း၊ ခိုင်လုံးလန်းကို၊ ဟိုလောင်ပန်းပွင့်၊ ဘယ်ဂုဏ်ကြောင့်ဝံ့မတုံး၊ ဘုန်းနှင့်ကံနှင့်ရွှေသဇင်"ဟူ၍ သဇင်ပန်းကို တခမ်းတနား ချီးမွမ်းခဲ့၏။

"တောတောင်ပြာညို့၊ ဆီးရည်ပျို့သည်၊ သည်သို့အခါ၊ သည်ဂေါဇာဝယ်၊ ရွှေမာလာဆန်း၊ စိုနှင်းပန်းကို၊ ကြငှန်းခေါင်ဗွေ၊ ရပ်ကြီးနေတို့၊ ပန်ခြွေကုံးဆင်၊ ညှာရုံးပဲဆင်ကြတယ်"ဟု ၁၂၂၀ ခန့်က ပုဂံမင်းလက်ထက် ဉာဏ်ဝန်ကြီးဦးဖြေက နန်းတွင်းသူတို့ ပန်ခြွေကုံးဆင်သည်ကို လေးချိုးဖြင့် ပုံဖော်ခဲ့၏။

"သိင်္ဂီဥပန်းမြသဇင်၊ စိန်စီနုကလပ်တင်သည်၊ နတ်ဘုရင်ဆင်ယင်တုန်းခါမို့ အင်ဂမုန်း၊ ဂန္ဓမာရုံ၊ သင်းပျံ့ဝတ်မှုန်"ဟူ၍ သိင်္ဂီရွှေမြစိန်စီထားသော ကလပ်ပေါ်တွင် ဘုရင်များ ဆင်ယင်ပုံကို သက္ကရာဇ် ၁၂၄၀ ခန့် သီပေါမင်းလက်ထက် စာဆို ဦးကျော့က သဖြန်ဖြင့် သီကုံးဖွဲ့ဆိုခဲ့သည်။

နတ်တော်လတွင် သာယာသော တောတောင်ရေမြေတို့၌ ကျေးငှက်သာရကာတို့ ပျော်မြူးပုံကိုလည်း သက္ကရာဇ် ၁၁၅၀ ခန့် ဘိုးတော်ဘုရားလက်ထက် စာဆိုရှင်မယ်ခွေက အဲချင်းဖြင့် "တောင်လည်းသာမော၊ တောလည်းပျိုနု၊ မြအထုမှာ၊ ပုလုကွေးလွေး၊ ငှက်တဝေးလည်း၊ ချစ်ရေကြည်လို့"ဟူ၍ ရင့်ကျူးထားခဲ့သည်။

ရှေးဘုရင်များလက်ထက်က ရွှေသိုင်းများရှေ့ဆောင်ကာ မင်းမြတ်အား ဆက်သရမြဲဖြစ်သော ပန်းမြတ်တော်ဝင် သဇင်အကြောင်းကို ရတုအကျော် ရှင်ဥတ္တမကျော်က "ရွှေပန်းဝံ့ချီ၊ မိုးရစ်သီလျက်၊ မဟီတေသု၊ တိုင်းစေယုက၊ သမ္မတိမှန်၊ ကေသာမှန်သည်၊ ရွှေလျှံသဇင်၊ ဂမုန်းအင်တည်း၊ ဥကင် မြင့်ကောင်း၊ ရန့်ကောင်းလျက်"ဟူသော တောလားကြောင့် နတ်တော်လကို လှပစေ၏။ ကြည်နူးစေ၏။ သုတရသဖြစ်စေ၏။

ရှေးခေတ်အခါက မင်းနှင့်အတူ တိုင်းသူပြည်သားတို့သည် မင်းနေပြည်မှစ၍ ကျေးလက်တောရွာများအထိ လစဉ်ရာသီပွဲတော်များကို ကျင်းပခဲ့ရာ ညောင်ရမ်းခေတ်နောက်ပိုင်းမှစ၍ ရာသီဖွဲ့ကဗျာများ ထွန်းကားလာ၏။ မြန်မာ့ဆယ်နှစ်လရာသီပွဲတော်များသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းထောင်ချီကာ မြန်မာလူမျိုးတို့ လစဉ်ထိန်းသိမ်းလာခဲ့သော ရိုးရာယဉ်ကျေးမှုပွဲတော်များပင်ဖြစ်၏။

ထို့ကြောင့်ပင် မြန်မာတိုင်းရင်းသားတို့သည် ပျော်ပျော်ရွှင်ရွှင်လုပ်ကိုင်နေထိုင်စားသောက်မှုကို ပြုနိုင်ကြ၏။ ရောင်စုံပန်းများလှပနေသကဲ့သို့ ဝတ်စားတန်ဆာများကို နှစ်သက်မြတ်နိုးစွာ ဝတ်ဆင်လေ့ရှိကြ၏။ ပေါများလှသော တွင်းထွက်ရတနာများဖြစ်ကြသည့် စိန်၊ ရွှေ၊ ငွေ၊ ပတ္တမြား၊ နီလာ၊ မြ၊ ဂေါ်မုတ်၊ ဥဿဖရား၊ ပယင်းစသော ကျောက်မျက်ရတနာများကို စွဲလမ်းနှစ်သက်ကြသဖြင့် အဝတ်အထည်များ၌ပင် ရွှေချည်၊ ငွေချည်ရက်လုပ်ကာ ကျောက်မျက်ရတနာများကိုစီခြယ်၍ ချုပ်လုပ်ဝတ်ဆင်လာကြ၏။

ယင်းတို့ထဲတွင် ယနေ့အချိန်အခါသမယမှာ ပယင်းကျောက်ကို အသုံးပြုမှုများလာ၏။ ပယင်းကျောက်အနက် မြန်မာပြည်မြောက်ပိုင်း တနိုင်းမြို့မှထွက်ရှိသော ကျောက်က ကောင်းသည်ဟုဆိုသည်။ စိန်၊ ရွှေ၊ မြ၊ ပတ္တမြားတို့လောက် အဖိုးမကြီးသော်လည်း ပွဲတိုင်းတွင်သုံး၍ ပွဲတိုးသည့် ရတနာတစ်ပါးဖြစ်နေ၏။ ထိုရတနာ၏ အစွမ်းကား မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းများကျရောက်မှုမှ ကာကွယ်စေခြင်း၊ အသိဉာဏ်စွမ်းအားကြီး၍ ဂုဏ်သိက္ခာရှိခြင်း၊ သွေးကိုသန့်စင်စေပြီး ဒေါသတရား၊ မနာလိုဝန်တိုခြင်းမဖြစ်ပွားစေရန် ထိန်းသိမ်းပေးခြင်း၊ သက်လုံကောင်းပြီး သတ္တိပွားစေ၍ ထိခိုက်အနာတရဖြစ်ခြင်းကိုလည်း ကာကွယ်သည်ဟု ယုံကြည်စွာဖြင့် အဆောင်သဖွယ် လက်ဝတ်ရတနာများအဖြစ် ဆင်မြန်းနေသည်ကို တွေ့ရှိနိုင်၏။ ။

# တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခတ္တမန္ဒူမြို့အတွင်း လှည့်လည်ကြည့်ရှု



**နေပြည်တော် ဒီဇင်ဘာ ၁၃**

နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမိသားစုများအား ယမန်နေ့ညပိုင်းတွင် ခတ္တမန္ဒူမြို့ရှိ နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဧည့်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားပြီး သံရုံးမိသားစုများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နီပေါ-မြန်မာ ချစ်ကြည်ရေးအသင်း(Nepal-Myanmar Friendship Council) မှ တာဝန်ရှိသူများအား ခတ္တမန္ဒူမြို့ရှိ နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ခတ္တမန္ဒူမြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Swayambhunath စေတီသို့ ရောက်ရှိကြပြီး စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် Patan Durbar Square ရင်ပြင်သို့ ရောက်ရှိကြပြီး ရင်ပြင်ရှိ Patan Museum အပါအဝင် ရှေးဟောင်းအနုပညာလက်ရာ အဆောက်အအုံ ပြတိုက်များအား လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(ဓာတ်ပုံ)**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Buddhanath Stupa စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ခတ္တမန္ဒူမြို့ရှိ Tribhuvan အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြပြီး ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Bhin K Udas နှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ (၁/၂၀၁၇) အစည်းအဝေးနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးပြီးနောက် ယနေ့ညနေပိုင်းတွင် ယင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်အခြေစိုက် သတင်းမီဒီယာမှ ၁၅ ဦးခန့် တက်ရောက်ကြပြီး သတင်းမီဒီယာများမှ SMEs ချေးငွေဆိုင်ရာ မူဝါဒများ၊ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ ပြည့်စုံအောင်ဆောင်ရွက်သွားမည့် အစီအမံများနှင့် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းမည့်အစီအမံများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား အားပေးမြှင့်တင်မည့် အစီအမံများ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ မြွေဆိပ်ဖြေဆေးများတင်ပို့နိုင်ရေး စီမံဆောင်ရွက်သွားမည့် အခြေအနေတို့ကို မေးမြန်းရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၊ တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါ်အေးအေးဝင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောအောင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ယာယီရဲမှူးကြီး ကျော်တေဇ ဦးစီး၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ သင်တန်းသားများ စုစုပေါင်း ၁၉၅ ဦးတို့သည် ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ ဝက်ထီးကန်မြို့အဝင်အထိ ဒီဇင်ဘာ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။** ခရိုင်(ပြန်/ဆက်)

## မြစ်မိးရောင်စီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**မင်းလှ ဒီဇင်ဘာ ၁၃**

မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော မြစ်မိးရောင်စီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက်က ကျင်းပရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်မိမိအောင်က စီမံကိန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မြစ်မိးရောင်ကော်မတီဝင်များ၊ စီမံကိန်းကျေးရွာများမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီများက ဆောင်ရွက်လျက်ရှိသော စီမံကိန်းကျေးရွာ ၃၂ ရွာ၊ စီမံကိန်းယူနစ် ၃၁ ယူနစ်၏ ငွေကြေးလည်ပတ်မှုအခြေအနေ၊ လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေ၊ စီမံကိန်းစက်ဝန်း သုံးနှစ်လည်ပတ်ပြီးချိန်တွင် ကျေးရွာများမှ အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းကို ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့်အခြေအနေနှင့် စီမံကိန်း၏ အားသာချက်၊ အားနည်းချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

## မရမ်းကုန်းမြို့နယ်ရှိ ရပ်ကွက်အချို့ ယာယီဓာတ်အား ပြတ်တောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ 66/33/6.6KV စိန်ပန်းမြိုင် ဓာတ်အားခွဲရုံတွင် Outgoing Pannel များ တပ်ဆင်စမ်းသပ်ပြီး ဖြစ်ပါသဖြင့် 33KV Cable များ ပြောင်းရွှေ့တပ်ဆင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၄ ရက်တွင် နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ လုပ်ငန်းဆောင်ရွက်မည် ဖြစ်သည်။

အဆိုပါလုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပိုမိုပြည့်ဝစွာရရှိရေးအတွက် မဖြစ်မနေ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ရခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်စဉ် အချိန်အတွင်း မရမ်းကုန်းမြို့နယ်ရှိ (၁၊ ၄၊ ၅၊ ၆)ရပ်ကွက်များ ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ အသိပေးပန်ကြားထားသည်။

**ကြေးမုံ**

# ရွှေတိဂုံစေတီတော် အနေကဇာတင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်(၁၃၇၉ ခုနှစ် ပြာသိုလပြည့်နေ့)တွင် ကျင်းပမည့် ရွှေတိဂုံစေတီတော်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားနှင့် ဂိုဏ်းပေါင်းစုံ ပင့်သံဃာအပါး ၁၈၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမရှိ ကော်မတီဝင် ဒေါ်သန်းမြင့်အောင်၏ ရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ပြည်သူများအနေဖြင့် အခက်အခဲမရှိ စိတ်အေးချမ်းသာစွာ ကုသိုလ်ယူလောင်းလှူနိုင်ရန် ရွှေတိဂုံစေတီမုခ်လေးမုခ်တွင် လောင်းလှူမည့်နေရာသတ်မှတ်ခြင်း၊ လှူဒါန်းလိုသည့် ပစ္စည်းအရေအတွက်အမျိုးအစား၊ အလှူရှင်အမည်နှင့် နေရပ်လိပ်စာတို့ကို သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများတွင် ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စောသိန်းဝင်း**



# မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**သံဖြူဇရပ် ဒီဇင်ဘာ ၁၃**

သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာ ကမ်းခြေရှိ ချမ်းမြေ့ကမ္ဘာဝင်းအတွင်း ဒီဇင်ဘာ ၁၀ ရက်က မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး လှထွန်းက မှုခင်းဆိုင်ရာဖြစ်ပွားတတ်သည့် မှုခင်းကိစ္စရပ်များ ဟောပြောရှင်းလင်းခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောခြင်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းခဲ့သည်။ ကျိုက္ခမီနယ်မြေ ရဲစခန်းမှူး ရဲအုပ်ကျော်ကျော်ဇင်က မူးယစ်ဆေးဝါးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စက်စဲရဲကင်း ရဲစခန်းမှူး ရဲအုပ်ဝင်းဌေးက သက်ငယ်မုဒိမ်းမှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

၃၀၇

# ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အင်္ဂလိပ်စာသင်တန်းဖွင့်

**ကျောက်ဆည် ဒီဇင်ဘာ ၁၃**

ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၁၇) အင်္ဂလိပ်စာ စကားပြောသင်တန်းဖွင့်ပွဲကို ကျောက်ဆည်မြို့နယ် ကျေးလက်ဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ထိုက်ထိုက်စိုးက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၂ ဦး တက်ရောက်ကြပြီး ဒီဇင်ဘာ ၁ ရက်မှစ၍ သုံးလတာ ပို့ချသွားမည်ဖြစ်သည်။ **ကြေးမုံ**



**ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့တွင်းနှင့် မြို့အဝင်/အထွက်လမ်းများတွင် ဒိုက်ဦးမြို့မရဲစခန်းမှူး ဒုရဲမှူးမောင်ကို၏ စီမံခန့်ခွဲမှုဖြင့် ဒုရဲအုပ်ရဲထွန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေးအတွက် လှည့်ကင်းဆောင်ရွက်စဉ်။**

ကျော်ကျော် (IPRD)

☆ **ကျောဖုံးမှ**

SME များ ဖွံ့ဖြိုးတိုးတက်လာပါက အလုပ်အကိုင်ရရှိမှု၊ ဝင်ငွေရရှိမှုနှင့်အတူ အစိုးရ၏အခွန်ငွေရရှိမှုလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြည်သူများအကြား အလုပ်အကိုင်ဖန်တီး၍ ဝင်ငွေရရှိသဖြင့် နိုင်ငံတွင်း ဝင်ငွေလည်ပတ်စီးဆင်းမှုကို မှန်ကန်စေမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏စီးပွားရေးမူဝါဒ (၁၂)ရပ်တွင် ဒုတိယအချက်ဖြစ်သည့် "အလုပ်အကိုင် ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုတို့ကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ(SME)ကို ပံ့ပိုးကူညီပေးရန်" ဟု ဖော်ပြပါရှိပါကြောင်း၊ သို့ဖြစ်၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများနှင့်ရည်မှန်းချက်များ ချမှတ်၍ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု၊ ငွေကြေးအရင်းအမြစ်၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေး၊ သင့်လျော်သော အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများ၊ လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများ ရရှိရေးတို့ကို ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း အသေးစားနှင့် အလတ်စားထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများကို ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ရန် SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ (၁/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက်(၁၅)ချက် ချမှတ်ခဲ့ကာ ဆုံးဖြတ်ချက်များကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဗဟိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သမ္မတ၊ တွဲဖက်ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယဥက္ကဋ္ဌများအဖြစ် ဒုတိယသမ္မတနှစ်ဦး အပါအဝင် ပြည်ထောင်စုအဆင့် ၁၉ ဦး၊ ပုဂ္ဂလိကကဏ္ဍမှ အသိပညာရှင်၊ အတတ်ပညာရှင် ငါးဦးစုစုပေါင်း အဖွဲ့ဝင် ၂၄ ဦးတို့ ပါဝင်ဖွဲ့စည်းထားပါကြောင်း။

SME ဥပဒေပုဒ်မ (၆)ပါ အခြေခံမူများနှင့်အညီ SME များ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရေးအတွက် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန် (၁၁)ရပ်ရှိသည့်အနက် ပုဒ်မခွဲ(ည)နှင့် (ဋ)တို့အရ လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်းတို့ ဖော်ပြပါရှိပါကြောင်း။

SME ဥပဒေအခန်း(၅)၊ ပုဒ်မ ၇ ပုဒ်မခွဲ(က)အရ SME ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ SME လုပ်ငန်းကော်မတီကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ(၁)အပါအဝင် အစိုးရအဖွဲ့မှ ၃၂ ဦး၊ စီးပွားရေးပညာရှင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ SME လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂိုလ် ရှစ်ဦး စုစုပေါင်းအဖွဲ့ဝင် ၄၀ ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဖြစ်သည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးတင်ပြပေးကြရန် ဖိတ်ခေါ်လိုပါကြောင်း။

ဥပဒေပုဒ်မ(၈)အရ SME လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် (၁၄)ရပ်ကို ချမှတ်ခဲ့ပြီး မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် SME များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် "လက်တွေ့ကျသော ချဉ်းကပ်မှုမျိုးနှင့် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း"၊ နိုင်ငံအတွင်းရှိ ငွေကြေးအရင်းအမြစ်၊ လူသားအရင်းအမြစ်၊ အတတ်ပညာအရင်းအမြစ်နှင့် ဒေသတွင်းရရှိနိုင်သော အရင်းအမြစ်များကို ဖော်ထုတ်အသုံးချနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ဈေးကွက်ကိုအခြေခံသည့် Market Economy တွင် စီးပွားရေးတိုးတက်မှုဆိုသည်မှာ Profit Margin အမြင့်ဆုံးဆောင်ရွက်နိုင်သည်ထက် သင့်တင့်လျောက်ပတ်သည့် Profit Margin တစ်ရပ်ကို အချိန်ကာလအတိုင်းအတာတစ်ခုထိ တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်ခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development )ပင် ဖြစ်ပါကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း**



**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို**

SME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် SME Development Framework နှင့် ပတ်သက်၍ အဓိကအစိတ်အပိုင်းများနှင့် အထောက်အကူပြု အစိတ်အပိုင်းများဟူ၍ ရှိပါကြောင်း၊ အဓိကအစိတ်အပိုင်းများတွင် Macroeconomic Policies နှင့် သက်ဆိုင်သည့် Low Budget Deficit ကိစ္စ၊ ငွေကြေးလဲလှယ်မှုတည်ငြိမ်ရေး၊ အတိုးနှုန်းတို့နှင့် ဆက်စပ်မှုရှိနေပါကြောင်း၊ ထို့ကြောင့် SME ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဆက်စပ်ဌာနများနှင့် အဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

Microeconomics Environment နှင့် ဆက်နွှယ်သည့် ကိစ္စရပ်များတွင် စည်းမျဉ်းစည်းကမ်းများ လွယ်ကူချောမွေ့ခြင်း၊ ကောင်းမွန်သောစီမံခန့်ခွဲမှု၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရေး၊ သင့်တင့်လျောက်ပတ်သည့် အခြေခံအဆောက်အအုံ၊ အခြေအနေနှင့် လိုက်လျောညီထွေဆောင်ရွက်နိုင်သည့် ကျွမ်းကျင်မှုနှင့် အရည်အချင်းပြည့်ဝသော လုပ်သားထုများရှိခြင်းတို့ဖြစ်ပါကြောင်း။

အေအီးစီ ၂၀၁၅ မျှော်မှန်းချက်တွင်လည်း Micro, Small and Medium Enterprises (MSME) များအတွက် လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရာတွင် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် အမျိုးသမီးစွမ်းဆောင်ရှင်များအတွက် အထူးအလေးထားဆောင်ရွက်သွားရန် ဖော်ပြထားပါကြောင်း၊ အာဆီယံဒေသတွင်း၌လည်း SME များ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရေရှည်ယှဉ်ပြိုင်ရပ်တည်သွားနိုင်ရန်အတွက် ASEAN Strategic Action Plan (2016-2025) ကို သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ASEAN SME လုပ်ငန်းအကောင်အထည်ဖော်ရေးပူးပေါင်းကော်မတီ (ACCMSME) နဲ့ OECD တို့ ပူးပေါင်းပြီး ဒေသတွင်း SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒဆိုင်ရာများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအပေါ်တွင် မူဝါဒဆိုင်ရာအညွှန်းကိန်းများကို OECD က လေးနှစ်တစ်ကြိမ် ဖော်ပြလျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ် ASEAN SME Policy Index အရစင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့သည် Policy Index အနေဖြင့် အမြင့်ဆုံး၌ ရပ်တည်နေကြပြီး ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် အနိမ့်ဆုံးအခြေအနေတွင် ရပ်တည်နေကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SME Development Policy Index မြင့်မားစေရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Index Score မြင့်မားစေရေးအတွက် OECD က သတ်မှတ်ထားသည့် အချက်များဖြစ်သည့် SME များအတွက် အသင်းအဖွဲ့ဆိုင်ရာဖွဲ့စည်းမှုမူဘောင်၊ ဝန်ဆောင်မှုရရှိမှုအခြေအနေ၊ SME များ သက်သက်သာသာ လျင်မြန်စွာ လုပ်ငန်းစတင်နိုင်ရေးနှင့် ပိုမိုကောင်းမွန်သော ဥပဒေနှင့် စည်းမျဉ်းများ အခြေအနေ၊ ငွေကြေးအထောက်အပံ့ရရှိမှု၊ နည်းပညာနှင့် နည်းပညာလွှဲပြောင်းပေးနိုင်မှု၊ နိုင်ငံတကာဈေးကွက်ချဲ့ထွင်နိုင်မှု၊ စွန့်ဦးစီးပွားပညာရပ်များ မြှင့်တင်ပေးနိုင်မှု၊ အသေးစားလုပ်ငန်းများ၏ စိတ်ဝင်စားမှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှုစသည့် ညွှန်းကိန်း ရှစ်ခုဖြင့် အဆင့်ခွဲခြား သတ်မှတ်ခြင်းဖြစ်သည့်အတွက် အဆိုပါအခြေအနေများအပေါ်တွင် ကောင်းမွန်မှန်ကန်သည့် လုပ်ငန်းစဉ်များ ပိုမိုဖော်ထုတ်ဆောင်ရွက်သွားမှသာ အဆင့်တက်နိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံအတွင်းရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် ကောင်းမွန်သောစီးပွားရေးဝန်းကျင်ကို ဖော်ဆောင်လျက်ရှိသော်လည်း ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ဈေးကွက်၊ ငွေကြေးစီမံခန့်ခွဲရေးနှင့် တီထွင်ဆန်းသစ်မှုအပိုင်းတွင် ပညာရပ်ဆိုင်ရာအသိအမြင် ကျယ်ကျယ်ပြန့်ပြန့် ရရှိရေးတို့အတွက် ထောက်ပံ့ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံ၏စီးပွားရေးအတွက် အဓိကကျောရိုးသဖွယ်ဖြစ်သည့် SME လုပ်ငန်းများအတွက် ပို့ကုန်မြှင့်တင်ရေး၊ တီထွင်ဆန်းသစ်ရေးတို့ကို အခြေပြုသည့် လုပ်ငန်းသစ်များပေါ်ထွက်လာရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် ယခုဆွေးနွေးပွဲတွင်လည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြသွားကြရန်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် SME လုပ်ငန်းများ ဖွဲ့စည်းညှိနှိုင်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းကော်မတီ၏ ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ဖွဲ့စည်းတည်ထောင်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဒင်းနစ်ဝင်းသိန်းက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအတွေ့အကြုံများနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်နိုင်မည့်အခြေအနေများကို အကြံပြုဆွေးနွေးသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုး၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် စီးပွားရေးပညာရှင်များက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဦးကျော်ဝင်းတို့က ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ထို့နောက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

---

○ **သတင်းအချက်အလက်မှ**

ဆောက်လုပ်ရေးလုပ်ငန်းက မပြီးပြတ်သေးတာရယ်၊ လျှပ်စစ်မီးကလည်း ထရန်စဖော်မာတွေ ပြန်ထိုင်ရမယ်၊ စာသင်ခန်းတွေကလည်း အဆင်သင့်မပြီးစီးသေးတာကြောင့် ကျောင်းဖွင့်ချိန် နောက်တစ်လ ရွှေ့လိုက်တာပါ၊ အဓိက က ကျောင်းသား ကျောင်းသူတွေ သက်သောင့်သက်သာ အေးအေးချမ်းချမ်းနဲ့ ပညာသင်ကြားဖို့ဖြစ်ပါတယ်"ဟု ပြောသည်။

ယခုဖွင့်လှစ်မည့် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကို ခြောက်ထပ်ဆောင်နှစ်ဆောင်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး နောက်နှစ်ဘတ်ဂျက်ရရှိသည့်အခါ အဆောင်များ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။ ဖွင့်လှစ်ပြီးပါက ဆရာ ဆရာမ ဦးရေ ၁၂၀ နှင့် ပထမနှစ်မှ မာစတာတန်းအထိ ကျောင်းသား ကျောင်းသူ ၁၀၀၀ ခန့် သင်ကြားနိုင်မည်ဖြစ်သည်။ Ph.D အတန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အဓိက သင်ကြားတာကတော့ ကွန်ပျူတာဘာသာရပ်ကို အထူးပြုသင်ကြားပြီး အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ်အနေနဲ့ သတ်မှတ်ထားပါတယ်၊ တက္ကသိုလ်ဝင်ခွင့်ရမှတ် ၄၈၇ မှတ်နဲ့ ကျောင်းသား ကျောင်းသူ ၂၀၀ လက်ခံပါတယ်၊ အရင်နှစ်တွေက မိန်းကလေးဦးရေပိုများပေမယ့် ဒီနှစ်မှာက ကျောင်းသား ကျောင်းသူ ဦးရေက မျှတတယ်၊ ဒါက ထူးချွန်တဲ့ကျောင်းသား ကျောင်းသူတွေအနေနဲ့ IT နည်းပညာကို ပိုပြီးစိတ်ဝင်တစားရှိလာတယ်လို့ ထင်မိပါတယ်၊ အမှတ်မီတဲ့ ကျောင်းသား ကျောင်းသူတွေ လျှောက်ထားမှုများပြားတာကြောင့် အခု ပထမနှစ်မှာ ၂၂၀ အထိ လက်ခံသင်ကြားသွားမှာဖြစ်ပါတယ်"ဟု ပါမောက္ခချုပ်က ဆက်လက်ပြောကြားသည်။

"အဆောင်အနေနဲ့ ကျွန်မတို့မှာ ကိုယ်ပိုင်အဆောင်မရှိသေးပါဘူး၊ လှော်ကားဘက်က အဆောင်တွေမှာရော ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကပိုင်တဲ့ ကျောင်းဆောင်တွေမှာပါ ကျောင်းသား ကျောင်းသူဦးရေ ၂၀၀ ခန့် ထားပါတယ်"ဟု ကျောင်းသားရေးရာဌာနမှူး ဒေါ်တင်တင်ထွေးက ပြောသည်။

နောက်ဆုံးနှစ်(ပဥ္စမနှစ်) ကျောင်းသား ကျောင်းသူများကို လုပ်ငန်းခွင်အတွေ့အကြုံရရှိစေရန် ပြည်တွင်းကုမ္ပဏီများနှင့် ပြည်ပအခြေစိုက်ဖြစ်သည့် အမေရိကန်၊ အင်္ဂလန်၊ စင်ကာပူ စသည့်ကုမ္ပဏီပေါင်း ၃၁ ခုနှင့် ချိတ်ဆက်၍ လက်တွေ့သင်ယူစေခဲ့ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကုမ္ပဏီများ၌ လက်တွေ့ပရိုဂရမ်ရေးနည်း၊ ဆော့ဖ်ဝဲလ်ရေးနည်းစသည့် နည်းပညာများကို တိုက်ရိုက်လေ့လာနိုင်သည့်အတွက် စာသင်ခန်းတွင် အထောက်အကူများစွာရရှိကြောင်း သိရသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခု သက်တမ်း ငါးနှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ ဘွဲ့ရကျောင်းသား ကျောင်းသူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု မြင့်မားရုံမက နိုင်ငံတကာကုမ္ပဏီများကလည်း အလုပ်ခန့်ထားမှု များပြားကြောင်းသိရသည်။

**သတင်း - ဥမ္မာသန့်၊ မြတ်စန္ဒီ၊ ဓာတ်ပုံ - ရဲထွဋ်**

# "လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံ" စာပေညီလာခံ (၂၀၁၇) မှ မြန်မာ့စာပေလောကအတွက် အနာဂတ် မျှော်လင့်ချက်များ

**"လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စာပေနယ်ပယ် အဖွဲ့အစည်းများက ဦးစီးကျင်းပသည့် စာပေညီလာခံ (၂၀၁၇) အခမ်းအနားဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ပြီး ယနေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၄) ရပ်ကွက် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမ၌ အဆိုပါညီလာခံကို စတင်ကျင်းပရာ ပါဝင်တက်ရောက်လာကြသူများ၏ ဆွေးနွေးမှုများ၊ အမြင်များနှင့် ယုံကြည်မျှော်လင့်ချက်များကို တွေ့ဆုံမေးမြန်းထားသည်။**


ကဗျာဆရာ မြင်းမူ မောင်နိုင်မိုး


ကဗျာဆရာ မောင်သွေးသစ်


စာရေးဆရာ ရည်ဖော်မောင်(ပြည်)


စာရေးဆရာ ဟိန်းလတ်


စာရေးဆရာမ မသီတာ (စမ်းချောင်း)


စာရေးဆရာမ မေဖွန့်အေး

**ကဗျာဆရာမြင်းမူ မောင်နိုင်မိုး (မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ)**

စာပေညီလာခံကြီးမှာ စကားဝိုင်းဆွေးနွေးမှုတွေ ပါဝင်ပါတယ်။ အဲဒီအထဲမှာ ကျွန်တော်က "အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစာ၊ အမျိုးသားကဗျာ"ခေါင်းစဉ်နဲ့ ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီညီလာခံကြီး ကျင်းပဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့တွေ ဝမ်းသာဂုဏ်ယူပါတယ်။ စာပေ အဖွဲ့အစည်းတွေ စုံစုံလင်လင်နဲ့ ပါဝင်တဲ့အတွက်ကြောင့်လည်း သိုက်သိုက် ဝန်းဝန်း စည်စည်ကားကားနဲ့ ရည်မှန်းချက်ကို အောင်မြင်အောင်ဆောင်ရွက် နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီစာပေညီလာခံရဲ့ ဆောင်ပုဒ်အနေနဲ့ "လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံ"ဆိုတာကိုလည်း တွေ့ရပါတယ်။ လွတ်လပ်တယ်ဆိုတဲ့နေရာမှာလည်း လွတ်လွတ်လပ်လပ်နဲ့ သူ့အတိုင်းအတာ၊ သူ့စည်းသူ့ဘောင်နဲ့ လွတ်လွတ်လပ်လပ်ရေးသားဖွဲ့ဆိုတဲ့ စာပေတွေ တိုးတက် ဖွံ့ဖြိုးလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒီညီလာခံမှာ ကျွန်တော်တို့အနေနဲ့ အဓိကထား ဆွေးနွေးမှာကတော့ "အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစာ၊ အမျိုးသားကဗျာ"ဆိုတဲ့ ခေါင်းစဉ်နဲ့ မြန်မာစာပေ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေးမှာဖြစ်ပါတယ်။ မနေ့တုန်းက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မိန့်ကြားသွားတဲ့အထဲမှာလည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးပေးဆွေးနွေး ကြဖို့နဲ့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးရင်းနဲ့ပဲ မြန်မာနိုင်ငံ တော်ကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးတည်ဆွေးနွေးဖို့ လိုအပ်တယ် ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ကျွန်တော် မှတ်သားလိုက်ရပါတယ်။ ဒါဟာ အင်မတန်မှ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အကြောင်းအရာပဲ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာကဗျာရဲ့ အခန်းကဏ္ဍကို ဒီညီလာခံကြီးကနေ အသိအမှတ်ပြုပြီး တိုးတက်အောင်၊ ဖွံ့ဖြိုးအောင်၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးသွား နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ကဗျာဆရာ မောင်သွေးသစ်**
**(စာပေညီလာခံ (၂၀၁၇) ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ)**

အခု စာပေညီလာခံကြီးဟာ တကယ်အနှစ်သာရရှိတဲ့ ညီလာခံကြီး ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ စာပေပညာရှင်တွေက မျက်မှောက်ခေတ် စာပေလောကရဲ့ ဘုံပြဿနာတွေကို ဝိုင်းဖွဲ့ပြီး လွတ်လပ်စွာ ဆွေးနွေးနေကြပါတယ်။ အဲဒီကရရှိလာတဲ့ အကျိုးကျေးဇူးတွေကို ဒီဇင်ဘာ ၁၆ ရက်မှာလုပ်မယ့် ညီလာခံမှာ အများရဲ့ဆန္ဒကိုယူပြီး ပြန်ကြားရေးဝန်ကြီးဌာန ကတစ်ဆင့် သက်ဆိုင်ရာဌာနတွေကို ပေးပို့သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီညီလာခံကို ကျွန်တော်တို့ စာပေလောကမှာ ဖြစ်ပျက်နေတဲ့ ဘုံပြဿနာ အားလုံးကို ပုဂ္ဂိုလ်ရေးမပါဘဲနဲ့ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်စေရေး ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပရခြင်းပဲဖြစ်ပါတယ်။ အဲဒီတော့ မျက်မှောက်ခေတ် စာပေလောကအတွက်လည်း အကျိုးကျေးဇူးရှိမယ်။ အနာဂတ်စာပေလောက အတွက်လည်း အကျိုးကျေးဇူးရှိမှာဖြစ်ပါတယ်။

ဒီညီလာခံကြီးကို "လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံ"ဆိုတာ နဲ့အညီ ကျင်းပနေခြင်းပဲ ဖြစ်ပါတယ်။ ညီလာခံမှာ စာပေလောကကြီးအကျိုးရှိဖို့ စာပေလောကသားတွေအားလုံး မတူညီတာတွေကို ဘေးဖယ်ပြီး တူညီတာ တွေကို ပေါင်းစုပြီး ဆောင်ရွက်သွားဖို့ လိုပါတယ်။ စာရေးဆရာတွေ ပေါင်းစုပြီး တော့ နိုင်ငံတော်အတွက် အကျိုးရှိမယ့် အပေါင်းလက္ခဏာဆောင်တဲ့ စာပေ ဦးတည်ချက်တွေကို လုပ်စေချင်ပါတယ်။ မွန်မြတ်သောစာပေ၊ အနာဂတ်စာပေ လှုပဖို့အတွက် ဒီညီလာခံကြီးကနေ အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။

**စာရေးဆရာ ရည်ဖော်မောင်(ပြည်)**

ပြည်စာရေးဆရာအသင်းအနေနဲ့ အဖွဲ့နှစ်ဖွဲ့ လာရောက်ခဲ့တာပါ။ စာပေ ညီလာခံဆိုတာ နှစ်ပေါင်း ၅၀ ကျော်မှ တစ်ခါပြန်ပြီး ကြုံခဲ့ရတာပါ။ ညီလာခံ ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံ" ဆိုတဲ့ ဆောင်ပုဒ်ကို သဘောကျလို့ လာရောက်ခဲ့တာပါ။ အရင်ညီလာခံတွေလည်း တက်ခဲ့ဖူးပါတယ်။ ဒီတစ်ခါကတော့ အရင်ညီလာခံတွေနဲ့မတူ လွတ်လပ်စွာ ပါဝင်ဆွေးနွေးခွင့်ရတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ စာပေလောက အတွက် အများကြီး အကျိုးရှိမှာပါ။ ကျွန်တော်တို့အနေနဲ့ကတော့ "ရသစာပေ ကျဆုံးလာရခြင်း၏ အကြောင်းအရင်း အချက်အလက်များ"ဆိုတဲ့ ခေါင်းစဉ်နဲ့ ဒီဇင်ဘာ ၁၅ ရက်မှာ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ စာပေနယ်ပယ်အသီးသီးက ဆရာတွေကလည်း မြန်မာ့စာပေလောက ကျဆင်းလာတဲ့အပေါ်မှာ အားလုံး ခံစားမှု ရှိကြပါတယ်။ အဲဒီလို ခံစားမှုရှိတဲ့ သူတို့ရဲ့ ရင်ထဲကအသံက အမျိုးမျိုး ထွက်လာမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီညီလာခံကြီးဟာ စာပေလောက နယ်ပယ် အသီးသီးအတွက် အင်မတန် အကျိုးရှိမှာပါ။ လက်ရှိ မြန်မာနိုင်ငံ စာပေ လောကအတွက် ထူးခြားလာမယ့် ပွဲလို့မြင်ပါတယ်။


ကဗျာဆရာကိုလေး (အင်းဝဂုဏ်ရည်)


လဝန်းချိုချို(YU)


မိုးပန်းမွှန်(ရာမည)


ကာတွန်း အောင်ပီကျယ်

**စာရေးဆရာ ဟိန်းလတ်**
**(စာပေညီလာခံ (၂၀၁၇) ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ)**

ဒီနေ့မှာ မြန်မာဘာသာပြန်ကွန်ရက်အနေနဲ့ ဘာသာပြန်စံနှုန်းတွေကို ကျွန်တော်က ဦးဆောင်ဆွေးနွေးမှာဖြစ်ပြီး အမျိုးသားစာပေ ဘာသာပြန်ဆု တစ်ကြိမ်ရထားတဲ့ စာရေးဆရာ တော်ကောင်းမင်း၊ အမျိုးသားစာပေ တစ်ကြိမ် ရတဲ့ ဆရာရဲမြလွင်တို့က ပါဝင်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဘာသာပြန်ဟာ နိုင်ငံမှာ အရေးကြီးတယ်။ ဂျပန်၊ ကိုရီးယားနိုင်ငံတွေမှာဆိုရင် အင်္ဂလိပ်လို ဒီလထွက်ပြီးရင် နောက်တစ်လမှာ ကိုရီးယားလို၊ တရုတ်လို ထွက်ပြီးသားပါ။ ကျွန်တော်တို့လည်း အဲဒီလို စံနှုန်းမျိုးဖြစ်အောင် ကြိုးစားကြမယ်။ အခက်အခဲ၊ စိန်ခေါ်မှုတွေက ဘယ်လိုရှိတယ်ဆိုတာတွေကို ဆွေးနွေးပြီး ပြန်ကြားရေး ဝန်ကြီးဌာနကတစ်ဆင့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ဆက်လက်တင်ပြပါမယ်။ ဒါကြောင့် စာပေညီလာခံရဲ့ အနှစ်သာရဟာ "လွတ်လပ်သော အသံ၊ လွတ်လပ်သော စာပေ" ဆိုတဲ့အတိုင်း ကျွန်တော်တို့ လွတ်လွတ်လပ်လပ် ဆွေးနွေးမှုရလဒ်တွေ ကို နိုင်ငံတော်ကို တင်ပြနိုင်ဖို့ ကြိုးစားဆွေးနွေးကြမှာဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်တုန်းက ကမ္ဘာအေးမှာ စာပေညီလာခံ ကျင်းပခဲ့ပါတယ်။ အဲဒါ လွတ်လပ်တယ်လို့ ပြောကြတယ်။ အမှန်က မလွတ်လပ်ခဲ့ပါဘူး။ နောက်ပိုင်းကျတော့ စာပေလုပ်သားအဖွဲ့ပေါ်လာပြီး စာပေညီလာခံ ကျင်းပ တယ်။ နောက်ပြီး စာပေနှင့်စာနယ်ဇင်းအဖွဲ့ဆိုတာ ပေါ်လာတယ်။ စာပေ ညီလာခံ ကျင်းပတယ်။ စာရေးဆရာအသင်း ပေါ်လာတယ်။ စာပေညီလာခံ လုပ်တယ်။ ဒါပေမယ့် အဲဒီ စာပေညီလာခံအားလုံးဟာ မလွတ်လပ်ခဲ့ပါဘူး။ ဒီနှစ် စာပေညီလာခံကတော့ လွတ်လွတ်လပ်လပ်နဲ့ စာရေးဆရာအသင်း ၁၁ ဖွဲ့က လွတ်လပ်စွာပြောပြီး လွတ်လပ်တဲ့ စာပေ ဖွံ့ဖြိုးဖို့ ကြိုးပမ်းမှုဖြစ်တယ်။ အဲဒါကြောင့် မြန်မာစာပေသမိုင်းမှာ ဒီတစ်ခါ လွတ်လပ်မှုအရှိဆုံးနဲ့ အမှီခို အကင်းဆုံး အစိုးရက ကူညီတာကလွဲလို့ ဝင်ရောက်စွက်ဖက်ခြင်း မရှိပါဘူး။ လွတ်လပ်တယ်လို့ ခေါ်ပါတယ်။

ဒီညီလာခံဟာ စာရေးဆရာအသင်းတွေ၊ စာရေးဆရာတွေက ပထမဆုံး အကြိမ် လွတ်လပ်စွာ ပြောတာဖြစ်ပါတယ်။ အဲဒါကို အစိုးရပိုင်းက လူတွေ သိအောင် လုပ်ရမယ်။ စာအုပ်တွေ ပို့ဆောင်တဲ့ သယ်ယူပို့ဆောင်ရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ရထားခ၊ ကားခ၊ သင်္ဘောခ၊ လေယာဉ်ခတွေဟာ များနေ တယ်။ နည်းအောင် ဘယ်လို လုပ်ပေးမလဲ။ အဲဒါတွေ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို တောင်းဆိုမယ်။ တင်ပြမယ်။ အခွန်အခ တွေကလည်း များနေတယ်။ စာအုပ်ထုတ်ဝေသူ၊ စာရေးဆရာတွေအတွက် အမြတ်ခွန်ကအစ များနေတယ်။ အဲဒါတွေကို နည်းအောင် ဘယ်လိုလျှော့ပေး မလဲ။ ဒါတွေကို တင်ပြမှာဖြစ်ပါတယ်။ စာအုပ်ဆိုင်တွေ နည်းသွားပြီ။ ဘာဖြစ်လို့ လဲဆိုတော့ အခန်းခတွေ ဈေးကြီးလို့။ နိုင်ငံတော်က ဘယ်လိုစီစဉ်ပေးမလဲ။ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီပွဲတော်က လွတ်လပ်ခြင်းရဲ့အစပဲ။

**စာရေးဆရာမ မသီတာ (စမ်းချောင်း)**

ဒီညီလာခံ ကျင်းပမယ်လို့ သိရတဲ့အချိန်မှာ အဖွဲ့ပေါင်းစုံကို ဖိတ်ပြီး ဆွေးနွေးချက်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြသွားမယ်ဆိုတာ သဘောကျတဲ့အတွက် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ "နိုင်ငံတကာ အသိုက်အဝန်းဆီသို့" ခေါင်းစဉ်နဲ့ အတွေးအမြင် ပြောင်းလဲရေးအတွက် "ဘာသာပြန်စာပေ၏ ကဏ္ဍ" ခေါင်းစဉ်နှစ်ခုကို ဦးဆောင်ဆွေးနွေးသူအနေနဲ့ ပါဝင်မှာဖြစ်ပါတယ်။ ဒီမှာတော့ ဘာသာရပ်ပိုင်းဆိုင်ရာ ဆွေးနွေးမှုထက် ရသစာပေနဲ့ စာပေရဲ့ လိုအပ်နေတဲ့ ပြုပြင်ပြောင်းလဲမှုတွေအတွက် ဘာတွေ လုပ်နိုင်မလဲ။ ဘယ်လို ပူးပေါင်းဆောင်ရွက်မှုမျိုးကို နိုင်ငံတော်က ဖြစ်စေ၊ ပုဂ္ဂလိက လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေကဖြစ်စေ ဘယ်လို မျှော်လင့်သလဲဆိုတဲ့ မျှော်လင့်ချက်တွေကို ဒီဇင်ဘာ ၁၆ ရက်မှာ အားလုံးက သဘောတူညီစွာ မဲပေးဆုံးဖြတ်ကြမှာ ဖြစ်ပါတယ်။ အဲဒီ အချက်အလက်တွေကို လက်ခံရရှိတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဝန်ကြီးဌာနတွေက အမှန်တကယ် နားစွင့်ပြီး ပြုပြင်ပြောင်းလဲမယ်ဆိုရင် ရေရှည်မှာ နိုင်ငံ့အကျိုးအတွက်ရော မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အကျိုးရှိနိုင်ပါတယ်။ အဖွဲ့တွေ ဘယ်လိုပဲကွဲပြား နေပါစေ ပူးပေါင်းဆောင်ရွက်မှုဟာ အလုပ်ဖြစ်မှာ ဖြစ်ပါတယ်။ ပူးပေါင်း ဆောင်ရွက်လို့ရတယ်ဆိုတဲ့ သက်သေကိုတော့ ဒီညီလာခံက ပြနိုင်နေပြီလို့ မြင်ပါတယ်။ တချို့ တချို့တွေရဲ့ စိတ်ကူးအိပ်မက်တွေကိုတော့ အကောင် အထည်ဖော်ပေးနိုင်ချင်မှ ပေးနိုင်ပါလိမ့်မယ်။ ဒါပေမယ့် အများစုရဲ့ ပူးပေါင်း ဆောင်ရွက်မှုကိုလည်း မြင်ရတယ်။ မတူကွဲပြားမှုတွေလည်း ရှိနေတယ်။ အဲဒီ အတွက် စာပေသမိုင်းမှာ ရှားပါးတဲ့ ညီလာခံတစ်ခုအဖြစ် မြင်ပါတယ်။

**စာရေးဆရာမ မေဖွန့်အေး (မြန်မာစာရေးဆရာကလပ် ဗဟိုကော်မတီဝင်)**

ကျွန်မက ဝတ္ထုတွေ ရေးပါတယ်။ ကျောင်းဆရာမ တစ်ယောက်လည်း ဖြစ်ခဲ့တဲ့အတွက် ကလေးစာပေတွေလည်း ရေးဖြစ်ပါတယ်။ ၂၀၁၅ စာပေဗိမာန် စာမူဆု ပထမဆုရပါတယ်။ အဲဒီတော့ တာဝန်လည်း ကြီးသွားပါတယ်။ ကလေးစာပေနဲ့ပတ်သက်တဲ့ ကလေးဝတ္ထု၊ ကလေးပုံပြင်တွေကို တာဝန်ပေး လာပါတယ်။ အခုညီလာခံမှာတော့ "အနာဂတ်အတွက် ကလေးစာပေ" ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပါဝင်ဆွေးနွေးခွင့်ရပါတယ်။ ဒီစာပေညီလာခံဟာ "လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံ"ဆိုတဲ့အတိုင်း ကျွန်မတို့ ရင်ထဲ ရှိတာတွေကို လွတ်လွတ်လပ်လပ် ပြောခွင့်ရတယ်။ အချုပ်အချယ်အတားအဆီး မရှိပါဘူး။ လိုအပ်ချက်တွေကိုလည်း တောင်းဆိုလို့ရတဲ့ပွဲ၊ ဆွေးနွေးလို့ရတဲ့ ပွဲလည်း ဖြစ်ပါတယ်။ စာပေနဲ့ပတ်သက်ပြီး တိုးတက်မှုတွေ ရလာမယ်လို့ လည်း မြင်ပါတယ်။ စာပေလောကကြီး ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

စာမျက်နှာ ၁၀ သို့ ❖

# ရခိုင်ပြည်နယ်သတင်း

## မောင်တောမြို့၌ ပြန်လည် လက်ခံရေးစခန်း တည်ဆောက်မှုနှင့် ကျေးရွာသစ် တည်ဆောက်မှုများကို လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ လှည့်လည်ကြည့်ရှု



**မောင်တော ဒီဇင်ဘာ ၁၃**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိပြီး ပြန်လည်ရောက်ရှိလာမည့်သူများ ခေတ္တနေထိုင်နိုင်ရန် စီစဉ်ထားမှုများကို ကြည့်ရှုပြီး သိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် မင်းကြီးရွာတည်ဆောက်မည့်နေရာသစ်သို့ ရောက်ရှိကြပြီး ယခင်ရွာဟောင်းမှ ရွှေ့ပြောင်းနေထိုင်ကြမည့် ရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံသည်။ အဆိုပါ မင်းကြီးရွာကို ခမောင်းဆိပ်-တောင်ပြိုသွားသည့် လမ်းဘေး၌ တည်ဆောက်နေခြင်းဖြစ်ပြီး ကရင်ပြည်နယ်အစိုးရက အိမ် ၃၇ လုံး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက အိမ် ၄၅ လုံး တည်ဆောက်သွားမည်ဖြစ်သည်။ အသစ်တည်ဆောက်သည့် မင်းကြီးရွာတွင် ဆေးပေးခန်း၊ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းများ ပါဝင်မည်ဟု သိရသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များသည် တောင်ပြို၌ ပြန်လည်လက်ခံရေးစခန်း တည်ဆောက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုကြသည်။ **(ဝဲပုံ)** ထိုမှတစ်ဆင့် ခမီ၊ ဒိုင်းနက်၊ ချင်း လူမျိုးများ နေထိုင်နိုင်ရန် အသစ်တည်ဆောက်မည့် မြဝတီကျေးရွာ မြေနေရာအား သွားရောက်ကြည့်ရှုပြီး နေထိုင်ကြမည့် ရွာသူ ရွာသားများနှင့် တွေ့ဆုံသည်။

ထို့နောက် ခုံတိုင်(မြို)ကျေးရွာ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းပြသကြသည်။ အဆိုပါကျေးရွာတွင် အိမ်အလုံးပေါင်း ၁၄၀ ကို ချင်းပြည်နယ်အစိုးရအဖွဲ့၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးကူညီမှုများဖြင့် တည်ဆောက်သွားမည်ဟု သိရသည်။

ကော်မရှင်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မောင်တောမြို့ရှိ ကညင်တန်းဈေးသို့ သွားရောက်၍ ရောင်းဝယ်နေမှု အခြေအနေများကို လေ့လာကာ သိရှိလိုသည်များအား မေးမြန်းခဲ့ကြသည်။

**သတင်း-ဇေယျာမြင့်မောင်၊ ဓာတ်ပုံ-နေဝင်းထွန်း**

## စစ်တွေမြို့၌ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၃**
ရခိုင်ပြည်နယ်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်းများသည် မိမိ ခရိုင်၊ မြို့နယ်များအတွင်းရှိ နယ်မြေသတင်း၊ ထူးခြားဖြစ်စဉ်သတင်းများ၊ ပြည်သူ့အကျိုးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပေးပို့တင်ပြနိုင်ရေးအတွက် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ ဆင့်ပွားသင်တန်းကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်က နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



အဆိုပါ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်း ၁၃ ဦးကို သင်တန်းနည်းပြဆရာနှစ်ဦးက နယ်သတင်းကဏ္ဍတွင် သတင်းများ တင်ပြခြင်း၊ Google Drive အသုံးပြုခြင်း၊ Electionics Document Management System(EDMS) အသုံးပြု၍ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ Gmail အသုံးပြုခြင်းလုပ်ငန်းများကို သင်ကြားပို့ချဆွေးနွေးကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## သတင်းထောက်နှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့အား မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေနှင့်အညီ အရေးယူ




**နေပြည်တော် ဒီဇင်ဘာ ၁၃**
ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်ဒေသ၌ လုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရန်ကုန်မြို့တွင် ပြန်လည်အနားပေး စုဖွဲ့လျက်ရှိသည့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များအား ချဉ်းကပ်စည်းရုံး ဆက်သွယ်ပြီး ရခိုင်ဒေသနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ တပ်ဖွဲ့နှင့် သက်ဆိုင်သည့် အရေးကြီးလုံခြုံရေး စာရွက်စာတမ်း အထောက်အထားများကို ပြည်ပသတင်းဌာနများသို့ ပေးပို့ရန် ရည်ရွယ်ချက်ဖြင့် တရားမဝင် သတင်းရယူဆောင်ရွက်ခဲ့သည့် ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုဝလုံး (ခ) သက်ဦးမောင်မောင်နှင့် ကိုကျော်စိုးဦး (ခ) မိုးအောင်တို့ နှစ်ဦးအား သက်သေအထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ထောက်ကြန့်နယ်မြေရဲစခန်း (ပ) ၁၂၉၈/ ၂၀၁၇၊ ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေပုဒ်မ-၃ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ပါဝင်ပတ်သက်သူ ဒုတိယရဲမှူး မိုးရန်နိုင်နှင့် ရဲတပ်ကြပ်ကြီး ခင်မောင်လင်းတို့ နှစ်ဦးကိုလည်း ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေပုဒ်မအရ လည်းကောင်း၊ ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေများအရ လည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၉ မှ

**ကိုလေး (အင်းဝဂုဏ်ရည်)**
ကျွန်တော်တို့ တွေ့ခဲ့ဖူးတဲ့ အတွေ့အကြုံကို ကလေးတွေကို ပြန်မျှဝေချင်တဲ့အတွက် ဒီပွဲကို လာရောက်ခြင်းဖြစ်ပါတယ်။ "ဂန္ထဝင်မှသည် အသစ်သို့" ခေါင်းစဉ်နဲ့ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ဒီညီလာခံမှာ လွတ်လပ်သောစာပေ လွတ်လပ်သောအသံဆိုတော့ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် ပါဝင်ဆွေးနွေးလို့ရပါတယ်။ ဘယ်ခေတ်နဲ့မှ မတူတဲ့ စာပေဟောပြောပွဲတွေလည်း နေရာအနှံ့မှာ လုပ်နေတယ်။ ကျွန်တော်တို့ဟာ စာပေလောကအတွက် ပြန်လည်တည်ဆောက်ရမှာဖြစ်ပါတယ်။

**လဝန်းချိုချို(YU )**
စာပေကို ချစ်ပါတယ်။ ကျွန်မတို့ နိုင်ငံမှာ အမှောင်ဖုံးနေတဲ့ စာပေလောက က အခုမှ ပြန်ပြီး ပွင့်လင်းလာတယ်လို့လည်း မြင်ပါတယ်။ အကျိုးရလဒ်ကတော့ ချက်ချင်း ပြောင်းလဲသွားမှာ မဟုတ်ပေမယ့် တဖြည်းဖြည်းချင်းတော့ ပြောင်းလဲခြင်းရဲ့ လမ်းစကို ရောက်လာပြီလို့ ကျွန်မထင်ပါတယ်။ မြန်မာနိုင်ငံမှာ ကလေးတွေ စာမဖတ်ကြဘူး။ ကျောင်းစာသင်ရိုးကနေ ကလေးတွေကို ကူးမြောက်ခွင့်ပေးလိုက်တယ်။ ဦးနှောက်က ဖွံ့ဖြိုးပေမယ့်လည်း နှလုံးသားက မဖွံ့ဖြိုးဘူး။ အရိုင်းဆန်လာတယ်၊ ကိုယ်ချင်းစာတရားခေါင်းပါးလာတာ တွေ့ရတယ်။ ရသစာပေဖွံ့ဖြိုးလာရင် ဒါတွေ ပျောက်ကွယ်သွားမယ်လို့ မြင်ပါတယ်။ အခုအချိန်မှာ စာပေလောကဟာ လွတ်လပ်လာပြီး စည်းတွေ၊ ဘောင်တွေ ပိတ်ထားတာ မရှိတော့ဘူး။ အသင်းအဖွဲ့တွေ စုစုစည်းစည်းနဲ့ ဒီညီလာခံကို ပူးပေါင်းကျင်းပတာဖြစ်တဲ့အတွက် အကျိုးရလဒ်ကောင်းတော့ ရမယ်လို့ မြင်ပါတယ်။

**မိုးပန်းမွှန်(ရာမည)**
အခုညီလာခံမှာ တိုင်းရင်းသားစာပေတွေကို ကျောင်းတွေမှာ သင်ကြားပေးဖို့၊ တိုင်းရင်းသားစာပေ ဖွံ့ဖြိုးအောင် ဒီထက်ပံ့ပိုးပေးဖို့ တင်ပြမှာဖြစ်ပါတယ်၊ ကိုယ်ပြောချင်တဲ့ အကြောင်းအရာတွေ၊ ရင်ထဲ၊ နှလုံးသားထဲက အကြောင်းအရာတွေကို ပြောရေးဆိုခွင့်ရှိသွားတယ်။ လွတ်လွတ်လပ်လပ် တင်ပြခွင့်ရကြမယ်၊ ဒါကြောင့် ဒီစာပေညီလာခံကို အားလုံးက ထောက်ခံကြိုဆိုပါတယ်။

**ကာတွန်း အော်ပီကျယ် (ကာတွန်းဆရာအသင်း ဥက္ကဋ္ဌ)**
ဒီညီလာခံကြီးမှာ စာပေနဲ့ပတ်သက်တဲ့ အသင်းပေါင်း ၁၁ သင်း ပါဝင်ပါတယ်။ အဲဒီအထဲမှာကျွန်တော်တို့ ကာတွန်းဆရာအသင်းလည်းပါတာကြောင့် အခုလို လာရောက်ဖြစ်ခဲ့တာပါ။ ဒီညီလာခံကြီးကနေ ကာတွန်းလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာတွန်းအနေနဲ့ ဘာတွေ ဆောင်ရွက်ရမယ်၊ ဘာတွေ ဆောင်ရွက်သင့်တယ်၊ အနာဂတ်မှာ နိုင်ငံတော်အပါအဝင် ကျွန်တော်တို့ တစ်ဦးချင်းအပြင် အသင်းအနေနဲ့ အဓိက အဲဒါတွေကို ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ စာပေအနုပညာ၊ မီဒီယာနဲ့ပတ်သက်ရင် နိုင်ငံတကာနဲ့ ယှဉ်နိုင်ဖို့ နိုင်ငံတော်အတိုင်းအတာအပြင် တစ်ဦးချင်းကဏ္ဍ ပူးပေါင်းဖို့အတွက် စာပေညီလာခံလိုအပ်ပါတယ်။ အဲဒီနှစ်ခု ပူးပေါင်းနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့လိုအပ်ချက်၊ နိုင်ငံတော်ရဲ့ အမြင်၊ တစ်သင်းနဲ့ တစ်သင်း၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ညှိနှိုင်းရမှာပါ။ အဲဒီလို လုပ်ဆောင်သွားရင် တိုးတက်ဖို့ လမ်းစတွေ မြင်ပါတယ်။ အခုကတော့ ပထမဆုံးအကြိမ်ဆိုတော့ နည်းနည်းတော့ စနစ်ကျဖို့လိုသေးတယ်။ သို့သော် နောင်နှစ်တွေမှာ ဒီထက် ပိုပြီးကောင်းမွန်အောင် လုပ်ဆောင်သွားနိုင်လိမ့်မယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့ စာပေလောကရဲ့ အနာဂတ်ဟာ အခုညီလာခံက ပေါ်ထွက်လာတဲ့ သုံးသပ်ချက်တွေကို နိုင်ငံတော်က ဘယ်လို ဆက်လက်အကောင်အထည်ဖော်မလဲ၊ ကျွန်တော်တို့ တစ်ဦးချင်းကလည်း ဘယ်လို ပူးပေါင်းဆောင်ရွက်မလဲဆိုတဲ့ အပေါ်မှာ မူတည်ပါတယ်။ **တွေ့ဆုံမေးမြန်း-ဇော်ကြီး၊ နန္ဒာဝင်း၊ ဓာတ်ပုံ-လှမိုး**

# ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာ ကျင်ပြိုင်ပွဲဖွင့်ပွဲ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၃**

(၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ဝက်ဘာကွင်း၌ ကျင်းပသည်။

ကျင်ကိုင်ပွဲကို ရခိုင်ပြည်နယ်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ရခိုင်ရိုးရာ ကျင်ပြိုင်ပွဲ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးအောင်စောမြနှင့် စစ်တွေမြို့မိ မြို့ဖအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သာစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ကျင်ပြိုင်ပွဲဖွင့်ပွဲအဖြစ် ကျင်သန်ကြီးများက မင်္ဂလာကျင်ကိုင်ပြီး သရုပ်ပြသကြသည်။ ထို့နောက် ကျောက်ဖြူမြို့မှ မမိစုဝေက ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ်ရှိ ဝတီလေးရပ်ကိုယ်စားပြု ရေအိုးငါးအိုး ခေါင်းပေါ်တင်ကာ ဝက်ဘာကွင်းတစ်ပတ် ဆိုင်ကယ်စီးပြသရာ ရခိုင်ပြည်နယ်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးကျော်အေးသိန်းက ဆုငွေငါးသိန်းပေးအပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီးတော့ ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ကိုင်ပွဲကို နှစ်စဉ်နှစ်တိုင်း ရိုးရာအစဉ်အလာမပျက် ကျင်းပလျက်ရှိပါတယ်၊ ဒီပြိုင်ပွဲမှာ ရွှေမောင်းတန်းနဲ့ ငွေမောင်းတန်းဆိုပြီးတော့ ပြိုင်ပွဲနှစ်မျိုးရှိပါတယ်၊ ရွှေမောင်းတန်းအတွဲလိုက် ပြိုင်ပွဲတွေမှာ နိုင်တဲ့သူကို ငွေကျပ်နှစ်သောင်းနဲ့ ရှုံးတဲ့သူကိုတော့ တစ်သောင်းခွဲချီးမြှင့်ပြီး ငွေမောင်းတန်းအတွဲလိုက်ပြိုင်ပွဲမှာ နိုင်တဲ့သူကို ငွေကျပ်တစ်သောင်းနဲ့ ရှုံးတဲ့သူကို ငွေကျပ်ခြောက်ထောင် ပေးအပ်သွားမှာဖြစ်ပါတယ်၊ ပြိုင်ပွဲတွေကိုတော့ ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ ရက်အတွင်းမှာ မွန်းတည့် ၁၂ နာရီမှ စတင်ပြီးတော့ ညနေထိကျင်းပသွားပါမယ်၊ ရွှေမောင်းတန်းမှာ ပြိုင်ပွဲဝင်အားကစားသမားအနည်းဆုံး ၄၀ နဲ့ ငွေမောင်းတန်းမှာ ၃၂၀ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ခန့်မှန်းထားပါတယ်"ဟု ရခိုင်ရိုးရာ ကျင်ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်စောမြက ပြောသည်။

ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ကျင်ပြိုင်ပွဲတွင် ရွှေမောင်းတန်းပထမဆု ရွှေလေးကျပ်သား၊ ဒုတိယဆု ရွှေသုံးကျပ်သား၊ ပူးတွဲတတိယဆု ရွှေနှစ်ကျပ်သားစီနှင့် ငွေမောင်းတန်းတွင် ပထမဆု ရွှေသုံးကျပ်သား၊ ဒုတိယဆု ရွှေနှစ်ကျပ်သား၊ ပူးတွဲတတိယဆု ရွှေသုံးမတ်သားစီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျင်ပြိုင်ပွဲဖွင့်ပွဲသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျင်သန်ကြီးများနှင့် ကျင်ဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





## ပစ္စည်းအမျိုးအစား ၁၀ ပါ စားကုန်ပစ္စည်းထုပ်များ မောင်တောကယ်ဆယ်ရေးစခန်းများတွင် ထောက်ပံ့

**မောင်တော ဒီဇင်ဘာ ၁၃**

အိန္ဒိယအစိုးရက ထောက်ပံ့လှူဒါန်းသော ထောက်ပံ့ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယနေ့တွင် မောင်တောမြို့ပေါ်ရှိ နေရာငါးခုသို့ သွားရောက်ထောက်ပံ့ခဲ့သည်။

"အိန္ဒိယအစိုးရက လှူဒါန်းထားတဲ့ ပစ္စည်းအမျိုးအစား ၁၀ ပါ အထုပ်တွေကို ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်က နေရပ်စွန့်ခွာပြည်သူတွေနဲ့ဆင်းရဲတဲ့ပြည်သူတွေကို လာရောက်ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်၊ ဒီနေ့မှာတော့ မောင်တောမြို့ နေရာငါးခုမှာ သွားရောက်လှူဒါန်းပေးခဲ့ပါတယ်၊ ထပ်မံပြီးတော့လည်း အခြားနေရာတွေမှာ လှူဒါန်းပေးသွားမှာ ဖြစ်ပါတယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ အောင်သူရိန်က ပြောသည်။

ယနေ့တွင် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဟိန္ဒူကယ်ဆယ်ရေးစခန်းအတွက် ၁၆၆ ထုပ်၊ ထွေ/အုပ် နောက်ဟိန္ဒူကယ်ဆယ်ရေးစခန်းအတွက် ၁၃၄ ထုပ်၊ သာသနာ့ဗိမာန်ရှိ ဟိန္ဒူနှင့် ရခိုင်တိုင်းရင်းသားများအတွက် ၁၉၅ ထုပ်၊ အလိုတော်ပြည့်ကျောင်းရှိ တိုင်းရင်းသားများ အတွက် ၄၂ထုပ်၊ ၄ မိုင်ရှိ အစ္စလာမ်ဘာသာဝင်များ အတွက် ၁၄၅ ထုပ် စုစုပေါင်း ၆၄၆ ထုပ်ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးသည့် အထုပ်တစ်ထုပ်လျှင် ခြင်ထောင်နှစ်လုံး၊ ဆန်၊ နို့မှုန့်၊ သကြားတို့ အပါအဝင် အမျိုးပေါင်း ၁၀ ပါဝင်ကြောင်း၊ သီးသန့်အနေဖြင့် ဆီထုပ်များ၊ဆပ်ပြာခဲများ ပါဝင်ကြောင်း၊ ထိုကဲ့သို့ ပစ္စည်းအမျိုးအစား ၁၀ ပါ အထုပ် ၅၀၀ ကျော်ကို ဘူးသီးတောင်မြို့နယ်တွင် သွားရောက်လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသော နေရာများတွင်လည်း ထပ်မံသွားရောက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ**

**ဓာတ်ပုံ-နေဝင်းထွန်း**

## စက်မှုလယ်ယာဦးစီးဌာနက ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချိုးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရ၊ အင်းဒင်၊ သဘော်ကွေ့၊ ကညင်တန်း၊ ညောင်ချောင်း ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ စုစုပေါင်း ဧက ၆၅၂၀ ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြွိတဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန် ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်း ခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ မှ ဒီဇင်ဘာ ၁၂ ရက်အထိ စုစုပေါင်း ၄၄၈ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရုတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညိုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ စုစုပေါင်း ၆၁၇ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွှာ၊ ဖားပျော်၊ တောင်တိုက်ပုက္ခ၊ ဝင်းဇားကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ စုစုပေါင်း ၃၂၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ် အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပု ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ စုစုပေါင်း ဧက ၄၂၀ ရိတ်သိမ်းပြီး ဖြစ်သည်။

ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ စုစုပေါင်း ၂၉၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ မကျီးကုန်း(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော)ကျေးရွာတွင် နွားတစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရွက်ညိုတောင်(တိုင်းရင်းသား)ကျေးရွာတို့တွင် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်းစခန်း သုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့သည်။ ယနေ့အထိ စခန်း သုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၃၃ ကောင်တို့အား ကာကွယ်ကုသဆေး ထိုးနှံပေးခြင်း၊ ဆိတ် ၆၉၃ကောင် တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုဝင်ဘာလအတွင်း အကောက်ခွန်မဲ့ ပစ္စည်းတန်ဖိုး ကျပ်သန်း ၂၈၀၀ ကျော် သိမ်းဆည်းရမိ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ ပစ္စည်းများကို တားဆီးစစ်ဆေး အရေးယူလျက်ရှိရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာအတွင်း အကောက်ခွန်မဲ့ပစ္စည်း တန်ဖိုး ကျပ်သန်း ၂၈၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း တင်သွင်း၊ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၂၄ ဒသမ ၇၀၁ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးဖမ်းဆီးမိခဲ့ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်က တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀ ဒသမ ၈၈၀ သန်းခန့်)၊ ရန်ကုန်ဆိပ်ကမ်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇ ဒသမ ၅၇၀ သန်းခန့်)၊ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၉ ဒသမ ၅၅၅ သန်းခန့်)၊ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၆ ဒသမ ၂၉၈ သန်းခန့်)၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၅၈ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၄ ဒသမ ၇၄၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၂၉ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၁ ဒသမ ၃၈၂ သန်းခန့်)၊ မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၈၅၉ သန်းခန့်)၊ မူဆယ်မြို့နယ် (OSS) စစ်ဆေးရေးစခန်းက တားဆီးမှု ၃၁ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၁ ဒသမ ၅၄၁ သန်းခန့်)၊ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀ ဒသမ ၉၆၂ သန်းခန့်)၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၃၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၉၇ ဒသမ ၉၁၀ သန်းခန့်) စုစုပေါင်း တားဆီးမှု ၃၈၈ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၂၄ ဒသမ ၇၀၁ သန်းခန့်) အား သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ သိမ်းဆည်းရမိခဲ့ရာတွင် ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၃ ရက်က ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဒုတိုင်းဦးစီးမှူး ဦးဆောင်သော အင်အား ၁၂ ဦးဖြင့် ဘုရားကြီးမြို့နှင့် ဝေါမြို့လမ်းကြောင်းပေါ်တွင် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် Nissan Condor Truck ယာဉ် တစ်စီးကို တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော မော်တော်ယာဉ် အင်ဂျင်နှင့် ဆက်စပ်ပစ္စည်း ၈၅ မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး အပါအဝင် ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၆ ဒသမ ၄၇၀ သန်းခန့်အား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**



# တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများ သယ်ဆောင်လာမှု မရမ်းချောင်စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများ သယ်ဆောင်လာမှုကို မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဒီဇင်ဘာ ၁၂ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သည့် ရွှေဖြူရှောင်ကွင်းလမ်းတွင် ဆိုင်ကယ်ကယ်ရီများဖြင့် စုပုံထားသည့် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော Used TV ဆိုဒ်စုံ 111U (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၆၆၅ သန်း)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၈၂၀ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒီဇင်ဘာ ၁၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၇၇ စီး၊ သွင်းကုန် ၁၀၀၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၅၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**

# ပင်လည်ဘူးမြို့နယ်တွင် ငွေကျပ် သိန်း ၁၂၁၀ တန်ဖိုးရှိ ဘိန်းဖြူများနှင့် ငွေကျပ် ၁၆ ဒသမ ၉၅ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မူးယစ်တပ်ဖွဲ့စု(၆) ကသာနှင့် မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက် ည ၉ နာရီက ပင်လည်ဘူးမြို့နယ် ရွာသာယာကျေးရွာအုပ်စု ပေကုန်းကျေးရွာသစ်ကုန်း အနီး ကောလင်း-ပင်လည်ဘူးသွား ကားလမ်းဘေးတွင် မူးယစ်ဆေးဝါးများကို ဝယ်လက်အသွင်ယူ၍ စောင့်ဆိုင်းနေစဉ် ဇော်မင်း မောင်းနှင်ပြီး ကျော်လွှမ်းမိုး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၁၀ (အလေးချိန် ၁ ဒသမ ၂၁ ကီလို)၊ စိတ်ကြွရူးသွပ်ဆေး ၃၃၉ ပြား၊ လက်ကိုင်ဖုန်း သုံးလုံးနှင့် ငွေကျပ် နှစ်သိန်းတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၆)ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်လေးပင်မြို့ မြို့မ(၃) ရပ်ကွက် စာတိုက်လမ်း အမှတ် (၃၄) ရှိ နယ်သစ်ဦး စားသောက်ဆိုင်တွင် တွေ့ရှိသူ လင်းလင်း(ခ)သက်နိုင်ဌေးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၄၄၅ ပြား၊ အိုက်စ် သုည ဒသမ ၅ ဂရမ် နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၈ နာရီတွင် ၎င်းငှားရမ်းနေထိုင်သည့် နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၉ ပြားနှင့် အိုက်စ် သုည ဒသမ ၈ ဂရမ်တို့ကို လည်းကောင်း။



ထို့အတူ ဒီဇင်ဘာ ၁၁ ရက် ည ၈ နာရီခန့်က မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် (၆၅) လမ်းနှင့် သဇင်လမ်းထောင့်ရှိ Gentleman Inn ဧည့်ခန်းအတွင်းရှိ ရန်ထူးအောင်(ခ)သော်ဇင်ဦးနှင့် ကျော်ဇင်ထက်တို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ ကိုလည်းကောင်း။

မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာ ကောင်းခါး-ကွတ်ခိုင်သွားကားလမ်း ယူကလစ်တောအနီးတွင် ကောင်းခါးကျေးရွာဘက်မှ ကွတ်ခိုင်မြို့ဘက်သို့ စိုင်းလှဝင်း မောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့နယ်တွင် တရားမဝင် နှစ်လုံးပြူးသေနတ်နှင့် ကျည်ဆန်များ သိမ်းဆည်းရမိ

**ကလေး ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် မောက်လင်းကျေးရွာအုပ်စု အမှတ် (၅၃) ကြိုးကြာကွင်းကျေးရွာနေ လိုင်စင်မဲ့ လက်နက်ကိုင်ဆောင်သူ ကိုင်ဇခိုင်(၅၀နှစ်) ၏ နေအိမ်တွင် တရားမဝင် နှစ်လုံးပြူးသေနတ်တစ်လက်နှင့် ကျည်ဆန် သုံးတောင့်ကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၆ နာရီခွဲက ရှာဖွေ



သိမ်းဆည်းရမိကြောင်း သိရသည်။

အမှုဖြစ်စဉ်မှာ ကလေးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ဗိုလ်ဗိုလ်ဝင်းထွဋ်၊ ရဲတပ်သား ဇော်ဝင်းထွဋ်နှင့် တရားလို ဦးစီးတပ်ဖွဲ့ဝင်များအပါအဝင် သက်သေများနှင့်အတူ ကလေးမြို့နယ် ကြိုးကြာကွင်းကျေးရွာနေ ကိုင်ဇခိုင်၏နေအိမ်တွင် တရားမဝင်သေနတ်နှင့် ကျည်ဆန်များ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ နေအိမ်တွင် ကိုင်ဇခိုင်အား အသင့်တွေ့ရှိပြီး ယင်းနေအိမ်ကို ရှာဖွေရာ ကိုင်ဇခိုင်၏ အိပ်ခန်းအတွင်းရှိ မွေ့ရာပေါ်မှ ပြောင်းအရှည် ၁၂ လက်မခန့်၊ ကိုယ်ထည်အရှည် ရှစ်လက်မခန့်၊ ဒင်အရှည် ကိုးလက်မခန့် စုစုပေါင်းအရှည် ၂၉ လက်မခန့်၊ သေနတ်ပြောင်းရင်းတွင် DACO စာတန်းတံဆိပ်၊ သေနတ်ကိုယ်ထည်တွင် သိမ်းငှက်ရုပ်နှင့် DE-LUXARMS CO စာတန်းတံဆိပ်၊ အရှည် ၂၄ လက်မခန့်ရှိ အနက်ရောင်လွယ်ကြိုးတွင် SKတံဆိပ်ပါ နှစ်လုံးပြူးသေနတ် တစ်လက်အား ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းအပြင် အိပ်ခန်းအတွင်းရှိ သစ်သားတန်းပေါ်တွင် ကျည်ဆန်နောက်ပိတ်၌ 12 SHAKTMAN 12 EXPRESS စာတန်းတံဆိပ်နှင့် အဖြူရောင်ပလတ်စတစ်ထိပ်ဖူးပါ နှစ်လုံးပြူးသေနတ် ကျည်ဆန်နှစ်တောင့်နှင့် အလားတူ အင်္ဂလိပ်စာတန်းတံဆိပ်နှင့် အနီရောင်ပလတ်စတစ်ထိပ်ဖူးပါ နှစ်လုံးပြူး သေနတ်ကျည်ဆန်တစ်တောင့် စုစုပေါင်း နှစ်လုံးပြူးကျည်ဆန် သုံးတောင့်တို့ကို သက်သေခံပစ္စည်းများအဖြစ် ရှာဖွေတွေ့ရှိသဖြင့် လိုင်စင်မဲ့ လက်နက်ကိုင်ဆောင်သူ ကိုင်ဇခိုင်အား ကလေးမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဆန်အိတ်တင် ခြောက်ဘီးယာဉ် တိမ်းမှောက်၍ လူနှစ်ဦး သေဆုံး

**ငဖဲ ဒီဇင်ဘာ ၁၃**

မင်းဘူး-အမ်းကားလမ်း ငဖဲမြို့နယ် နတ်ရေကန်ရှောင်ကွင်းလမ်း မိုင်တိုင် ၁၃ မိုင်အနီး ဂုတ်ကြီးကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ(ပေါလုကွေ့)၌ ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်သို့ ဆန်အိတ်များ တင်ဆောင်မောင်းနှင်လာသည့် ကုန်တင်ယာဉ် တစ်စီးသည် ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်က တိမ်းမှောက်ခဲ့ပြီး လူနှစ်ဦး သေဆုံးခဲ့ကြောင်း ဂုတ်ကြီးရဲစခန်းမှ သိရသည်။

"ယာဉ်ပေါ်မှာ သုံးဦးလိုက်ပါလာပြီးတော့ ယာဉ်မောင်းနဲ့ နောက်တစ်ဦးက နေရာမှာတင် သေဆုံးသွားပါတယ်၊ သေဆုံးသူ နှစ်ဦးနဲ့ သတိမေ့နေတဲ့ ကျန်တစ်ဦးကိုတော့ ပဒါန်းတိုက်နယ်ဆေးရုံကို ပို့ထားပါတယ်"ဟု ဂုတ်ကြီးရဲစခန်းမှူး ရဲအုပ်ကျော်မျိုးက ပြောသည်။

ယာဉ်တိမ်းမှောက်နေရာသို့ သွားရောက်စစ်ဆေးချက်အရ ယာဉ်မောင်း ပြည့်ဖြိုးအောင် ဇေယျဝတီရပ်ကွက် အောင်လံမြို့နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ ဖြိုးကိုကိုနှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ ကျော်ဝင်းထွန်းတို့ လိုက်ပါလာသည့် ဆန်အိတ်များ တင်ဆောင်ထားသော ခြောက်ဘီးယာဉ်မှာ မိုင်တိုင် ၁၃ အနီး ကားလမ်း၏ယာဘက်တွင် တိမ်းမှောက်နေသည်ကို တွေ့ရသည်ဟု ၎င်းက ပြောသည်။

ယာဉ်မဆင်မခြင် မောင်းနှင်သူ ပြည့်ဖြိုးအောင်အား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဇေယျတု(မကွေး)**





# ဆာလာက ကျွန်တော့်ထက် ပိုကောင်းပါတယ်

ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဒရော့ဘာက ချယ်လ်ဆီးမှာ မိုဟာမက်ဆာလာ ပြသခဲ့တဲ့ခြေစွမ်းဟာ သူ ချယ်လ်ဆီးမှာ လုပ်ဆောင်ခဲ့မှုနဲ့မတူတဲ့ အခြားအဆင့်တစ်ရပ်မှာရှိနေတာဖြစ်တယ်လို့ ချီးကျူးစကားဆိုလိုက်ပါတယ်။ အီဂျစ်လက်ရွေးစင် ဆာလာဟာ အီဂျစ်အသင်းကို ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်အောင် အဓိကနေရာကနေ ကူညီခဲ့သူဖြစ်သလို လက်ရှိ လီဗာပူးအသင်းမှာလည်း ထိပ်တန်းခြေစွမ်းပြသပြီး ၁၆ ပွဲမှာ ၁၃ ဂိုး သွင်းယူပေးထားသူဖြစ်ကာ ပရီမီယာလိဂ် ထိပ်တန်းဂိုးသွင်းရှင်အဖြစ် ရပ်တည်နေပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်တာကာလ အဲဒီတုန်းက ချယ်လ်ဆီးနည်းပြအဖြစ် ဆောင်ရွက်နေတဲ့ မော်ရင်ဟိုက ဆာလာကို ဘေဆယ်လ်ကနေ ချယ်လ်ဆီးကို ခေါ်ယူခဲ့ပေမယ့် ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ပါဘူး။ အဲဒီနောက် စီးရီးအေကလပ် ဖီအိုရင်တီးနား၊ ရိုးမား တို့မှာ ထူးခြားတဲ့ စွမ်းဆောင်ရည်ပြသနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ကလပ် လီဗာပူးက ခေါ်ယူခဲ့တာဖြစ်ပါတယ်။

ဒရော့ဘာက “သူက အသင်းရဲ့ ဘော့စ်၊ အသင်းရဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်လာနေသူပါ၊ ဒါကို နိုင်ငံအသင်းမှာရော ကလပ်အသင်းမှာပါ ကျွန်တော်တို့ မြင်တွေ့ခဲ့ရပြီးဖြစ်ပါတယ်” လို့ ချီးကျူးစကားဆိုခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဒရော့ဘာက ဆာလာမှာ အီဂျစ်အသင်းအတွက် ကမ္ဘာ့ဖလားရယူပေးနိုင်မည်မဟုတ်သော်လည်း ပြိုင်ပွဲ၏ ကြယ်ပွင့်ကစားသမားဖြစ်လာမည်ဖြစ်ကြောင်း ဟောကိန်းထုတ်လိုက်ပါတယ်။

---

## ချယ်လ်ဆီးတွင် ကစားသမားကောင်း တစ်ဦးသာရှိဟု မက်ဆီ ယုံကြည်

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက ချယ်လ်ဆီးမှာ ကစားသမားကောင်းတစ်ဦးသာရှိသောအသင်းဟု ယူဆကြောင်း စပိန်သတင်းစာ ဒွန်ဘလွန်က ဖော်ပြသည်။ ချယ်လ်ဆီးနှင့် ဘာစီလိုနာတို့သည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် ထိပ်တိုက်တွေ့ဆုံနေပြီးနောက် မက်ဆီက ဟာဇက်သာ ချယ်လ်ဆီး၏ တစ်ဦးတည်းသော ကစားသမားကောင်းဖြစ်သည်ဟု မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။ မက်ဆီက ကန်တီမှာလည်း အကောင်းဆုံးအနေအထားမရှိတော့သလို ပက်ဒရို၊ ဝီလီယံတို့ကလည်း ကောင်းတစ်ခါ မကောင်းတစ်လှည့်ဖြစ်နေကြပြီး ချယ်လ်ဆီးတွင် အမြဲတမ်းခြေစွမ်းပြနိုင်သူဟူ၍ ဟာဇက်သာရှိသည်ဟု မှတ်ချက်ပြုခဲ့သည်။

မက်ဆီမှာ ချယ်လ်ဆီးနှင့် တွေ့ဆုံတိုင်း ဂိုးပေါက်ပျောက်ဆုံးတတ်သည့် မှတ်တမ်းဆိုးတစ်ရပ်ရှိသော်လည်း ချယ်လ်ဆီးကို အသာအယာဖြတ်ကျော်နိုင်လိမ့်မည်ဟု ယုံကြည်ထားခြင်းဖြစ်သည်။ သို့သော် ဘာစီလိုနာအသင်းကမူ ချယ်လ်ဆီးနှင့် တွေ့ဆုံတိုင်း အသာရလေ့ရှိရာ ယခုတစ်ကြိမ်တွင်လည်း ဘာစီလိုနာသာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်မည်ဟု မှန်းဆချက်များရှိနေသော်လည်း ချယ်လ်ဆီးနည်းပြ ကွန်တီကမူ မည်သည့်အသင်းနှင့် တွေ့တွေ့ ရင်ဆိုင်ရန်အသင့်ဟု တုံ့ပြန်ထားသည်။



# မပြီးဆုံးသေးတဲ့ မန်ချက်စတာဒါဘီဂယက်

မန်စီးတီးနည်းပြ ဂွါဒီယိုလာက မိမိတို့အသင်းရဲ့ အောင်ပွဲခံမှုက မန်ယူအသင်းကို ထိခိုက်မှုရှိခဲ့ပါက ဒီအတွက် စိတ်မကောင်းဖြစ်ရပေမယ့် ဒါဟာ မော်ရင်ဟိုရဲ့ စွပ်စွဲမှုတွေကြောင့်တော့ မဟုတ်ဘူးလို့ တုံ့ပြန်လိုက်ပါတယ်။ မန်ယူနည်းပြ မော်ရင်ဟိုက ကိုယ်ပေါ်ကို နွားနို့တွေ လောင်းချခဲ့သလို မန်စီးတီးနည်းပြ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ အတီတာလည်း ဘယ်ကရောက်လာမှန်းမသိတဲ့ ကော်ရေဘူးနဲ့ ပစ်ပေါက်ခံခဲ့ရတာ စတဲ့စတဲ့ဖြစ်ရပ်တွေလည်း ဖြစ်ခဲ့ပါတယ်။

ဂွါဒီယိုလာက “ကျွန်တော်တို့က ယူနိုက်တက်ကို မလေးမစားဖြစ်ခဲ့တယ်ဆိုရင် တောင်းပန်ပါတယ်၊ ဒါက မော်ရင်ဟို ဒါမှမဟုတ် ကစားသမားတစ်ဦးအတွက် မဟုတ်ပါဘူး”လို့ ပြောကြားလိုက်တာဖြစ်ပါတယ်။ မန်ယူနည်းပြ မော်ရင်ဟိုကတော့ မန်စီးတီးရဲ့ အိုးထရက်ဖို့ဒ်အဝတ်လဲခန်းအတွင်း အောင်ပွဲခံမှုပုံစံက ပြိုင်ဘက်ကို လေးစားမှုလျော့နည်းလွန်းတယ်ဆိုတဲ့ စွဲချက်ပြုခဲ့ပြီး “မတူကွဲပြားမှုတွေအတွက် ပညာပေးဖို့ လိုအပ်ပါတယ်” လို့ ပြောကြားခဲ့သလို အာဆင်နယ်ရဲ့ အမ်းမရိတ်စ်မှာ မန်ယူအသင်း အနိုင်ရခဲ့ပေမယ့် ဘယ်လို လုပ်ဆောင်ခဲ့သလဲဆိုတာကို ဥပမာပေးပြီး ခိုင်းနှိုင်းခဲ့ပါတယ်။ မန်ယူအသင်းဟာ အာဆင်နယ်ကို အဝေးကွင်းတွင် သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့သော်လည်း ပြဿနာတစ်စုံတစ်ရာ မဖြစ်ခဲ့ဘဲ ပြီးဆုံးခဲ့ခြင်းကို မော်ရင်ဟိုက ပြန်ပြောင်းဥပမာအဖြစ် ပြခဲ့တာဖြစ်ပါတယ်။

အက်ဖ်အေ(အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)က ဒီဇင်ဘာ ၁၃ ရက်နောက်ဆုံးထားပြီး ဒီဖြစ်ရပ်အတွက် နှစ်သင်းစလုံးရဲ့ အကြောင်းပြန်ဖို့ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဂွါဒီယိုလာကတော့ အင်အားကြီး မြို့ခံပြိုင်ဘက်ကို အနိုင်ယူပြီး အမှတ်ပေးဇယားကို ၁၁ မှတ်အထိဖြတ်ပြီး ဦးဆောင်နိုင်တဲ့အပေါ် အောင်ပွဲခံဖို့ အခွင့်အရေး သူကိုယ်တိုင် လမ်းဖွင့်ပေးခဲ့တာလို့ ပြောပါတယ်။

ဂွါဒီယိုလာက “ဒီအခိုက်အတန့်က ကျွန်တော်တို့အတွက် တကယ့်ကို ကျေနပ်ဖွယ်ရာပါပဲ၊ ဒါကို လူတွေက နားမလည်နိုင်ဘူးဆိုရင် ဒီအတွက် ကျွန်တော်စိတ်မကောင်းပါဘူး၊ ကျွန်တော်တို့က ဒါဘီပွဲမှာ အနိုင်ရခဲ့တာပါ” လို့ ပြောခဲ့တာပါ။ ဒါ့အပြင် မန်စီးတီးအနေနဲ့ အခန်းထဲမှာသာ အောင်ပွဲခံခဲ့တာဖြစ်ပြီး ဒီအရာက မှားယွင်းခဲ့တယ်ဆိုရင် တောင်းပန်ပါတယ်လို့ ဆိုခဲ့တာဖြစ်ပါတယ်။

ဒီလို တစ်ဖက်နဲ့တစ်ဖက် မပြီးဆုံးအောင် ပြစ်တင်ဝေဖန်နေချိန်မှာ ဒီပြဿနာထဲကို နောက်ထပ် ပါဝင်လာသူကတော့ စပါးနည်းပြ ပိုချက်တီနိုပါ။ ပိုချက်တီနိုက အိုးထရက်ဖို့ဒ်ရဲ့ ဥမင်ထဲ ဖြစ်ခဲ့တဲ့ပြဿနာတွေကို မျက်မြင်တွေ့ရှိကြသူတွေကြောင့် သတင်းတွေ မဖုံးနိုင်မဖိနိုင် လျှံတက်လာတဲ့အပေါ် လှောင်ပြောင်တဲ့သဘောနဲ့ ဝင်ပြောခဲ့တာဖြစ်ပါတယ်။

ပိုချက်တီနိုက စပါးရဲ့ အသစ်တည်ဆောက်ထားတဲ့ ကွင်းသစ်ကြီးဟာ မှန်နံရံတွေ ပါဝင်တည်ဆောက်ထားတာကြောင့် ဥမင်ထဲကို ပရိသတ်တွေက မှန်တွေကတစ်ဆင့် ကြည့်ရင် မြင်ရမယ့်အနေအထားပါ။ ဒါကို ပိုချက်တီနိုက “ဆေးအမည်းရောင်သုတ်ရဖို့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ပွင့်နေတဲ့နေရာတွေကို လိုက်ကာနဲ့ကာရင် ကာထားရမှာပေါ့”လို့ မှတ်ချက်ပြုလိုက်တာဖြစ်ပါတယ်။

မေလဲ့သင်း-ရေးသားသည်

## အတ္တလန်တာရဲ့ အိမ်ကွင်းအားကို ကျော်ဖြတ်ဖို့ခက်မယ့် လာဇီယို

ရှိုင်းမင်းမင်း

### ၂၀၁၇-၁၈ အီတလီ စီးရီးအေ ရင်ခုန်သံ-၁၇

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၁၇ ကို လာမယ့် ဒီဇင်ဘာ ၁၆၊ ၁၇၊ ၁၈ ရက်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး အိမ်ကွင်းခြေစွမ်းပိုင်းကောင်းတဲ့ အတ္တလန်တာနဲ့ လာဇီယိုတို့ ဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ကောင်းနေကာအင်တာမီလန်ကတော့ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### အင်တာမီလန် - အူဒီနီးစ် ည ၈း၃၀ (၁၆-၁၂-၁၇)

လက်ရှိအချိန်မှာ အင်တာမီလန်ခြေက အကောင်းဆုံးဖြစ်နေပါတယ်။ ထိုးစစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်မှုရှိသလို အိမ်ကွင်းဖြစ်နေလို့လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အူဒီနီးစ်ကတော့ အဝေးကွင်းပွဲတွေမှာ ကစားပုံမဆိုးဘူးဆိုပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ အနည်းငယ်အားနည်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အင်တာမီလန်ကသာ ဖိအားပေးနိုင်ဖို့ရှိပြီး နိုင်ပွဲလည်း ရယူသွားနိုင်မှာပါ။

### တိုရီနို - နာပိုလီ ည ၁၁း၃၀ (၁၆-၁၂-၁၇)

တိုရီနိုရဲ့ အိမ်ကွင်းကစားအားက ကောင်းမွန်တယ်လို့ဆိုရမယ်။ နိုင်ပွဲနည်းနေပေမယ့် အိမ်ကွင်းမှာ အခုအချိန်အထိ တစ်ပွဲသာ အရေးနိမ့်ခဲ့တာကိုကြည့်ရင် တိုရီနိုဟာ အိမ်ကွင်းပွဲတွေမှာ အကောင်းဆုံး တုံ့ပြန်ကစားနိုင်တာ ထင်ရှားတယ်။ ဒါပေမယ့် နာပိုလီက ဥရောပပွဲတွေ နားချိန်မှာ အားစိုက်ကစားလာမှာဖြစ်တယ်။ နာပိုလီ အနိုင်ရနိုင်ပေမယ့် ဂိုးမပြတ်နိုင်ဘူး။

### ရိုးမား - ကယ်ဂလီယာရီ နံနက် ၂း၁၅ (၁၇-၁၂-၁၇)

ရိုးမားက အခုနောက်ပိုင်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်နေသလို အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်လာမှာ သေချာနေတယ်။ ဥရောပွဲတွေ နားထားချိန်မှာလည်း ရိုးမားတို့ စီးရီးအေကို ပိုမိုအားစိုက်လာဖို့ရှိနေပါတယ်။ ကယ်ဂလီယာရီကတော့ အဝေးကွင်းမှာ တိုက်စစ်အားနည်းလွန်းတဲ့အသင်းဖြစ်တာကြောင့် ရိုးမားကို တုံ့ပြန်ကစားနိုင်ဖို့ခက်မယ်။ ရိုးမားကသာ အိမ်ကွင်းမှာ နိုင်ပွဲရသွားဖို့ သေချာတယ်။

### ဗီရိုနာ - အေစီမီလန် ည ၆း၀၀ (၁၇-၁၂-၁၇)

ဂတ်တူဆိုကို နည်းပြအဖြစ် ပြောင်းလဲခန့်ထားပေမယ့် အေစီမီလန်ခြေက အားနည်းနေဆဲဖြစ်တယ်။ ဒါပေမယ့် ဗီရိုနာအနေနဲ့ကလည်း ခြေစွမ်းပိုင်းက အတော်လေးအားနည်းနေတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက အားနည်းလွန်းတာကြောင့် အိမ်ကွင်းဖြစ်ပေမယ့် အေစီမီလန်ကို တုံ့ပြန်နိုင်ဖို့ ခက်မယ်။ အေစီမီလန်တို့ အမှတ်ဆုံးရှုံးမှုတွေ များခဲ့တာကြောင့်လည်း အားစိုက်ကစားလာမှာဖြစ်လို့ အေစီမီလန် အနိုင်ရမယ်။

### ဘိုလော့နာ - ဂျူဗင်တပ် ည ၈း၃၀ (၁၇-၁၂-၁၇)

ဘိုလော့နာက အိမ်ကွင်းဖြစ်လို့ အမှတ်ရယူနိုင်ရေး အားစိုက်ကစားလာမှာဖြစ်တယ်။ ဒါပေမယ့် ဘိုလော့နာရဲ့ခံစစ်ပိုင်းကတော့ အိမ်ကွင်းပွဲတွေမှာ အနည်းငယ်အားနည်းမှုတွေရှိတတ်ပါတယ်။ ဒါကြောင့်လည်း ဘိုလော့နာတို့ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်ပေမယ့် ဂျူဗင်တပ်ရဲ့တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ ဂျူဗင်တပ်ကလည်း ချန်ပီယံလိဂ်ရပ်နားထားချိန်မှာ အားစိုက်ကစားလာမှာဖြစ်တာကြောင့် ဂျူဗင်တပ်ပဲ အနိုင်ရဖို့ရှိပါတယ်။

### ဖီအိုရင်တီးနား - ဂျီနိုအာ ည ၈း၃၀ (၁၇-၁၂-၁၇)

ဖီအိုရင်တီးနားက ခြေစွမ်းပိုင်းအရ တည်ငြိမ်မှုအားနည်းတယ်ဆိုပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ တိုက်စစ်ပိုင်းကစားပုံရော အသင်းလိုက်ခြေစွမ်းပိုင်းပါ ထက်မြက်မှုရှိပါတယ်။ ဂျီနိုအာကတော့ အဝေးကွင်းပွဲတွေမှာ ခံစစ်ကစားပုံကောင်းမွန်ပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေ အားနည်းလွန်းတယ်။ ဒါကြောင့်လည်း ဂျီနိုအာတို့ ခံစစ်အားပြုကစားမှာဖြစ်ပေမယ့် အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမယ့် ဖီအိုရင်တီးနားပဲ အနိုင်ရမယ်။

### အတ္တလန္တာ - လာဇီယို နံနက် ၂း၁၅ (၁၈-၁၂-၁၇)

အတ္တလန္တာရဲ့ အိမ်ကွင်းခြေစွမ်းက အတော်လေး ကောင်းပါတယ်။ အိမ်ကွင်းမှာ ရှစ်ပွဲကစားခဲ့ရာမှာ ငါးပွဲအနိုင်ရပြီး တစ်ပွဲသာ အရေးနိမ့်ခဲ့သလို ခံစစ်ပိုင်းကလည်း ခြောက်ဂိုးသာ ပေးထားရတာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း လာဇီယိုရဲ့ ခြေစွမ်းကောင်းမွန်နေပေမယ့် ဒီပွဲမှာတော့ အတ္တလန္တာရဲ့ အိမ်ကွင်းအားကို ကျော်ဖြတ်နိုင်ဖို့ခက်ပါတယ်။ လာဇီယိုအနေနဲ့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း အတ္တလန္တာရဲ့ အိမ်ကွင်းအားကြောင့် သရေကျသွားနိုင်ပါတယ်။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် နိုင်ငံတော်အတွင်း၌ စီးပွားရေး လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြောင်း မှတ်ပုံတင်အရာရှိက သင့်လျော်သည့်အကြောင်းဖြင့် ယုံကြည်သည့်အခါ မှတ်ပုံတင် အရာရှိသည် ထိုသို့တွေ့ရှိချက်များကို ဖော်ပြလျက် အကြောင်း ကြားစာ တစ်စောင်အား ပြည်ပကော်ပိုရေးရှင်းထံသို့ ပေးပို့နိုင် သည်။ ထိုအကြောင်းကြားစာတွင် ပေးပို့သည့်နေ့မှ ၂၈ ရက် အတွင်း အကျိုးအကြောင်းတစ်စုံတစ်ရာ ဖော်ပြပြန်ကြားလာခြင်း မရှိခဲ့လျှင် ယင်းပြည်ပကော်ပိုရေးရှင်း၏အမည်ကို မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ခြင်းအတွက် နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာမည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေး လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ဆောင်ရွက်နေကြောင်း ပြန်ကြား ချက်ကို အကြောင်းကြားစာပေးပို့သည့်နေ့မှ ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိက လက်ခံရရှိခြင်းမရှိခဲ့လျှင် မှတ်ပုံတင်အရာရှိ သည် အကြောင်းကြားစာတစ်စောင်အား ထပ်မံပေးပို့နိုင်ပြီး နိုင်ငံတော်ပြန်တမ်းတွင်လည်း ထည့်သွင်းဖော်ပြနိုင်သည်။ ယင်း အကြောင်းကြားစာတွင် အကြောင်းကြားစာပေးပို့သည့်နေ့မှ သုံးလကုန်ဆုံးသည့်အခါ ယင်းပြည်ပကော်ပိုရေးရှင်း၏ အမည် အား အခြားသော ထည့်သွင်းစဉ်းစားရမည့်အချက်များ မပေါ် ပေါက်ခဲ့လျှင် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ပေးပို့သည့်အကြောင်းကြားစာတွင် ဖော်ပြပါ ရှိသည့် ကာလကုန်ဆုံးသည့်အခါ မှတ်ပုံတင်အရာရှိသည်အခြား သောထည့်သွင်းစဉ်းစားရမည့် အချက်များမပေါ်ပေါက်ခဲ့လျှင် ပြည်ပကော်ပိုရေးရှင်း၏အမည်အား မှတ်ပုံတင်စာရင်းမှပယ်ဖျက် နိုင်ပြီး ထိုသို့ပယ်ဖျက်သည့် အကြောင်းကြားစာကို နိုင်ငံတော် ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(င) မှတ်ပုံတင်အရာရှိသည် အပိုင်း (၅) ပါပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပေးပို့သည့် အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် ပြည်ပကော်ပိုရေးရှင်း အား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

(စ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ယင်း၏မူလနိုင်ငံတွင် စာရင်း ရှင်းလင်းဖျက်သိမ်းရန် စတင်ပြုလုပ်လျှင် သို့မဟုတ် ဖျက်သိမ်းခဲ့ လျှင် သို့မဟုတ် မှတ်ပုံတင်ထားခြင်းမှ ပြန်လည်ပယ်ဖျက်ခဲ့လျှင်-

- (၁) အဆိုပါနေ့မှ ၂၈ ရက်အတွင်း အခွင့်အာဏာအပ်နှင်းခြင်း ခံရသောအရာရှိသည် ဖော်ပြပါအကြောင်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး စာရင်း ရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးအားခန့်အပ်သည့် အခါ ထိုသို့ခန့်အပ်ကြောင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိသို့ ပေးပို့ တင်ပြရမည့်အပြင်
- (၂) တရားရုံးသည် ပြည်ပကော်ပိုရေးရှင်း၏ မူလနိုင်ငံအတွက် တာဝန်ပေးထားသော စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် မှတ်ပုံတင်အရာရှိမှ လျှောက်ထား တင်ပြလာလျှင် ပြည်ပကော်ပိုရေးရှင်း၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိတစ်ဦးကို နိုင်ငံတော်အတွင်း၌ခန့်အပ် ပေးရမည်။

(ဆ) ပြည်ပကော်ပိုရေးရှင်းအား ဖျက်သိမ်းပြီးကြောင်း သို့မဟုတ် မှတ်ပုံတင်ထားခြင်းကို ပြန်လည်ပယ်ဖျက်ပြီးကြောင်း အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာအပ်နှင်းခြင်း ခံရသော အရာရှိက တင်ပြအကြောင်းကြားခြင်းကို မှတ်ပုံတင်အရာရှိက လက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းမှ အဆိုပါပြည်ပကော်ပိုရေးရှင်း၏ အမည်ကို ပယ်ဖျက်ရမည်။

(ဇ) တရားရုံးကခန့်အပ်တာဝန်ပေးသည့် ပြည်ပကော်ပိုရေးရှင်းတစ်ခု ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် -

- (၁) ပြည်ပကော်ပိုရေးရှင်း၏ပစ္စည်းများကို ခွဲဝေခြင်းတစ်ရပ်ရပ် မပြုလုပ်မီ သင့်လျော်သည့် အချိန်ကာလအတွင်း နိုင်ငံတော် တစ်ဝှမ်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာတစ်ခုခုတွင် ကြေညာခြင်းဖြင့် မြီရှင်များအားလုံး က ပြည်ပကော်ပိုရေးရှင်းအပေါ် တောင်းဆိုမှုများပြုလုပ် နိုင်ရန်အတွက် ဖိတ်ခေါ်ရမည်။
- (၂) တရားရုံး၏အမိန့်တစ်ရပ်မပါရှိဘဲ ပြည်ပကော်ပိုရေးရှင်း၏ အခြားမြီရှင်တစ်ဦးကို နုတ်ပယ်၍ မြီရှင်တစ်ဦးသို့ ငွေပေး ချေခြင်းမပြုရ။ ၎င်းအပြင်
- (၃) တရားရုံး၏အမိန့်တစ်ရပ်ရပ်ဖြင့် အခြားနည်းဖော်ပြထား ခြင်းမရှိလျှင် နိုင်ငံတော်အတွင်းရှိ ပြည်ပကော်ပိုရေးရှင်း၏ ပစ္စည်းများကို ပြန်လည်ရယူခြင်းနှင့် ရောင်းချခြင်းတို့ကို ပြုလုပ်၍ ယင်း၏ မူရင်းနိုင်ငံတွင် တာဝန်ပေးထားသော ပြည်ပကော်ပိုရေးရှင်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ အထက်ပါအတိုင်း ရယူရောင်းချသည့် ပစ္စည်းများ၏ အသားတင်ငွေပမာဏကို ပေးချေရမည်။

(ဈ) ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ နိုင်ငံတော်အတွင်းရှိလုပ်ငန်း များကို ဖျက်သိမ်းသည့်အခါ မူရင်းနိုင်ငံအတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ခန့်အပ်ထားခြင်းမရှိခဲ့လျှင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် ပုဒ်မခွဲ (ဇ) အရ ပြန်လည်ရရှိသည့်ငွေ ပမာဏအား ပေးချေနိုင်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရန် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

**ဤဥပဒေအရမှတ်ပုံတင်ထားသော ပြည်ပကော်ပိုရေးရှင်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ ပေးပို့ဆောင်ရွက်ခြင်း**

၅၆။ (က) စာရွက်စာတမ်းတစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ပြည်ပကော်ပိုရေးရှင်းတစ်ခုထံသို့ ပေးပို့ဆောင်ရွက်ရမည် -

- (၁) နိုင်ငံတော်အတွင်းရှိ အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းသို့ လူကိုယ်တိုင်သော်လည်း ကောင်း၊ စာတိုက်မှသော်လည်းကောင်း ပေးပို့ခြင်းဖြင့်ဖြစ်စေ၊
- (၂) အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏အခွင့်အာဏာ အပ်နှင်းခြင်း ခံရသောအရာရှိ၏ လိပ်စာသို့ လူကိုယ်တိုင်သော်လည်း ကောင်း၊ စာတိုက်မှသော်လည်းကောင်း ပေးပို့ခြင်းဖြင့်ဖြစ်စေ၊ အဆိုပါကိစ္စတစ်ရပ်စီတွင် ဤဥပဒေနှင့်အညီ အကြောင်း ကြားဖော်ပြထားသည့် လိပ်စာသို့ ပေးပို့ဆက်သွယ်ဆောင်ရွက် ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ခြင်းကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို သောသူများသည် နိုင်ငံတော်အတွင်း နေထိုင်ကြလျှင် စာရွက် စာတမ်းတစ်ရပ်အား ပြည်ပကော်ပိုရေးရှင်းသို့ ပေးပို့ရာတွင် အနည်းဆုံးဖော်ပြပါဒါရိုက်တာနှစ်ဦးထံသို့ စာရွက်စာတမ်း မိတ္တူတစ်စောင်စီကို တရားဝင်ပေးပို့ ဆောင်ရွက်ပေးခြင်းဖြင့် ပြုလုပ်နိုင်သည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးအား ခန့်အပ်ခဲ့သည့်အခါ စာရင်းရှင်းလင်း ဖျက်သိမ်း ရေးအရာရှိ တင်ပြထားသည့် အကြောင်းကြားစာရှိ နောက်ဆုံး ရုံးခန်းလိပ်စာသို့ စာရွက်စာတမ်းအား လူကိုယ်တိုင်သော် လည်းကောင်း၊ စာတိုက်မှ သော်လည်းကောင်း ပြည်ပကော်ပိုရေး ရှင်းသို့ တရားဝင်ပေးပို့ဆောင်ရွက်နိုင်သည်။

(ဃ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြည်ပကော်ပိုရေး ရှင်းတစ်ခုသို့ စာရွက်စာတမ်းများပေးပို့ရာတွင် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ဖော်ပြပါရှိသော အခြားနည်းလမ်း တစ်ရပ် ရပ်ဖြင့် ထိုသို့ဆောင်ရွက်ခွင့်ပြုနိုင်သော တရားရုံး၏အခွင့် အာဏာကို ထိခိုက်စေခြင်းမရှိစေရ။

## အခန်း (၁၀)
## ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း

**ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း**

၅၇။ (က) ကုမ္ပဏီတစ်ခုသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များကိုလိုက်နာလျက် အမျိုးအစား ပြောင်းလဲရန် အထူးဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ အခြားသော အမျိုးအစားတစ်ရပ် ရပ်သို့ ပြောင်းလဲနိုင်သည်။

(ခ) ဤအခန်းပါပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်း ပြောင်း လဲဆောင်ရွက်နိုင်သည်-

- (၁) အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုမှ အများနှင့်သက် ဆိုင်သည့် ကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်း၊
- (၂) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုမှ အများနှင့်မသက် ဆိုင်သည့် ကုမ္ပဏီတစ်ခုသို့ပြောင်းလဲခြင်း၊
- (၃) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခု မှအများနှင့်သက်ဆိုင်သော သို့မဟုတ် အများနှင့်မသက်ဆိုင် သော ကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်းနှင့်
- (၄) တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီတစ်ခုမှ အများနှင့်သက် ဆိုင်သော သို့မဟုတ် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ တစ်ခုသို့ ပြောင်းလဲခြင်း။

**အမျိုးအစားပြောင်းလဲရန်အတွက်လျှောက်ထားခြင်း**

၅၈။ (က) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီအမျိုးအစား ပြောင်းလဲရန်အတွက် လျှောက်ထားမှုအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အောက်ပါ အချက်အလက်များနှင့်တကွ မှတ်ပုံတင်အရာရှိထံသို့ တင်ပြ လျှောက်ထားရမည် -

- (၁) ကုမ္ပဏီ၏အမျိုးအစားအသစ်နှင့် အမည်ပြောင်းလဲမှုပြုလုပ်ခဲ့ လျှင် ကုမ္ပဏီ၏ အမည်သစ်နှင့် ကုမ္ပဏီ၏အမျိုးအစား အသစ်ပြောင်းလဲပြင်ဆင်ရန် ဆုံးဖြတ်သည့် အထူးဆုံးဖြတ် ချက်ကို တရားဝင်ချမှတ်ပြီးဖြစ်ကြောင်း အတည်ပြု ဖော်ပြပါ ရှိသည့် ရေးသားဖော်ပြချက်၊
- (၂) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းရှိခဲ့လျှင် ၎င်းကိုပြင်ဆင် ရန် ဆုံးဖြတ်သည့် အထူးဆုံးဖြတ်ချက်ကို တရားဝင်ချမှတ် ပြီးဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပုံစံနှင့် မတူညီသော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ရပ်အား ကုမ္ပဏီ က အသုံးပြုရန် ရည်ရွယ်သည့်အခါ ပြင်ဆင်ထားသည့်ဖွဲ့ စည်းပုံအခြေခံစည်းမျဉ်း၏ မိတ္တူတစ်စောင်ကို အတည်ပြု ဖော်ပြပါရှိသည့် ရေးသားဖော်ပြချက်၊
- (၃) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြ ထားသည့် ကုမ္ပဏီ၏ အသေးစိတ်အချက်အလက်များ၌ ကုမ္ပဏီအမျိုးအစား ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် အခြားသောပြောင်းလဲမှုတစ်ရပ်ရပ်ကို ဖြည့်စွက်ဖော်ပြထားသည့် ရေးသားဖော်ပြချက်နှင့်
- (၄) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ တစ်ခုမှ အများနှင့်သက်ဆိုင်သော သို့မဟုတ် အများနှင့် မသက်ဆိုင်သော ကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်း ကိစ္စရပ် အတွက်-
  - (ကက) ကုမ္ပဏီ၏ဒါရိုက်တာများက အမျိုးအစားပြောင်းလဲ ခြင်းကြောင့် မြီရှင်များအတွက် ကြီးမားစွာ ထိခိုက်ခြင်းမရှိဟု ယူဆကြောင်းနှင့် ထိုသို့ယူဆ ရသည့် အကြောင်းပြချက်များပါရှိသော ရေးသား ဖော်ပြချက်တစ်စောင်နှင့်
  - (ခခ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာ မတည်ငွေရင်း မရှိပါက ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၈) အရ လိုအပ်သည့် အချက်အလက်များပါရှိသော ရေးသားဖော်ပြချက်နှင့် အစုရှယ်ယာထုတ်ဝေ ခြင်းအတွက် အထူးဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ် ကြောင်း ရေးသားဖော်ပြချက်။

(ခ) ကုမ္ပဏီသည် ယင်း၏အမျိုးအစား ပြောင်းလဲခြင်းဆိုင်ရာ အသေး စိတ်အချက်အလက်များကို ပြောင်းလဲရန် မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားကြောင်းကို နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်တစ်ဝှမ်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခု တို့တွင် အသိပေးကြေညာရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကုမ္ပဏီကထုတ်ပြန်သည့် ကြေညာချက်တွင် နိုင်ငံတော်ပြန်တမ်း၌ ထည့်သွင်းဖော်ပြပြီးနောက် ၂၈ ရက် အတွင်း မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီကတင်ပြသည့် လျှောက် ထားမှုကို ပုဒ်မခွဲ (က) နှင့်အညီဖြစ်ကြောင်း ကျေနပ်လက်ခံပြီး တရားရုံး၏ အမိန့်တစ်ရပ်ရပ်အရ တားမြစ်ခြင်းမရှိလျှင် ကုမ္ပဏီ ၏ မှတ်ပုံတင်ထားသော ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်း ဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြောင်းလဲပေးမည်ဖြစ် ကြောင်း ဖော်ပြပါရှိစေရမည်။

(ဃ) ၂၈ ရက်အတွင်း တရားရုံးကချမှတ်သည့် အမိန့်တစ်ရပ်ရပ် မရှိခဲ့လျှင် ပုဒ်မခွဲ (က) နှင့် အညီဖြစ်ကြောင်း ကုမ္ပဏီကတင်ပြ သည့် လျှောက်ထားမှုကို ကျေနပ်လက်ခံပြီး ၂၈ ရက် ကျော်လွန် ပြီးနောက် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအမျိုးအစားအသစ်နှင့် သက်ဆိုင်သော ကုမ္ပဏီ၏ အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်စာရင်း၌ ပြောင်းလဲပေးရမည်။

(င) ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်းနှင့်ဆိုင်သော အသေးစိတ် အချက်အလက်များကို မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်း၌ ပြောင်းလဲပေးသည့်အခါ ဤပုဒ်မအရ ကုမ္ပဏီအမျိုးအစား ပြောင်းလဲမှုသည် အကျိုးသက်ရောက်စေရမည်။ မှတ်ပုံတင် အရာရှိသည် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ အသေးစိတ်အချက် အလက်များကို မှတ်ပုံတင်စာရင်း၌ ပြောင်းလဲပြီးနောက် မှတ်ပုံတင် သက်သေခံလက်မှတ် အသစ်တစ်ခုကို ကုမ္ပဏီသို့ ထုတ်ပေးရမည်။ ကုမ္ပဏီ၏အမည်ကို ဤပုဒ်မအရထုတ်ပေးသည့် မှတ်ပုံတင် သက်သေခံလက်မှတ်တွင် ဖော်ပြထားသောအမည် အတိုင်း ဖြစ်စေရမည်။

**ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှု**

၅၉။ (က) ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းသည်-

- (၁) ဥပဒေအရရပ်တည်နိုင်သည့် အဖွဲ့အစည်းအသစ်တစ်ရပ် ပေါ်ပေါက်လာခြင်း မရှိစေရ၊
- (၂) ကုမ္ပဏီတွင်ပါဝင်သူများအဖြစ် ဆောင်ရွက်နိုင်သည့်ကိစ္စရပ် တွင် ကုမ္ပဏီတွင် ပါဝင်သူများအပေါ် သတ်မှတ်သည့် ကိစ္စရပ်မှအပ ကုမ္ပဏီ၏လက်ရှိပစ္စည်းများ၊ အခွင့်အရေး နှင့် တာဝန်များကို ထိခိုက်ခြင်းမရှိစေရ၊
- (၃) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများကသော်လည်း ကောင်း၊ ၎င်းတို့အပေါ်တွင် လည်းကောင်း ဆောင်ရွက် နေသည့်တရားစွဲဆိုမှုများကို ထိခိုက်စေခြင်းမရှိစေရ။

(ခ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီမှ အစု ရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခု အဖြစ်သို့ ပြောင်းလဲသည့်အခါတွင်-

- (၁) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း ၍ အာမခံသူအဖြစ် ကုမ္ပဏီတွင် ပါဝင်သူနှင့် ယခင်က ပါဝင်ခဲ့သူများ၏တာဝန်ရှိမှုသည် ရပ်စဲပြီး ဖြစ်စေရမည်။
- (၂) အာမခံချက်ပေးခြင်း သို့မဟုတ် အာမခံချက်ပေးရန် သဘောတူခြင်းကြောင့် ကုမ္ပဏီတွင်ပါဝင်သူဖြစ်ခဲ့သော ပုဂ္ဂိုလ်သည် ထိုကုမ္ပဏီတွင်ပါဝင်သူအဖြစ်မှ ရပ်စဲသည်။ သို့ရာတွင် ယင်းတို့သည် ကုမ္ပဏီမှ အစုရှယ်ယာများ ထုတ်ယူပါက ကုမ္ပဏီတွင်ပါဝင်သူများအဖြစ် ဆက်လက်ရှိ နေမည်ဖြစ်သည်။
- (၃) ပုဒ်မ ၅၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄)၊ ပုဒ်မခွဲငယ်စိတ် (ခခ) အရ ဆောင်ရွက်ရန် လိုအပ်သည့် ရေးသားဖော်ပြ ချက်တွင် ထည့်သွင်းဖော်ပြရန် လိုအပ်သော ကုမ္ပဏီတွင် ပါဝင်သူများ၏စာရင်း၌ သတ်မှတ်ထားသော ပုဂ္ဂိုလ် တစ်ဦးဦးသို့ အစုရှယ်ယာများအား ထုတ်ဝေမည်ဆိုလျှင် အောက်ပါကိစ္စရပ်များကိုမှတ်ယူရမည် -
  - (ကက) အစုရှယ်ယာများအား အဆိုပါပုဂ္ဂိုလ်သို့ ထုတ် ပေးထားကြောင်း၊

**ဆက်လက်ဖော်ပြပါမည်။**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လယ်သမားအသက်အာမခံထားသူ ၁၃၆၇ ဦးရှိ

**မုံရွာ ဒီဇင်ဘာ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တောင်သူလယ်သမား အသက်အာမခံထားသူ ၁၃၆၇ ဦးရှိကြောင်း မြန်မာ့အာမခံ တိုင်းဒေသကြီးရုံး စာရင်းများအရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာ၊ စစ်ကိုင်း၊ ကလေးနှင့် ရွှေဘိုခရိုင် မြန်မာ့အာမခံရုံးများတွင် စတင်စည်းရုံးလက်ခံဆောင်ရွက်နေရာ ကလေးခရိုင်တွင် တောင်သူလယ်သမား ၁၀၃၄ ဦး၊ မုံရွာခရိုင်တွင် ၁၀၉ ဦး နှင့် ရွှေဘိုခရိုင်တွင် ၂၂၄ ဦး အာမခံထားကြကြောင်း မြန်မာ့အာမခံ စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ ဦးတင်မောင်သန်းထံမှ သိရသည်။

"စည်းရုံးလုပ်ဆောင်ရတာ ဖြစ်တဲ့အတွက်အောက်တိုဘာ ၁ ရက်က စတယ်ဆိုပေမယ့် အချိန်နည်းနည်းနောက်ကျတာ ရှိခဲ့ပါတယ်၊ မိုးသီးနှံကို မမီလိုက်ဘူး၊ ဆောင်းသီးနှံမှာကျတော့ ချေးတာလည်းနည်းတယ်၊ နည်းတဲ့အပြင် လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ ပူးပေါင်းစည်းရုံးပေးရတာတွေရှိတော့ အချိန်နောက်ကျခဲ့ပါတယ်" ဟု မြန်မာ့အာမခံ စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ ဦးတင်မောင်သန်းက ပြောပြသည်။

လုပ်ငန်းစတင်ကာစဖြစ်တဲ့အတွက် တောင်သူများအနေဖြင့် ပရီမီယံသွင်းရမည်ကို နှမြောမှုများ၊ သွင်းလိုစိတ်မရှိခြင်းများရှိသလို အများအားဖြင့် နယ်မှတကူးတကလာကြရသည့်အတွက် စိတ်မရှည်မှုများရှိရာ အတင်းအကျပ် တောင်သူ အသက်အာမခံမထားမနေရ လုပ်၍မရကြောင်းလည်း သိရသည်။

"သူတို့နားလည်လာမှ အာမခံထားတာဆိုတော့ အခုအချိန်မှာအပြည့်အဝတော့မရသေးဘူးပေါ့၊ တောင်သူလယ်သမားမှမဟုတ်ဘူး၊ မည်သူမဆိုထားလို့ရပါတယ်၊ အက်ဆီးဒင့်ဖြစ်တဲ့အပေါ်မှာပဲ လျော်ကြေးပေးတယ်။ တောင်သူ ကျတော့ တောင်သူအသက်အာမခံရှိတယ် ၊မြွေအန္တရာယ်အာမခံရှိတယ်၊ အဲဒီနှစ်ခုကတွဲလုပ်နေပါတယ်" ဟု မြန်မာ့အာမခံ စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ တာဝန်ရှိသူက ပြောပြသည်။

တောင်သူလယ်သမား အသက်အာမခံသည် တောင်သူလယ်သမားတစ်ဦးချင်းထားရှိနိုင်သည့် နှစ်ချင်း (Term Life Assurance) အသက်အာမခံအမျိုးအစားဖြစ်ပြီး တောင်သူလယ်သမားများ၊ ၎င်းတို့၏ မိသားစုများ၊ ဆွေမျိုးတော်စပ်သူများ၊ လယ်ယာလုပ်ငန်း အတူလုပ်ကိုင်သူများနှင့် အခြားသူများပါ အာမခံထားနိုင်ကြောင်း သိရသည်။

"အာမခံထားသူဟာ အသက်၁၆ နှစ်မှ နှစ် ၆၀ အတွင်းဖြစ်ရမှာပါ၊ အာမခံသက်တမ်းက တစ်နှစ်ဖြစ်ပြီး အနည်းဆုံးကျပ်တစ်သိန်း၊ အများဆုံး ကျပ်သိန်း ၅၀ အထိ အာမခံထားနိုင်ပါတယ်၊ ပရီမီယံနှုန်းထားကတော့ အာမခံထားငွေရဲ့ တစ်ရာခိုင်နှုန်းဖြစ်ပါတယ်၊ ဥပမာ အာမခံထားတဲ့ငွေက ကျပ်တစ်သိန်းဆိုရင် တစ်နှစ်ကျသင့်တဲ့ပရီမီယံက ကျပ် ၁၀၀၀၊ အာမခံထားငွေကျပ် ငါးသိန်းဆိုရင် တစ်နှစ်ကျသင့်တဲ့ ပရီမီယံက ကျပ် ၅၀၀၀ ၊ အာမခံထားငွေက ကျပ်သိန်း ၅၀ ဆိုရင် တစ်နှစ်ကျသင့်တဲ့ပရီမီယံက ကျပ် ၅၀၀၀၀ ဖြစ်ပါတယ်" ဟု တာဝန်ခံ ဦးတင်မောင်သန်းက ရှင်းပြသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့အဆင့်ထိန်းသိမ်းနိုင်ရန် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ယူနက်စကိုသို့လျှောက်လွှာ အပြီးတင်သွင်းမည်

**မန္တလေး ဒီဇင်ဘာ ၁၃**
မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့အဆင့်ထိန်းသိမ်းနိုင်ဖို့အတွက် ၂၀၁၈ ခုနှစ်ဇန်နဝါရီ ၂၄ ရက်တွင် ယူနက်စကိုကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းနိုင်ရန် လျှောက်လွှာ(စာတွဲ)ကို အပြီးတင်သွင်းသွားမည်ဖြစ်ကြောင်း အဆိုပါ တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံ)မှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်ထံမှ သိရသည်။

"ယူနက်စကိုတင်သွင်းတဲ့အခါ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သွားရင် ကမ္ဘာ့အဆင့်ထိန်းသိမ်းမှုဆောင်ရွက်ချင်လို့ပါ၊ ဒါတွေကို ရေရှည်တည်တံ့ချင်တယ်၊ ကျွန်တော်တို့က အုတ်တစ်ချပ်သဲတစ်ပွင့်မှ မကိုင်ရဘဲနဲ့ အုဝဲလို့မွေးလာတဲ့အချိန်ကတည်းက ဒီယဉ်ကျေးမှုအမွေအနှစ်တွေကို ပိုင်ခဲ့တာပါ၊ လွန်ခဲ့တဲ့ နှစ်ရှစ်ရာ၊ တစ်ထောင်က ဘိုးဘွားတွေချန်ခဲ့တဲ့ အမွေအနှစ်တွေဖြစ်လို့ နောင်မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်၊ ဒါတွေကို အဆုံးစွန်ဆုံး၊ အမြင့်မားဆုံးအထိ ထိန်းသိမ်းနိုင်ဖို့ကို ကျွန်တော်တို့က ဆောင်ရွက်ချင်တဲ့ အဓိကရည်ရွယ်ချက်ပါ" ဟု ၎င်းက ပြောသည်။

ဆက်လက်၍ "နောက်တစ်ခုကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာပေါ့၊ ဒီနိုင်ငံထဲမှာ မှီတင်းနေထိုင်တဲ့သူအားလုံးရဲ့ ဂုဏ်သိက္ခာပဲ၊ ဒီဂုဏ်သိက္ခာကို လိုချင်တာပါ၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သွားရင် လူတွေက ဒီထက်ပိုပြီးသိလာမယ်၊ ခရီးသွားတွေ စိတ်ဝင်စားတဲ့သူတွေ ဒီထက်ပိုများလာမယ်၊ ဒါတွေအတွက် ခရီးသွားလုပ်ငန်းတွေ တိုးတက်လာမယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်လာမယ်၊ ဒါက အများကြီး အကျိုးပြုနိုင်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါတင်သွင်းသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် စွယ်တော်လေးဆူကို အဓိကတင်သွင်းထားပြီး ယင်းလေးဆူအတွင်းရှိ ဘုရားပုထိုးစေတီများ၊ ဥမင်များ၊ မြို့ရိုးများနှင့် ဘုန်းကြီးကျောင်းများစသည့် ရှေးဟောင်းအဆောက်အအုံအရေအတွက် ၃၈၂၂ ခု ပါဝင်ကြောင်း အဆိုပါဌာနမှ သိရသည်။

ယင်းတင်သွင်းမှုကို ၂၀၁၈ ခုနှစ်ဇန်နဝါရီ ၂၄ ရက်တွင် အပြီးတင်သွင်းသွားမည်ဖြစ်ပြီး ယူနက်စကိုမှ တာဝန်ရှိသူများက ၂၀၁၈ ခုနှစ်တစ်နှစ်လုံး လိုအပ်သည်များကို စစ်ဆေးသွားမည်ဖြစ်ကာ ၂၀၁၉ ခုနှစ် ဇွန်နှင့် ဇူလိုင်လဝန်းကျင်တွင် ကျင်းပမည့် ကော်မတီအစည်းအဝေး၌ ယူနက်စကိုမှ အဆုံးအဖြတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းဌာနမှ သိရသည်။

ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးကလည်း "ယူနက်စကိုကသာ အသိအမှတ်ပြုလိုက်ရင် မြန်မာနိုင်ငံရဲ့အမှတ်တံဆိပ်ကိုလည်း ပိုမိုထင်ရှားပေါ်လွင်စေတယ်၊ ဈေးကွက်မြှင့်တင်ရေးမဟာဗျူဟာနဲ့ နည်းဗျူဟာများကိုဖော်ထုတ်ပြီးသားဖြစ်တယ်၊ ခရီးသွားဧည့်သည်များကလည်း ပိုမိုပြီးသိလာတာဖြစ်တဲ့အတွက် ခရီးသွားကဏ္ဍကို ပိုမိုအောင်မြင်လာနိုင်တယ်၊ ခရီးသွားလုပ်ငန်းတစ်ရပ်ဖြစ်ပေါ်ရေးအတွက်ကိုလည်း ကျွန်တော်တို့နိုင်ငံတစ်ခုတည်းတင်မဟုတ်ဘဲ ကမ္ဘာကပါ ဝိုင်းဝန်းထိန်းသိမ်းပေးတဲ့ အကျိုးကျေးဇူးတွေလည်းရရှိလာတာပေါ့" ဟု သုံးသပ်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၏ နိုင်ငံတကာ ခရီးသွားဝင်ရောက်မှုစာရင်းများအရ ၂၀၁၇ ခုနှစ် ဇန်နဝါရီမှ အောက်တိုဘာအထိ ၃၇၄၂၂၁ ဦးဝင်ရောက်ခဲ့ပြီး တရုတ်၊ ထိုင်း၊ ပြင်သစ်၊ စပိန်၊ အီတလီ၊ ဂျာမနီ၊ အမေရိကန်၊ အင်္ဂလန်စသည့်နိုင်ငံများအနက် အဆိုပါကာလအတွင်း တရုတ်၊ ထိုင်းနှင့် ပြင်သစ်နိုင်ငံတို့မှ အများဆုံးဝင်ရောက်ခဲ့သည်။ **နဒီလှိုင်း**



aejynfwmfykÁDolU, f
Z0e'ydyfuufr®kd
'Dib m12&ufeHUf10em&D
u xkdolpcefrSkrSvS if
0pDao m tzUnfZ0e'ydyfuuf
tjcfyfa&;rS0pDatmifEkdvlfzESh
yaygifvyfuufe
jynfolrsm; tm; vlukfulrI
wm;qD mu , fa&;rif
usqifa&;rl, pfq;0;wm;qDESif
a&;ESh mOfjnfurf vrfjnfurf
vkdefwwfpa&;wlkt oyhm
ay;aq;aE;a [ majymcbnf ၆၈၉

# ကလေးဝ–ကျီကုန်း–တမူးလမ်းရှိ တံတား ၆၉ စင်း အဆင့်မြှင့်တည်ဆောက်မည်

**ကလေး ဒီဇင်ဘာ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝ-ကျီကုန်း-တမူးလမ်းမပေါ်ရှိ ဘေလီတံတား ၆၉ စင်းအား RC ကွန်ကရစ် တံတားများအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်ပြီး တမူးမြို့ ပါဟဲချောင်းကိုဖြတ်ပြီး ချစ်ကြည်ရေးတံတား တစ်စင်းအား ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများကို ဒီဇင်ဘာ ၁ ရက်မှ စတင်ပြီး လုပ်ဆောင်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးမှ သိရသည်။

အဆိုပါ ကလေးဝ-ကျီကုန်း-တမူးလမ်းပိုင်းသည် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံဆက်သွယ်သည့် အာရှပတ်လမ်း (AH 1)အပိုင်းတွင် ပါဝင်သော လမ်းဖြစ်ပြီး လမ်းစတင်ဖောက်လုပ်စဉ်က တည်ဆောက်ခဲ့သော ဘေလီတံတားများအဖြစ် တည်ဆောက်ခဲ့ပြီး ၎င်းတံတားများနေရာတွင် RC ကွန်ကရစ်တံတားများအဖြစ် အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သုံးနှစ်ကြာ တည်ဆောက်သွားမည်ဖြစ် ကြောင်း သိရသည်။

"အခုအဆင့်မြှင့်တင်မယ့် တံတား ၆၉ စင်းလုံးက ကလေးဝမြို့၊ ကလေးမြို့နဲ့ တမူးမြို့နယ်အတွင်းမှာရှိတဲ့ ကလေးဝ-ကျီကုန်း-တမူးလမ်းပိုင်းက ဘေလီတံတားတွေပါ၊ အိန္ဒိယနိုင်ငံရဲ့ အကူအညီနဲ့ လုပ်ဆောင်သွားမှာပါ၊ နောက်ပြီး မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအစီအစဉ်အဖြစ် တမူးမြို့ကို ဖြတ်သန်းစီးဆင်းနေတဲ့ ပါဟဲချောင်းကိုဖြတ်ပြီး တံတားအသစ်တစ်စင်းကိုလည်း ထပ်မံအသစ်တည်ဆောက်မှာပါ၊ အခုမြေပြင်တိုင်းတာခြင်းလုပ်ငန်းတွေ စတင်လုပ်ဆောင်နေပါပြီ၊ လုပ်ငန်းအားလုံးကို ဒီဇင်ဘာ ၁ ရက်မှစပြီး သုံးနှစ်အတွင်းအပြီးလုပ်ဆောင်သွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီးလမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ ကလေးဝ မြို့မှ မိုင်တိုင်အမှတ် ၉၃ ဒသမ ၆ မိုင်ရှိ တမူးမြို့ရှိ ပါဟဲချောင်းကိုဖြတ်သန်း၍ RC ကွန်ကရစ်တံတားသစ် တစ်စင်းအား ထပ်မံတည်ဆောက်သွားမည်ဖြစ်ပြီး ယခုအခါတွင် မြေပြင်ကွင်းဆင်းတိုင်းတာမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးမှ သိရသည်။ **ဝင်းဦး(ဓေယျာတိုင်း)**





# တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**
၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပသည်။

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် သိုင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အမျိုးသား ၁၃ သင်း၊ အမျိုးသမီး ၁၀ သင်းမှ အားကစားသမား စုစုပေါင်း ၁၈၃ ဦးတို့သည် ဒီဇင်ဘာ ၁၃ ရက်မှ ၁၈ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ နေ့စဉ် နံနက် ၉ နာရီတွင် စတင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ရာ သိုင်းအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ပါကြောင်း သိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံမြန်မာ့သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။ **မောင်မောင်ဇော်**

## ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် မွန်ပြည်နယ်အတွင်းရှိ စာရင်းစစ်ရုံးဝန်ထမ်းများ တွေ့ဆုံ




**မော်လမြိုင် ဒီဇင်ဘာ ၁၃**

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်းသည် မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မွန်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက်က မွန်ပြည်နယ် စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က တိုင်းပြည်သည် ပြည်တွင်းငြိမ်းချမ်းရေးကို အဓိကထား ကြိုးပမ်းဆောင်ရွက်နေသဖြင့် တစ်ဦးနှင့်တစ်ဦး ပြုမူပြောဆိုဆက်ဆံရာတွင် ငြိမ်းချမ်းရေးကို ဦးတည်ဆက်ဆံ ပြောဆိုကြရန်ဖြစ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးရပြီးလျှင် တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်လာသလို စာရင်းလောက ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းခွင်အတွင်း၌ လည်းကောင်း၊ အထက်အောက် ဆက်ဆံရာတွင် လည်းကောင်း၊ အခြားအဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ လုပ်ငန်းခွင်မွေ့လျော်မှုရှိစေရန် ပျော်ရွှင်ဖွယ်ဖြစ်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စာရင်းစစ်ဆေးရေး အရည်အသွေး မြင့်မားစေရန်အတွက် ပညာရှင်ကျင့်ဝတ်များဖြစ်သည့် ရိုးသားဖြောင့်မတ်ပြီး သိက္ခာသမာဓိရှိရန်၊ လုပ်ငန်းခွင် ကျွမ်းကျင်မှုရှိရန်၊ သတိသမ္ပဇဉ် စိုက်ထုတ်လုပ်ဆောင်ရန်၊ ကျင့်ဝတ်သိက္ခာနှင့်အညီ လျှို့ဝှက်ချက်များ မပေါက်ကြားစေရန်၊ ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ထားရန်ဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာရင်းစစ်ဆေးရေး အရည်အသွေး အာမခံချက်ပေးနိုင်ရေးအတွက် အဆင့်ဆင့်ကြီးကြပ်ရန်ဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အထား ခိုင်လုံမှုရှိရန်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ ဥပဒေစည်းမျဉ်း၊ စည်းကမ်းလိုက်နာမှုစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လက်ခံကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများကို နားလည်သိရှိအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးရာတွင် ခြိုးခြံချွေတာမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ ရည်ရွယ်ချက်များ ပြည့်မြောက်မှု စသည့် သတိပြုဆောင်ရွက်ရန်အချက်များကို လည်းကောင်း၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု စနစ်ကောင်းတစ်ခုဖြစ်စေရန် လည်းကောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံချစ်ကြည်ရေး ကားမောင်းပွဲတော်မှ မော်တော်ယာဉ်များ မြဝတီမြို့မှ ပြန်လည်ထွက်ခွာ



**မြဝတီ ဒီဇင်ဘာ ၁၃**

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ခရီးသွားလာရေးမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ချစ်ကြည်ရေး အပျော်တမ်းကားမောင်းပွဲမှ မော်တော်ယာဉ်များသည် ထိုင်းနိုင်ငံအတွင်း လည်ပတ်ပြီး ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီက မြဝတီမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

အဆိုပါ ချစ်ကြည်ရေး မော်တော်ယာဉ်များသည် နိုဝင်ဘာ ၂၇ ရက်တွင် အိန္ဒိယနိုင်ငံမှ စတင်ထွက်ခွာလာပြီး မြန်မာနိုင်ငံတမူးမြို့မှတစ်ဆင့် ကလေးမြို့၊ ပုဂံ၊ မန္တလေး၊ ရန်ကုန်နှင့် မော်လမြိုင်မြို့များသို့ ဖြတ်သန်းခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ရောက်ရှိကာ ထိုင်းနိုင်ငံသို့ လည်ပတ်ရန် အမှတ်(၁) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ထွက်ခွာခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံအတွင်း လည်ပတ်ပြီး ဒီဇင်ဘာ ၁၂ ရက်က အမှတ်(၁) ချစ်ကြည်ရေးတံတားမှ မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်ပြီး တစ်ညအိပ်ကာ ယင်းနေ့တွင် ပြန်လည်ထွက်ခွာခြင်းဖြစ်သည်။

အဆိုပါ ချစ်ကြည်ရေး မော်တော်ယာဉ်များအဖွဲ့သည် စုစုပေါင်း မော်တော်ယာဉ် အစီး ၂၀ ဖြင့် အိန္ဒိယနိုင်ငံသား Mr. Vikram Singhla ဦးဆောင်သည့် စုစုပေါင်း ၄၂ ဦး ပါဝင်ကာ ခရီးစဉ်များတွင် မြန်မာနိုင်ငံအပိုင်း စီစဉ်သူအနေဖြင့် D & T Myanmar Travels Co,Ltd မှ စီစဉ်ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

အဆိုပါ ချစ်ကြည်ရေးမော်တော်ယာဉ်များသည် မြဝတီမြို့မှတစ်ဆင့် ကျိုက်ထီးရိုး၊ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ကလေး၊ တမူးမြို့သို့ သွားရောက်ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် တမူးနယ်စပ်ဂိတ်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်း တိုက်ကြီးတွင်ဖွင့်လှစ်

**တိုက်ကြီး ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား)သင်တန်း(၈/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးတို့က အမှာစကားပြောကြားသည်။

သင်တန်းတွင် မြန်မာနိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုနှင့် ဥပဒေ၊ နည်းဥပဒေများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု အသိပညာပေးခြင်း၊ ရေဘေးအန္တရာယ်များ၊ မီးဘေးဆိုင်ရာအန္တရာယ်များ၊ ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ခြင်းနှင့်ဖြစ်ရပ်လေ့လာခြင်းစသော ဘာသာရပ်များသင်ကြားပို့ချဆွေးနွေးပြီး တိုက်ကြီး၊ ဥက္ကံ၊ အဖျောက်ဒေသများမှ လူငယ် ၃၀ တက်ရောက်ကြသည်။ သင်တန်းသားများ၏ စားသောက်စရိတ်၊ စာရေး ကိရိယာများကို ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ပဲခူးမြို့မူကြို(၂)တွင်ကလေးများစွမ်းရည်ဖွံ့ဖြိုးလာစေရန် ကာယစွမ်းရည်ပြိုင်ပွဲကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၃**

မူကြိုကလေးများစွမ်းရည်ဖွံ့ဖြိုးလာစေရန်ကာယစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီက လူမှုဝန်ထမ်းဦးစီးဌာန ပဲခူးမြို့ အမှတ် (၂)မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

မူကြိုအငယ်အဆင့်ကလေးငယ်များကရိုးရိုးပြေးခြင်း၊ အာလူးကောက်ခြင်း၊ ကျောပိုးအိတ်လွယ်ပြေးခြင်း၊ မုန့်စားခြင်းများတွင် ပြိုင်ပွဲဝင်ကြပြီး မူကြိုကြီးအဆင့် ကလေးငယ်များက အရောင်ဆင့်စီခြင်း၊ ပန်းကြိုးထိုးခြင်း၊ အင်္ကျီဝတ်၊ အရုပ်စီး၊ လက်ဆင့်ကမ်းသယ်၊ စသည့်အားကစားနည်းများဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည့်အပြင်ဆရာမများကလည်းစာအုပ်ရွက်၍ပြေးခြင်းဖြင့်ပျော်ရွှင်စွာကစားကြသည်။

ထို့နောက်ပြိုင်ပွဲတွင် အသီးသီးဆုရရှိသော မူကြိုသားငယ်/သမီးငယ်များအားပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝါဝါဝင်းကျော်၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ထားထားစိုးနှင့်ကျောင်းအကျိုးတော်ဆောင်များက ဆုများပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

## မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာများ ဆောင်ရွက်ဆဲလုပ်ငန်း အောင်မြင်ရေး ကွင်းဆင်းဆွေးနွေး

**မိုင်းယောင်း ဒီဇင်ဘာ ၁၃**

မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မုန်းလိုက်ကျေးရွာအုပ်စု တာပေါက်ကျေးရွာတွင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဒီဇင်ဘာ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်သည် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာသူ ကျေးရွာသားများမှ ဆောင်ရွက်လိုသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စစ်ဆေးပြီး လိုအပ်ချက်များကို အကြံပြုဆွေးနွေးခဲ့သည်။

မိုင်းယောင်းမြို့နယ် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့နယ်ကျေးလက်ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၃ ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ငါးရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာ လေးရွာ စုစုပေါင်း ၃၂ ရွာတို့၌ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၅၆၈**

## မော်လမြိုင်ကျွန်းမြို့မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်/ရပ်ကွက် ကျေးရွာများမီးဘေးကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ် ပြပွဲကို ညနေ ၃ နာရီက မြို့မဈေးကြီးနှင့် ဧရာရွှေဝါစက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းဆိုင်ရှေ့၌ ကျင်းပသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးဝင်း၊ မီးသတ် ဦးစီးမှူးဦးဝင်းငွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးစက်လုပ်ငန်းရှင်များ၊ စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊မီးသတ်ဝန်ထမ်းများ၊ ကြက်ခြေနီအသင်း၊ အသင်းအဖွဲ့များမှတက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရန်ကုန် အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက မင်္ဂလာတောင်ညွန့်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်းမှ သက်ငယ် မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဆွေးနွေးပွဲပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူညွန့်နှင့် ဆရာ ဆရာမများ၊ မိခင်ကလေး၊ အမျိုးသမီးရေးရာနှင့် ကျောင်းသူ ၁၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၁၈**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## အောင်တေးကြွေးကြော်သံ





စာရေးဆရာ ဇာနီအောင်(ရမ္မာဝတီ)စီစဉ်ရေးသားသော အောင်တေးကြွေးကြော်သံ စာအုပ်ထွက် ရှိလာသည်။

ခေါင်းဆောင်ဆိုသည်ကား မိမိကကိုယ့်ရဲ့လက်အောက်ငယ်သားများနှင့် နီးနီးကပ်ကပ် ရင်းရင်း နှီးနှီးနေထိုင် ဆက်ဆံဖို့လိုပြီး တစ်ချိန်တည်းမှာပင် အရာရာကိုဦးစီးဦးဆောင်မှုပြုကာ လှုံ့ဆော်ဆောင်ရွက်နိုင်ရန် အမြဲတမ်းရှေ့ကိုကြိုတင်ရောက်ရှိနေရမည်ဖြစ်သည်။ ထိုသို့ ခေါင်းဆောင်မှုနှင့်ပတ်သက်၍ ပင်ကိုစွမ်းရည်နှင့် ရာထူးနေရာကြောင့် ဖြစ်ပေါ်လာသော စွမ်းရည်များပင်သည်။ လောကကြီးကို တကယ်ကောင်းစေချင်တယ်ဆိုရင် သတိနှင့်နေသည့်အလေ့အကျင့်ကောင်းများကို ပြုလုပ်ရမည်ဖြစ်သည်။ သတိနှင့်နေလာလျှင် ကိုယ့်ကိုယ်ကိုယ် အများကြီးသိလာမည့်အပြင် သူတစ်ပါးစိတ်ထဲတွင် ဘယ်လိုခံစားနေရသလဲဆိုသည်ကိုလည်း နည်းနည်းတော့သိလာမည်ဖြစ်သည့်အပြင် မိမိအကျိုးရောသူတစ်ပါးအကျိုးပါ မထိခိုက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

pmtkyfudkZmfiDpmay\ trSwf33\96-vrf r*vmawmifnef¶yf, &efukefrdU
zkef;-09-73180981ESifh09-5045056wdkUwGif&&SdEdkifjyD; wefzdk;1200usyfjzpfonf

## လမင်းသာချိန် ကဗျာများ




စာဖတ်သူ၊ ကဗျာဖတ်သူများ ဖတ်ရှုလိုသည့်အကြောင်းအရာများကို လွယ်လင့်တကူဖတ်ရှုနိုင်စေရန်နှင့် စိတ်အာရုံ လန်းဆန်းမှုဖြစ်ပေါ်စေရန် စာရေးဆရာမောင်လှနိုင်(ဘုတလင်)စီစဉ်ရေးသားသော လမင်းသာချိန် ကဗျာများစာအုပ် ထွက်ရှိလာသည်။

ကဗျာဆိုသည်မှာ သတ်မှတ်ထားသော စည်းမျဉ်းများနှင့် စာလုံး၊ စာပိုဒ်၊ အရေအတွက်၊ ကာရန်အချိတ်အဆက်၊ အသံအနေအထား၊ အဖွဲ့အနွဲ့ စသည်တို့ဖြင့် ရေးဖွဲ့ထားသည်။ အဆိုပါစာအုပ်တွင် မျက်ဝန်းထဲမှာသာတဲ့လကဗျာစာစု၊ အတွေးသစ်ပုံရိပ်ကဗျာစာစု၊ အမြင်သစ်ပုံရိပ် ကဗျာစာစု၊ အလှသစ်ပုံရိပ်ကဗျာစာစု၊ ဘဝပုံရိပ်ကဗျာစာစု၊ မေ့သစ်ပုံရိပ်စာစုဟူ၍ ကဏ္ဍခြောက်ခုခွဲကာ ကဗျာအပုဒ်ပေါင်း၈၂ပုဒ်ကို စာရှုသူများလေ့လာဖတ်ရှုနိုင်စေရန်နှင့် မြန်မာကဗျာ၊ ဂန္ထဝင်ကဗျာများကို အသိအမှတ်ပြုကာ ချစ်တတ်၊ မြတ်နိုးတတ်၊ တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ရေးသားထားသည်။

pmtkyfudkEdkifpmay*Edkifbuef;wdkuftrSwf77\ vSnf;wef;vrf;r\ urm&wfrdU, &efukefrdU
zkef;-537016ESifh505540wdkUwGif&&SdEdkifjyD; wefzdk;1500usyfjzpfonf

## မရှိမဖြစ် ကိန်းဂဏန်းဆိုင်ရာ အလွယ်တွက်ချက်နည်းများ




စာရေးဆရာထိန်လင်း စီစဉ်ရေးသားသော မရှိမဖြစ် ကိန်းဂဏန်းဆိုင်ရာ အလွယ်တွက်ချက်နည်းများ စာအုပ်ထွက်ရှိလာသည်။ အဆိုပါစာအုပ်သည် အခြေခံပညာကျောင်းသား ကျောင်းသူများအပြင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ အင်ဂျင်နီယာကျောင်းသား ကျောင်းသူများနှင့် ပြည်ပနယ်ပယ်အသီးသီးတွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်ငန်းခွင်နှင့်ပတ်သက်သည့် တွက်ချက်နည်းများကို ဖော်ပြထားသည်။ ခေတ်အဆက်ဆက်သုံးငွေ၊ အလေးချိန်၊ အချိန်အတွယ်နှင့် အခြားတိုင်းတာနည်းများ၊ သင်္ချာဆိုင်ရာ အခေါ်အဝေါ်နှင့် အဓိပ္ပာယ်သတ်မှတ်ချက် စကားလုံးများ၊ ခေတ်အလိုက် ပြောင်းလဲလာသော အမြောက်တွက်နည်း၊ အမြန်စားနည်းပုံစံများကိုပါ ထည့်သွင်းဖော်ပြထားသောကြောင့် လေ့လာသင့်သောစာအုပ်တစ်အုပ်ဖြစ်သည်။

pmtkyfudkZdcmay\ trSwf237\yxrxyf(0)\39-vrf tay:bavmuf au;muf wdkW;rdU, &efukefrdU
zkef;-09-773774733ESifh09-263806600wdkUwGif&&SdEdkifjyD; wefzdk;1500usyfjzpfonf

## ကမ္ဘာတစ်လွှားမှကံကောင်းစေမည့် အဆောင်များနှင့် အစီအရင်များ




ကံကောင်းခြင်းဆိုင်ရာ အကျိုးအကြောင်းတရားများကိုရရှိခံစားနိုင်စေရန် စာရေးဆရာဟိန်းလတ် စီစဉ်ရေးသားသော ကမ္ဘာတစ်လွှားမှ ကံကောင်းစေမည့် အဆောင်များနှင့် အစီအရင်များစာအုပ် ထွက်ရှိလာသည်။

ဘဝဆိုသည်မှာ အစဉ်အမြဲစီးဆင်းနေသော မြစ်တစ်စင်းကဲ့သို့ပင် ကံကြမ္မာစက်ဝန်းလည်ပတ်သည့်အတိုင်း လူသားတို့၏ ကောင်းမှု မကောင်းမှု လောကဓံကို ခါးစည်းခံကြရသည်။ အဆိုပါစာအုပ်တွင် ကံကောင်းခြင်းဆိုင်ရာအကျိုးအကြောင်းတရားများကိုဖော်ပြထားသည့်အပြင် အခြားသော စီးပွားရေးကျမ်း၊ တက်ကျမ်းများကဲ့သို့ လေးလေးပင်ပင်နှင့် စာဖတ်သူကို အီမသွားရအောင် ပုံပြင်ပြောသကဲ့သို့ စာဖတ်၍ကောင်းအောင် ရေးဖွဲ့ထားသည်။ စီးပွားရေးနယ်ပယ်တွင်သာမက ပညာရေး၊ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ မေတ္တာရေးနယ်ပယ် များပါမကျန် နယ်ပယ်ပေါင်းစုံတွင် စာဖတ်သူတို့ကိုယ်တိုင် လက်တွေ့အသုံးချပြီး ကံကောင်းခြင်းများကို လက်ဝယ်ပိုင်ဆိုင်နိုင်ကြောင်း ရေးသားထားသည်။

pmtkyfudkZdcmay\ trSwf237\yxrxyf(0)\39-vrf tay:bavmuf au;muf wdkW;rdU, &efukefrdU
zkef;-09-773774733ESifh09-263806600wdkUwGif&&SdEdkifjyD; wefzdk;2500usyfjzpfonf

## ထွက်ရှိပြီး Nova 2i ကိုထပ်မံအဆင့်မြှင့်ထားသည့် Huawei Nova 2s



Huawei မှ သူ၏ AI နည်းပညာဖြင့် ထွက်ရှိထားပြီးသော Nova 2i အမျိုးအစားစမတ်ဖုန်းကို ထပ်မံအဆင့်မြှင့်ကာ Nova 2s အမည်ဖြင့်ထပ်မံထုတ်လုပ်လိုက်ခြင်းဖြစ်သည်။ လွန်ခဲ့သည့်လကပြည်တွင်းဈေးကွက်တွင် မိတ်ဆက်ပေးခဲ့သော Nova 2i အမျိုးအစားစမတ်ဖုန်းထက် မျက်နှာပြင်ကြီးမားကာ ပိုမိုကောင်းမွန်သည့်လုပ်ဆောင်ချက်များပါဝင်လာသည်။

ပရိုဆက်ဆာပိုင်းတွင် မြင့်မားသည့်စွမ်းဆောင်ရည်ရှိသော Kirin 960 ကိုအသုံးပြုထားပြီး Android စနစ် Oreo 8.0 ဖြင့်ထွက်ပေါ်လာခြင်းဖြစ်သည်။ ၆ လက်မအကျယ်မျက်နှာပြင်ပြည့်စမတ်ဖုန်းဖြစ်ပြီး Bezel-Less Display နှင့် မြင့်မားသည့် ရုပ်ထွက်အရည်အသွေးပါဝင်ပြီး Nova 2i ထက်လုပ်ဆောင်ချက် ကွာခြားမှုများရှိမည်ဖြစ်သည်။ ကိုယ်ထည်မှာ ဖန်နှင့်သတ္တုကိုရောစပ်တည်ဆောက်ထားပြီး ဖုန်းတစ်ခုလုံးမှာ ၁၆၉ ဂရမ်အလေးချိန်ရှိမည်ဖြစ်သည်။ RAM ပါဝင်မှု 4GB ရှိပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 64GB ပါဝင်သည့် အမျိုးအစားနှင့် RAM 6GB နှင့် သိုလှောင်သိမ်းဆည်းမှု 128GB ဟူ၍ နှစ်မျိုးထွက်ရှိလာနိုင်ပြီး Micro SD 256GB အထိ ထပ်မံထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။

ကင်မရာပိုင်းတွင် Nova 2i ကဲ့သို့ပင် လေးလုံးပါဝင်ပြီး ကျောဘက်ကင်မရာ 16MP+20MP ဖြစ်ကာ အရှေ့ဘက် ကင်မရာမှာ 2MP+20MP Wide Angle Lens ပါဝင်ပြီး အရှေ့ဘက်တွင် Flash မီးပါဝင်လာမည်ဖြစ်သည်။ ဘက်ထရီစနစ်အတွက် မိနစ် ၃၀ အတွင်း ၅၀ ရာခိုင်နှုန်းခန့် အားအမြန်သွင်းနိုင်သောစနစ်ပါဝင်ပြီး 3340mAh ပမာဏရှိသော ဘက်ထရီပါဝင်လာမည်ဖြစ်သည်။ လွန်ခဲ့သည့်ရက်ပိုင်းကမိတ်ဆက်ပေးခဲ့သည့် အဆိုပါ Huawei Nova 2s အမျိုးအစားစမတ်ဖုန်းကို Black, Grey, Rose Gold, Red, Blue ဟူ၍ အရောင်ငါးမျိုးရရှိနိုင်ပြီး တရုတ်နိုင်ငံဈေးကွက်အတွင်း 4GB အမျိုးအစားကို ယွမ် ၂၇၀၀ ဝန်းကျင်နှင့် 64GB အမျိုးအစားကို ယွမ် ၃၀၀၀ ဝန်းကျင်တွင် ရရှိနိုင်မည်ဖြစ်သည်။ ALEX

## လှိုင်းမူးမူး လှေမူးမူးနှင့် စစ်သည်နှလုံးသား စာစုများ




စာရေးသူ ရဲမင်းစိုး၏ လှိုင်းမူးမူးလှေမူးမူးနှင့် စစ်သည်နှလုံးသား စာစုများ စာအုပ်ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

စာအုပ်တွင် လှိုင်းမူးမူး လှေမူးမူး၊ တောဆောင်းဦးထုပ်ကလေးတစ်လုံး၊ ပစ်တိုင်းထောင်နှင့် ကျွန်တော်၊ စလယ်ဝင်အိုးလေး၊ တာလဘောဟင်းလေး၊ သွေးဖြင့်ရေးသော ကဗျာတစ်ပုဒ်၊ တပည့်ကျော်ချစ်တုတ်၊ ငြိမ်းချမ်းရေးဆီသို့၊ စိတ်မကောင်းခြင်းများစွာဖြင့်၊ သက်သေ၊ စားခဲ့ရသော မျှစ်ကြော်လေးတစ်ခွက်၊ ကွမ်းယာလေးတစ်ယာ၊ နေ့စွဲတစ်ခု၏ ဒိုင်ယာရီ၊ လွင့်မျောသွားသောတိမ်တိုက်များ၊ ငွေရတုခရီးမှသည်၊ အောင်သာဝရဆီသို့၊ လေလွင့်ခြေရာများ စသည့် စိတ်ဝင်စားစရာစာစုများကို စုစည်းဖော်ပြထားသည်။

စာအုပ်ကို စာရေးဆရာ သောင်းဝေဦး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မြင်းမူမောင်နိုင်မိုးတို့က အမှာစာများ ရေးသားပေးထားသည်။

# Hwayugri ရဲ့ ပိုစတာဓာတ်ပုံကို ထုတ်ဖော်ပြသ

tvN ရုပ်သံလိုင်းကနေ ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ “Hwayugri”မှာ မကြာသေးမီက စစ်မှုထမ်းဆောင်ပြီးလို့ အနုပညာလှုပ်ရှားမှုတွေ ပြန်လည်စတင်လာတဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ လီဆန်းဂီက ခေါင်းဆောင်ပါဝင်ထားတာဖြစ်ပါတယ်။ လတ်တလောမှာတော့ ယင်းဇာတ်လမ်းတွဲရဲ့ ပထမဆုံးသောပိုစတာဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့ပြီး ယင်းဓာတ်ပုံမှာ အပြိုင်သရုပ်ဆောင်ကြမယ့် မင်းသား လီဆန်းဂီနဲ့ ချာဆန်းဝန်တို့ကို တွေ့ရပါတယ်။ ဒါ့အပြင် ယင်းရုပ်ရှင်ရဲ့ ဇာတ်ဆောင်တွေအဖြစ် ပါဝင်သွားကြမယ့် အနုပညာရှင်ငါးဦးရဲ့ ပိုစတာဓာတ်ပုံကိုလည်း ထုတ်ဖော်ပြသလာတာတွေ့ရပါတယ်။

အဆိုပါဇာတ်လမ်းတွဲမှာ ဇာတ်ဆောင်တွေအဖြစ် ပါဝင်ထားကြသူတွေကတော့ လီဆန်းဂီ၊ ချာဆန်းဝန်၊ တေးဂီတအဖွဲ့ “F. T. Island”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟွန်းကီ၊ မင်းသမီး အိုယွန်ဆိုးနဲ့ ဂျန်ကွမ်တို့ဖြစ်ပြီး ပထမပိုစတာမှာ ဇာတ်ဆောင်တစ်ဦးချင်းစီရဲ့ ကိုယ်ပိုင်ဟန်နဲ့ သီးခြားစီရိုက်ကူးထားကာ သူတို့အားလုံးဟာ တိမ်တွေအကြားမှာ ရောက်ရှိနေဟန် ရိုက်ကူးထားတာဖြစ်ကြောင်းလည်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒုတိယမြောက်ပိုစတာမှာတော့ လီဆန်းဂီနဲ့ ချာဆန်းဝန်တို့ဟာ သူတို့ပါဝင်သရုပ်ဆောင်ကြမယ့် ဇာတ်ကောင်တွေရဲ့ စရိုက်အတိုင်း ဝတ်စားပြင်ဆင်ရိုက်ကူးထားတာကိုလည်း တွေ့ရပါတယ်။ ယင်းဇာတ်လမ်းတွဲရုပ်ရှင်ဟာ လီဆန်းဂီအနေနဲ့ စစ်မှုထမ်းပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်ရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်ဖြစ်ပြီး အဓိကဇာတ်ဆောင် ဆန်းအိုဂွန်းအဖြစ် ပါဝင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ “Hwayugri”ဟာ တရုတ်ဂန္ထဝင်ဝတ္ထုရှည်ကြီးတစ်ခုဖြစ်တဲ့ “Journey to the West”ကို အခြေခံရိုက်ကူးသွားမှာဖြစ်ပြီး ဇာတ်ညွှန်းကိုတော့ ဟွန်းစစ်စတားစ်က တာဝန်ယူရေးသားပေးသွားမှာဖြစ်ပါတယ်။ အဆိုပါဇာတ်လမ်းတွဲကိုတော့ ရုပ်သံကနေတစ်ဆင့် လာမယ့် ဒီဇင်ဘာ ၂၃ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။






အေးပြည့် စုစည်းသည်

# စျေးအကြီးဆုံးတိုက်ခန်းမှာ ပြောင်းရွှေ့နေထိုင်ခဲ့ကြတဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးဂီတအဖွဲ့တွေအနက် BTS ဟာ နိုင်ငံတကာအထိ အောင်မြင်မှုတွေကို ထိုးဖောက်နိုင်ခဲ့တဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး အောင်မြင်မှုတွေကို အနောက်နိုင်ငံတွေအထိပါ သယ်ဆောင်ကာ ကေပေ့ါ့ပ်တေးဂီတကို ကမ္ဘာက အသိအမှတ်ပြုစေခဲ့တဲ့ အဖွဲ့တစ်ဖွဲ့လည်းဖြစ်ပါတယ်။ စပေ့ါ်ထ်ဆိုးလ်ရဲ့ ဖော်ပြချက်တွေအရ အဆိုပါတေးဂီတအဖွဲ့သားတွေဟာ ဆိုးလ်မှာရှိတဲ့ တန်ဖိုးအကြီးဆုံးတိုက်ခန်းတွေမှာ မကြာသေးမီက ပြောင်းရွှေ့နေထိုင်ခဲ့ကြကြောင်း သိရပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ယခုလအစောပိုင်းမှာ ပြောင်းရွှေ့ခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။ BTS အဖွဲ့သားတွေဟာ ဟန်းနမ်းမှာရှိတဲ့ တိုက်ခန်းတွေကို ပြောင်းရွှေ့နေထိုင်ခဲ့ကြတာဖြစ်ပြီး ဒီလိုပြောင်းခဲ့ရတာကတော့ အဖွဲ့သားတွေအနေနဲ့ ပိုမိုသက်သောင့်သက်သာရှိပြီး ပိုပြီးတိတ်ဆိတ်တဲ့အရပ်မှာ နေလိုတာကြောင့်ဖြစ်တယ်လို့လည်း သိရပါတယ်။ နေထိုင်ရာမှာတော့ အပိုင်ဝယ်ယူနေထိုင်ခဲ့တာမျိုးမဟုတ်ဘဲ အချိန်အတိုင်းအတာတစ်ခုအထိ စာချုပ်နဲ့ ငှားရမ်းနေထိုင်ခြင်းသာဖြစ်တယ်လို့လည်း သိရပါတယ်။

BTS အဖွဲ့ဝင်တွေ လတ်တလောနေထိုင်နေတဲ့ ဟန်းနမ်းက တိုက်ခန်းတွေဟာ ဆိုးလ်မှာရှိတဲ့ တိုက်ခန်းတွေအားလုံးထက် စျေးကြီးရုံသာမက တောင်ကိုရီးယားတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ပါ တန်ဖိုးအကြီးဆုံးဖြစ်ပါတယ်။ ယခုနှစ်အတွင်း တောင်ကိုရီးယားမှာ ရောင်းချခဲ့ရတဲ့ တိုက်ခန်းတွေအနက် စျေးအကြီးဆုံးတိုက်ခန်းဆယ်ခုလုံးဟာ ယင်းနေရာက တိုက်ခန်းတွေဖြစ်ကြကြောင်းလည်း သိရပါတယ်။

အဖွဲ့ဝင်ခုနစ်ဦးပါဝင်တဲ့ အဆိုပါတေးဂီတအဖွဲ့ဟာ နိုင်ငံတကာတေးဂီတထူးချွန်ဆုကို လက်ခံရရှိခဲ့တဲ့ ပထမဆုံးသော ကေပေ့ါ့ပ်တေးဂီတအဖွဲ့ဖြစ်လာခဲ့ပြီး ပြီးခဲ့တဲ့လအတွင်းမှာလည်း ယင်းတေးဂီတအဖွဲ့အနေနဲ့ နိုင်ငံတကာစံချိန်တစ်ခုကို တင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့ အဖွဲ့ရဲ့ ကျော်ကြားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “MIC Drop”ဟာ အမေရိကန် iTunes တေးဂီတဇယားထိပ်ဆုံးမှာ ရပ်တည်နေခဲ့ပြီး ဒီလိုရပ်တည်နိုင်ခဲ့တာဟာ ကေပေ့ါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့အတွက်တော့ ပထမဆုံးအကြိမ်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် လေးမိနစ်ခွဲခန့်ကြာမြင့်တဲ့ “MIC Drop”ရဲ့ တေးဗီဒီယိုဟာ YouTube ပေါ်မှာလည်း ကြည့်ရှုသူအများဆုံးတေးသီချင်းတစ်ပုဒ်အဖြစ် ရပ်တည်နေပြီး စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ဆယ်နာရီအကြာမှာတော့ ကြည့်ရှုသူပရိသတ် ၇ ဒသမ ၈ သန်းခန့် ရရှိခဲ့တယ်လို့လည်း သိရပါတယ်။



# ရုပ်ရှင်သစ်အတွက် ဆွေးနွေးနေတဲ့ ယွန်းအွန်ဟေး

ကော်ဖီချစ်သူဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသမီးဖြစ်တဲ့ ယွန်းအွန်ဟေးကို ချစ်ခင်ကြတဲ့ ပရိသတ်တွေအနေနဲ့တော့ မကြာမီမှာ သူ့ရဲ့ရုပ်ရှင်သစ်ကို မျှော်လင့်နိုင်တော့မှာဖြစ်ပါတယ်။ တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ လတ်တလောမှာတော့ ယွန်းအွန်ဟေးဟာ ဒရမ်မာဇာတ်လမ်းတွဲတစ်ခုနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့အတွက် ဆွေးနွေးမှုတွေ ပြုလုပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၃ ရက်မှာတော့ အနုပညာအသိုင်းအဝိုင်းမှ သတင်းရင်းမြစ်တစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်အရ ယွန်းအွန်ဟေးဟာ “Love Like A Person” လို့ ယာယီအမည်ပေးထားတဲ့ ဇာတ်လမ်းတွဲမှာ ပါဝင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ လတ်တလောမှာတော့ ယွန်းအွန်ဟေးအနေနဲ့ ယင်းရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ဖို့အတွက် ဆွေးနွေးမှုတွေ ပြုလုပ်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

“Love Like A Person”ဟာ အချစ်ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး လူသားအသွင်ဖန်တီးထားတဲ့ စက်ရုပ်နဲ့ အလွန်စိတ်ကူးယဉ်တတ်တဲ့ အမျိုးသမီးတစ်ဦးအကြားက အချစ်ဇာတ်လမ်းကို ပုံဖော်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ယွန်းအွန်ဟေးဟာ ယင်းရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်ဖြစ်တဲ့ ဂွန်ဂျန်ဟီးလို့ အမည်ရတဲ့ အထက်တန်းပြ ရူပဗေဒဆရာမတစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ပါတယ်။ ယွန်းအွန်ဟေး ပါဝင်ရမယ့် ဇာတ်ကောင်ဟာ သူ့ရဲ့စိတ်ခံစားချက်တွေအပေါ် လုံးဝယုံကြည်သူဖြစ်ပြီး သူဟာ တိုက်ခိုက်ရေး ကျွမ်းကျင်သူတစ်ဦးဖြစ်ကာ တိုက်ကွမ်ဒိုခါးပတ်နက်ရထားသူတစ်ဦးလည်း ဖြစ်ပါတယ်။ တစ်နေ့မှာ သူဟာ အမျိုးသားတစ်ဦးနဲ့ တွေ့ဆုံခဲ့ပြီး သူ့ကို ဘဝလက်တွဲဖော်အဖြစ် ယုံကြည်နေတာဖြစ်ပါတယ်။

ယွန်းအွန်ဟေးရဲ့ဘက်ကတော့ “Love Like A Person”အတွက် ကမ်းလှမ်းခံထားရသည်မှာ မှန်ကန်ကြောင်း၊ ပါဝင်သရုပ်ဆောင်ဖြစ်၊ မဖြစ်မှာ မသေချာကြောင်းနဲ့ လတ်တလောမှာတော့ ဆွေးနွေးနေဆဲအခြေအနေသာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ယင်းဇာတ်လမ်းတွဲရုပ်ရှင်ကိုတော့ လာမယ့်နှစ်နှစ်ကုန်ပိုင်းမှာ စတင်ထုတ်လွှင့်သွားဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။



# ဖိလစ်ပိုင်မှာ နတ်မိမယ်တွေအကြား မွေးနေ့ပွဲဆင်နွှဲခဲ့တဲ့ ဆန်းရီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BIGBANG”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆန်းရီဟာ လတ်တလောမှာ ကျရောက်ခဲ့တဲ့ သူ့ရဲ့မွေးနေ့မှာတော့ ဖိလစ်ပိုင်နိုင်ငံက ကမ်းခြေတစ်ခုမှာ ကြီးကျယ်တဲ့ မွေးနေ့ပါတီပွဲ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ယင်းပါတီပွဲမှာတော့ လှပလွန်းတဲ့ အမျိုးသမီးတွေရဲ့အကြားမှာ ပျော်ရွှင်နေတဲ့ ဆန်းရီကို တွေ့မြင်ခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၂ ရက်မှာ ဆန်းရီဟာ အသက် (၂၇)နှစ်ပြည့်ခဲ့ပြီဖြစ်ကာ မွေးနေ့ပါတီကိုတော့ ဖိလစ်ပိုင်က ကမ်းခြေတစ်ခုမှာ ကျင်းပခဲ့တာပါ။ မွေးနေ့ပွဲက ပုံရိပ်တွေ ပါဝင်နေတဲ့ ဗီဒီယိုနဲ့အတူ ဓာတ်ပုံတွေဟာလည်း အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့ခဲ့ပါတယ်။ ယင်းဓာတ်ပုံတွေမှာတော့ ဆန်းရီကို မိန်းမချောတွေနဲ့ တွဲဖက်ရိုက်ကူးထားတာတွေ့ရပြီး ဗီဒီယိုဖိုင်မှာတော့ ပေ့ါ့ပ်ကြယ်ပွင့်ဟာ မိန်းကလေးတစ်ဦးနဲ့ တွဲဖက်ကာ သီချင်းဆိုနေတာကိုလည်း တွေ့ရပါတယ်။

အင်ဒိုနီးရှား သရုပ်ဆောင်မင်းသမီးတစ်ဦးဖြစ်တဲ့ ရာလင်းဆရှ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဆန်းရီနဲ့ တွဲဖက်ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကိုဖော်ပြခဲ့ပြီး ဓာတ်ပုံရဲ့အောက်ခြေမှာတော့ မွေးနေ့ပါတီမှာ အလွန်ကို ပျော်ရွှင်ခဲ့ရကြောင်းနဲ့ ဆန်းရီအတွက်လည်း ပျော်ရွှင်စရာမွေးနေ့ ဖြစ်စေကြောင်း ဆုတောင်းပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

သူ့ရဲ့ မွေးနေ့အမှတ်တရနဲ့ပတ်သက်ပြီး ဖော်ပြရာမှာတော့ ဆန်းရီက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ယောကျ်ားလေးသူငယ်ချင်းတွေနဲ့ ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့တာတွေ့ရပါတယ်။ သူဖော်ပြခဲ့တဲ့ ဓာတ်ပုံရဲ့အောက်ခြေမှာတော့ “ဆိုးလ်၊ တိုကျို၊ နာဂိုယာ၊ အိုဆာကာ၊ ရှန်ဟိုင်း၊ ဘေဂျင်း၊ ဇီမန်၊ ကွာလာလမ်ပူ၊ ဘန်ကောက်၊ ဟောင်ကောင်၊ တိုင်ပေ၊ တိုင်ဇူး၊ စင်ကာပူ၊ ဂျာကာတာ၊ ဟန်ချိုင်းက ညီအစ်ကိုတွေအားလုံးကို ချစ်ပါတယ်”လို့ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။



# METRO FREE TRIAL LECTURE

## အခမဲ့ သင်ကြားပို့ချပေးမည့် သင်ခန်းစာ

ဂျပန်နိုင်ငံ Nagasaki မြို့ရှိ Metro General Business College ၏ ကျောင်းခွဲဖြစ်သော IT နည်းပညာရပ်များနှင့် Japan ဘာသာရပ်များကို အတူတကွ လေ့လာသင်ယူနိုင်သည့် Metro IT & Japanese Langauge Centre ( Mandalay Branch ) ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါတော့မည်။ IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်ချင်သူများအတွက် " Great Chance "

**လာရောက်လေ့လာနိုင်မည့်သူ** — တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ ၊ တက္ကသိုလ်တက်ရောက်နေသူများ ၊ တက္ကသိုလ်ဘွဲ့ရကျောင်းဆင်းများ IT Professional လမ်းကြောင်းကို လျှောက်လှမ်းချင်သူများ

**ကျင်းပပြုလုပ်မည့်နေရာ** — Metro IT & Japanese Language Centre ( Mandalay Branch )

**သင်ကြားပို့ချပေးမည့်ဆရာ၊ဆရာမများ** — ဒေါ်ကြည်ပြာလွင် ၊ ဦးချမ်းငြိမ်းသောင်း ၊ ဒေါ်အေးသန္တာလွင် Metro IT & Japanese Language Centre ( Yangon )

**IT နည်းပညာများကို သင်ယူလိုသော ကျောင်းသား ၊ ကျောင်းသူများကိုသာ လာရောက်၍ လေ့လာကြဖို့ ဖိတ်ခေါ်ပါသည်။**

### Dec. 17 (Sun) — Web Page ရေးသားနည်း အခြေခံသင်ခန်းစာ

9:45 am ~ 12:00 pm
12:45 pm ~ 3:00 pm

လူဦးရေ - ၁၅ ဦးထိသာ

HTML, CSS တို့ကို အသုံးပြုပြီး Web အခြေခံတွေကို လေ့လာကြည့်ကြမလား ?
Web Creator အဖြစ် လုပ်ငန်းခွင် ဝင်ကြရအောင် !

### Dec. 23 (Sat) — Javascript အခြေခံသင်ခန်းစာ

9:45 am ~ 12:00 pm
12:45 pm ~ 3:00 pm

လူဦးရေ - ၁၅ ဦးထိသာ

Facebook နှင့် Google များတွင် အသုံးပြုထားပြီး Popular ဖြစ်သော Javascript Language ကိုလေ့လာနိုင်ပါသည်။
Web Developer / Web Designer အဖြစ် ရပ်တည်ချင်သူများအတွက် အထူးအခွင့်အရေး !

### Dec. 30 (Sat) — Microsoft Excel အခြေခံသင်ခန်းစာ

9:45 am ~ 12:00 pm
12:45 pm ~ 3:00 pm

လူဦးရေ - ၁၅ ဦးထိသာ

စာရင်းဇယားတွေကို Function တွေ၊ Fomula တွေကို အသုံးချပြီး အချိန်မကုန်ဘဲ အလွယ်တကူ တွက်ချက်တတ်စေရန်၊ Data manipulation လေ့လာပြီး
Office Manager အဖြစ် ရပ်တည်ကြရအောင် !

အထက်ဖော်ပြပါ သင်ခန်းစာအားလုံး လူဦးရေ ကန့်သတ်ထားပါသဖြင့် ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်လေ့လာနိုင်ပါသည်။

**09-401000510, 09-401000520**

Room No(7), Mandalay ICT Park, 3rd Floor, Yadanarbon Super Center, Corner of 34 x 78 Street, Mandalay, Myanmar.

Website : www.metro-myanmar.com/mic Mail : mminfo@metro-myanmar.com Facebook : metrogroupmandalay

Yangon ( Main ) : 3rd Floor, Kyaw Business Tower Condo, Pansodan Street, Yangon, Myanmar.

METRO
IT & Japanese Language Centre

OK$

# လျှပ်စစ်မီတာခ၊ ရုပ်သံစလောင်းအသုံးပြုခ
# လစေး ကြိုးဖုန်း/ မိုဘိုင်းဖုန်း ဘီလ်
# ပေးဆောင်နိုင်ပြီ



facebook.com/okdollarapp
okdollar.com

---

# လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း တန်းခွဲသစ် စမည်၊
# LCCI & Dip: IFR

| Level I+II | | သင်တန်းချိန် | | စမည့်ရက် |
|---|---|---|---|---|
| Sec(A) | Sat+Sun | 7-9 | (am) | 16.Dec |
| Sec(B) | Sat+Sun | 9-11 | (am) | 23.Dec |
| Sec(C) | Sat | 11-3 | (pm) | 30.Dec |
| Sec(D) | Sun | 11-3 | (pm) | 31.Dec |
| Sec(E) | Mon+Tue | 6-8 | (pm) | 1. Jan |
| Sec(F) | Fri | 12-4 | (pm) | 5.Jan |
| Sec(G) | Mon to Fri | 12-3 | (pm) | 8. Jan |

| Level III | | သင်တန်းချိန် | | စမည့်ရက် |
|---|---|---|---|---|
| Sec(A) | Sat+Sun | 3- 8 | (pm) | 16.Dec |
| Sec(B) | Wed to Sun | 6- 8 | (pm) | 23.Dec |
| Sec(C) | Mon to Fri | 8-12 | (am) | 1.Jan |

တန်းခွဲသစ်စမည်
နံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ၊
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်။ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်

---

ဘိုးဘွားမိဘနှင့် ဆရာသမားတို့အတွက်
ခရစ္စမတ် ကျန်းမာခြင်းလက်ဆောင်
Powertona® 3G
Ginseng Garlic Ginkgo
60 Soft Caps

- အသက်ကြီးလာတာနဲ့ အမျှ မှတ်ဉာဏ်လျော့ပါးတာ၊ သွေးကြောတွေကျဉ်းပြီး မာလာတာ၊ သွေးတွင်းအဆီများလာတာ၊ အစာခြေစနစ်ယိုယွင်းလာတာတွေဖြစ်တတ်ပါတယ်။
- နောက်ဆက်တွဲအနေနဲ့ မှတ်ဉာဏ်ပျောက်ဆုံးတာ၊ နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းနှင့် ကင်ဆာစတဲ့ လူကြီးရောဂါဆိုးတွေ ဖြစ်လာတတ်ပါတယ်။
- Ginseng, Garlic, Ginkgo သုံးမျိုးရဲ့ ထူးခြားတဲ့ ပေါင်းစည်းမှုကြောင့် ပါဝါတိုနာ(3G) သည်ခွန်အားတိုးပွားစေပြီး လူကြီးရောဂါများကို တားဆီးနိုင်ပါသည်။

KOREA UNITED PHARM. INT'L JSC
• YANGON TEL : 01 203103, 0973083319, 09 977111546
• MANDALAY TEL : 09 2037314, 09 91012541




---

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့်
ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534

---

# မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
ဖြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

---



# မဏိစန္ဒာ
အမျိုးသမီးအပ်ချုပ်သင်တန်း
ဘာသာစုံ စနစ်တကျ တစ်ဦးချင်းစီ
အတတ်သင်ပေးသည်။

၁။ အိမ်အရောက်သင်တန်း ၊ ညနေသင်တန်း ၊ တနင်္ဂနွေသင်တန်း
၂။ စက်ကြီးပန်းထိုး+လက်ရေးပန်းချီသင်တန်း၊ Handmade၊ စီကွင်း၊ ကျောက်အလှဆင်၊ ကွန်ပျူတာပန်းထိုး၊ သတို့သမီး ထိုင်မသိမ်း နှင့် မြန်မာပွဲတက်ဝတ်စုံ
၃။ အိမ်တွင်း အသင့်ချုပ်နိုင်ရန် ညှပ်ပြီး ပုံဆန်းအမျိုးမျိုး ဝယ်ယူနိုင်ပါသည်။
၄။ နယ်ဝေးသူများအတွက် နေရေး၊ စားရေး စီစဉ်ပေးသည်။
- ဆိုင်အမှတ် ၁။ အမှတ်(၆၅)၊ အနော်ရထာလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
- ဆိုင်အမှတ် ၂။ အမှတ်(၁၀၄/၁၁၂)၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။
- ဆိုင်အမှတ် ၃။ အမှတ်-၁၈၊ လှည်းတန်းလမ်း၊ (၆)လွှာ၊ ကမာရွတ်မြို့နယ်။

ဖုန်း-၃၈၈၂၃၃၊ ၅၂၇၉၉၈၊ ၀၉၄၅၀၂၀၆၉၈၆ ၀၉၅၀၀၀၇၆၅၀၊

---



8½ Stories BCCကျပြီး
အမှတ်(၃၇)၊ ဇေယျာဝတီလမ်း (ဗဟိုလမ်း)စမ်းချောင်းမြို့နယ်။

7လွှာ,8လွှာ, Penthouse ရောင်းရန်ရှိ၊ MBR(1), SBR(1) အဆင့်မြင့်ပြင်ဆင်ပြီး နေထိုင်ရန်အသင့်တိုက်ခန်း
(Penthouse အထိဓါတ်လှေကားပါ)

8½ Stories BCCကျပြီး
အမှတ်(၉၄)၊ ဗိုလ်စောပုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။

5လွှာ,6လွှာ,7လွှာ,8လွှာ, Penthouse ရောင်းရန်ရှိ၊ စိတ်ကြိုက်အခန်းဖွဲ့စည်းနိုင်ရန်(Hall Type)ပုံစံရောင်းချပေးပါသည်။(Penthouse အထိဓါတ်လှေကားပါ)

ပြီးစီးမှု ၇၅ %
8½ Stories ကြိုတင်အရောင်း
အမှတ်(၆၆)၊ လိပ်ကန်လမ်း (ရေကျော်)၊ ပုဇွန်တောင်မြို့နယ်။ (ဇေယျာမြိုင်ပန်းခြံရှေ့)

5လွှာ,6လွှာ,8လွှာ, Penthouse ရောင်းရန်ရှိ၊ စိတ်ကြိုက်အခန်းဖွဲ့စည်းနိုင်ရန်(Hall Type)ပုံစံရောင်းချပေးပါသည်။
(Penthouse အထိဓါတ်လှေကားပါ)

●Pile Foundation (Ready - Mixed Concrete) ●Central Distribution Water Supply System (ဗဟိုရေဖြန့်ဝေမှုစနစ်)
●Underground Tank,Overhead Tank (Stainless Steel Tank) ●Video Intercom ●Satellite System ●ကိုယ်ပိုင် မီတာ

တကောင်းဘွားကုမ္ပဏီလီမိတက်
TA GAUNG BWAR CO.,LTD.
No (204), Bogyoke Aung San Road, Botahtaung Township, Yangon.
Hot Line : 09 830 2000, 09 830 2888, 09 830 3888
Email : tagaungbwarcompany@gmail.com , Facebook : Ta Gaung Bwar

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင်(B.A,B.L)**
**ကြည်း-၉၇၈၅၊ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) OTS - 29**
**တရားရုံးချုပ်တရားသူကြီး**
**အသက် (၇၈) နှစ်**

အမှတ်(၃၄၆)၊ စရည်းပင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏနေ ဒေါ်စောသီရိသိင်္ဂီ၏ချစ်လှစွာသောခင်ပွန်း ဦးသူရိန်စောထွတ်နိုင်၏ဖခင်သည် ၉-၁၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS - 29 မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

ဦးတေဇထွန်း
**Director, TERABIT WAVE Co., Ltd.**
အသက် (၅၃) နှစ်

TERABIT WAVE Co., Ltd. မှ ဒါရိုက်တာ ဦးတေဇထွန်းသည် (၇-၁၂-၂၀၁၇) ရက် ည ၇း၀၀ နာရီတွင်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ATI Co., Ltd
**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ၊**

## အထူးဝမ်းနည်းကြေကွဲခြင်း

**အငြိမ်းစားသံအမတ်ကြီး ဦးသိန်းအောင် (၉၁) နှစ်**
**ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)၊ (OTS-8)**
**(ကြည်း ၆၅၂၃)**
**ရန်ကုန်တိုင်းကောင်စီဥက္ကဋ္ဌ (ငြိမ်း)**
**ရန်ကုန်မြို့တော်ဝန် (ငြိမ်း)**

မိဘသဖွယ် ကြည့်ရှုစောင့်ရှောက်ခဲ့ပါသော ကျေးဇူးရှင်ဦးလေးဖြစ်သူ ဦးသိန်းအောင် အသက် (၉၁) နှစ်သည် ၁၁-၁၂-၂၀၁၇ (တနင်္လာနေ့) ညနေ ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် အန်တီဒေါ်ရီရီသိန်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တူ၊ တူမများ**
**ဦးခင်မောင်ဦး+ဒေါ်သန်းသန်းနု**
**ဒေါ်ညိုညိုရီ**
**ဦးဝင်းမောင်+ဒေါ်ကြည်ကြည်လှိုင်**
**ဒေါက်တာမင်းခင်+(ဒေါ်ဖြူဖြူဝင်း)**
**ဒေါက်တာဇော်လင်း+ဒေါ်ခင်မေထွေး**
**ဦးရွှေထွန်းလှိုင်+ဒေါ်စန်းကြည်သာထွေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဆရာကြီး ဦးတင်လတ်ဝေ (၈၅)နှစ်**
**အငြိမ်းစားပါမောက္ခ (အင်္ဂလိပ်စာ)**

သူငယ်ချင်း ဒေါ်မြမြဖူး-ဦးဇော်မင်းထွန်းတို့၏ ကျေးဇူးရှင်ဖခင်ဖြစ်သူ ဆရာကြီး ဦးတင်လတ်ဝေသည် ၉-၁၂-၂၀၁၇ ရက် (စနေနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**TTC 87 Batch ကျောင်းသား/ကျောင်းသူဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဗိုလ်မှူးကြီး ရဲသွေး(ငြိမ်း) (၇၁)နှစ်**
**ဌာနကြီးမှူး (ငြိမ်း)**
**ဆေးကုသမှုဌာနကြီး၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)**
**ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာ အထူးပြုဘာသာရပ်များဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဗိုလ်မှူးကြီး ရဲသွေး(ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၃း၂၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဟော်မုန်းဆိုင်ရာ အထူးပြုဘာသာရပ်များ**
**ဆေးပညာဌာန မိသားစု**
**တပ်မတော်ဆေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတေဇထွန်း**
**အသက်(၅၃)နှစ်**
**(Group 1, CEO Network Enhancing Programme Japan, November 2013)**

မိတ်ဆွေကြီး ဦးတေဇထွန်း(Director, Terabit Wave Co., Ltd.)သည် ၇-၁၂-၂၀၁၇ ရက် (ကြာသပတေးနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမောင်ပြုံး (Leader Paper)၊ ဦးအေးဟန်(UPG)၊ ဦးသန်းထိုက်လွင်၊ ဦးစစ်တိုင်းအောင်၊ ဦးကျော်စိုးဟန်၊ ဦးနိုင်လင်းသိန်း၊ ဦးစည်သူထင်ကျော်၊ ဦးစိုးမိုးအောင်၊ ဦးဝဏ္ဏထွန်း၊ ဦးပြည်စိုးထွန်း၊ ဦးကျော်သိန်းခိုင်၊ ဦးခင်မောင်မြင့်၊ ဦးသက်ထွေးအောင်၊ ဦးရှိန်းသူအောင်နှင့်**
**CEO Network Enhancing Programme Japan**
**(Group 1, Nov 2013)မှ မိတ်ဆွေများ**

**ဦးဖုန်းမြင့်(ဖျာပုံ)**
**ဒု-အရာခံဗိုလ်(ငြိမ်း)**
**က-က-ထုတ်**
**အသက်(၇၄)နှစ်**

(ဦးကျော်ဖေ-ဒေါ်သန်းလှ)တို့၏ သား၊ (ဦးမောင်သန်း-ဒေါ်တင်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဦးဇော်ဝင်း-ဒေါ်ခင်မျိုးမြင့်၊ ဦးအေးသန်း-ဒေါ်ဖြူဖြူဝင်း၊ ဒေါ်ငွေးငွေးရီတို့၏ အစ်ကိုကြီး၊ ဦးရန်နောင်ထွဋ်-ဒေါ်ဝင်းပပကျော်၊ ဦးလှမိုးအောင်၊ ဦးဇော်မိုးအောင်-ဒေါ်မူမူအောင်၊ ဦးစိုးဟန်-ဒေါ်ကျော့ကေခိုင်၊ ကိုဇော်ထူးအောင်-မနီနီဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး အမှတ် (၃၈/8B)၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဖုန်းမြင့်သည် ၁၁-၁၂-၂၀၁၇ (တနင်္လာနေ့) ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၀း၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဒေါ်နွယ်နွယ်ဝင်း**
**အသက်(၅၁)နှစ်**
**လ/ထ ညွှန်ကြားရေးမှူး**
**(ကျိုက်လတ်မြို့နယ်**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၁)လမ်း၊ အမှတ်(၁၂၆)၊ အခန်း(၁၆) နေ (ဦးထွန်းဝင်း-ဒေါ်ခင်သန်းလွင်) တို့၏သမီး၊ ဦးကျော်ကျော်ဝင်း-ဒေါ်ရင်ရင်၊ ဦးဇော်လင်းအောင်-ဒေါ်နိုင်နိုင်ဝင်း၊ ဦးဘိုဘိုဝင်းတို့၏အစ်မ၊ Ethan Win၊ လင်းခေတ်ပီယာတို့၏ အဒေါ် ဒေါ်နွယ်နွယ်ဝင်းသည် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၀၀း၁၅ နာရီတွင် သန်လျင်သဘာဝတရားရိပ်သာ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သန်လျင်မြို့နယ် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ (၄၁)လမ်း၊ အမှတ်(၁၂၆)၊ အခန်း(၁၆)၊ နေအိမ်နှင့် နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ သန်လျင်သဘာဝတရားရိပ်သာတို့သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ကွန်ပျူတာ စာရင်းကိုင်**
**(မ) (၂) ဦး အလိုရှိသည်**

မှတ်ချက်။ ။ လှိုင်၊ ကမာရွတ်၊ မရမ်းကုန်းမြို့နယ် နေသူများ ဖြစ်ရမည်။

**ဖုန်း-၀၉-၇၈၇၀၆၀၉၀၇၊**
**၀၉-၅၀၄၅၄၁၃**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြွေးဝါ(မြိတ်) (၈၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၁၀)၊ ဘုရင့်နောင်လမ်းမကြီး (ဘုရင့်နောင်ကားပစ္စည်းဈေးကြီးအနီး)နေ (ဦးလျှံဟွပ်)၏ဇနီး၊ ဦးကျော်နိုင်၊ ဒေါ်မြမြရီ၊ ဦးဖုန်းဝေ-ဒေါ်ကျင်ရီ၊ ဦးရဲမြင့်-ဒေါ်လွင်လွင်အေး၊ ဦးအင်ဆွေ-ဒေါ်သန်းသန်းဝင်း၊ ဦးသန်းထွန်း-ဒေါ်သင်းသင်းရှိန်၊ ဦးသန်းအောင်-ဒေါ်မြမြသီ၊ ဦးမြတ်နိုင်၊ ဦးမျိုးမင်းထွဋ်-ဒေါ်ခင်နွယ်ဦး၊ ဦးဝင်းလတ်တို့၏ မွေးသမိခင်၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်ပြုံး(ခ)ဒေါ်သန်းအေး(ကျိုက်လတ်)**
**အသက် (၇၁) နှစ်**

ကျိုက်လတ်မြို့၊ အမှတ်(၇)၊ (၇)လမ်း၊ ဦးခေါဝါး-ဒေါ်ရှုလွမ်တို့၏ တတိယသမီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၁၈၂)၊ သုံးလွှာနေ ဦးကျော်လှိုင်၏ဇနီး၊ (ဦးစိန်ကြိုင်-ဒေါ်မြင့်ရီ)၊ (ဦးအောင်မြင့်-ဒေါ်ခင်ကြည်)၊ ဦးဘိုးထောင်-ဒေါ်ချိုတို့၏ညီမ၊ ဦးအောင်လှိုင်-ဒေါ်အေးအေး၊ ဦးမျိုးမြင့်-ဒေါ်ကျင်ကျင်အေး၊ ဦးသိန်းဝင်း-ဒေါ်နုနုထွေးတို့၏အစ်မ၊ ဦးအောင်ကျော်ဦး-မဂီ(ခ)သီရိစံ (Art Man, IDEA)၊ ဒေါက်တာအောင်ကျော်ထူး(ခေတ္တ-USA)၊ ဦးအောင်ကျော်ဖြူး-Tammy(ခေတ္တ-USA)၊ ဒေါက်တာအောင်ကျော်ကျော် (ခေတ္တ-Australia)တို့၏ချစ်လှစွာသောမိခင် ဒေါ်ပြုံး(ခ)ဒေါ်သန်းအေးသည် ၁၂-၁၂-၂၀၁၇ရက် ညနေ ၆း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ဖုကျင့်တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကုန်ဈေးတန်းလမ်းနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှညွှန့်(ချောင်းဦး) (၈၃)နှစ်**

လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၃) ပျဉ်းမနားမှ ငွေစာရင်းတာဝန်ခံ စာရင်းကိုင်(၂) ဦးသန်းမင်း-ဒေါ်ဖြူဖြူမြင့်တို့၏ချစ်လှစွာသောမိခင်ကြီးသည် ချောင်းဦးမြို့၌ ၁၀-၁၂-၂၀၁၇ ရက်နေ့ ညနေ ၃း၂၀နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)နှင့်**
**ဝန်ထမ်းမိသားစုများ**
**လမ်းအထူးအဖွဲ့(၁၃) ပျဉ်းမနားမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းထွန်း (သန်လျင်)**
**အသက်(၈၂)နှစ်**

သူငယ်ချင်း ဒေါက်တာအောင်ကျော်ငွေး၏ဖခင် ဦးသန်းထွန်း (သန်လျင်)သည် ၇-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(1985) BVS မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင်(B.A,B.L)**
**ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)၊ တရားရုံးချုပ်တရားသူကြီး (ငြိမ်း)**
**အသက် (၇၈)နှစ်**

တရားရုံးချုပ်တရားသူကြီး (ငြိမ်း) ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင်သည် ၉-၁၂-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစောစံလင်း**
**ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဗိုလ်မှူးကြီး ရဲသွေး(ငြိမ်း)**
**ဌာနကြီးမှူး (ငြိမ်း)**
**ဆေးကုသမှုဌာနကြီး၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)**
**ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**
**အသက် (၇၁)နှစ်**

တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာ အထူးပြုဘာသာရပ်များဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဗိုလ်မှူးကြီး ရဲသွေး(ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၃း၂၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးပညာဌာန မိသားစု**
**တပ်မတော်ဆေးတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိန်မင်း(ခ)Oscar Aung**
**အသက်(၆၉)နှစ်**
**(ဒိုက်ဦး)**

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဦးစိန်မင်းသည် ၈-၁၂-၂၀၁၇ရက် ညနေ ၆း၁၅နာရီတွင် အမှတ်(၁၁၃)၊(၄၉)လမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုင်းဖူးကြည်(ပ/၃၉၄၆)**
**အသက်(၅၃)နှစ်**

ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဖူးကြည်(ပ/၃၉၄၆) သည် ၈-၁၂-၂၀၁၇ ရက် ည ၈း၃၀ နာရီတွင် စစ်တွေဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ထွေအုပ်အပတ်စဉ်(၁၅)မှ သူငယ်ချင်းများ**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ဘဒ္ဒန္တ ဝါသုဒေဝ မဟာထေရ်**
**ရွှေကျင်နိကာယရတ္တညူမဟာနာယက**
**သိက္ခာတော် (၇၆)ဝါ၊ သက်တော် (၉၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ သပြေကုန်းရွာ၊ ဓမ္မိကာရာမ၊ သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက် မဟာခေမိကာရာမပရိယတ္တိစာသင်တိုက်၊ သာကေတမြို့နယ်၊ ရွှေခင်းသာရပ်ကွက် ရေတံခါးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနနာယက၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ သပြေကန်သဒ္ဒါကြီး နိသျသစ်ကျမ်းပြု(ဘဒ္ဒန္တဥက္ကံသ) ပထမသပြေကန်ဆရာတော်ကြီး၏ ပစ္ဆိမသာဝက၊ လဇ္ဇီပေသလ၊ ဝိနယဂရုက၊ သာသနဒီပဒသီ၊ သက်တော်ရှည် သပြေကုန်းဆရာတော် ဘဒ္ဒန္တ ဝါသုဒေဝ အရှင်မြတ်ကြီးသည် (၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်) ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၈း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်) ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့)တွင် ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ သပြေကုန်းရွာ၌ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်ပါမည်။ အကြိုညချမ်း ဓမ္မပူဇာအဖြစ်ဖြင့် (၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်) ၁၅-၁၂-၂၀၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အဝေရာရာမ-ရန်ကင်းကျောင်းတိုက် ပဓာနနာယက-ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ အင်္ဂုတ္တရနိကာယပါဠိပါရဂူ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက၊ ရွှေကျင်နိကာယဗဟိုဌာနအကျိုးတော်ဆောင်၊ ဘဒ္ဒန္တ ဩဒါတသိရီဘိဝံသ၊ (၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်) ၁၆-၁၂-၂၀၁၇ ရက်တွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တခေမာစာရ အရှင်မြတ်များက တရားတော်များဖြင့် ပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ပူဇော်နိုင်ပါရန် ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြား အသိပေးအပ်ပါသည်။

**အန္တိမအဂ္ဂိဈာပနပူဇော်ရေးကော်မတီ**

## (၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးစောသောင်း(မုဒုံ)**
**လျှပ်စစ်အင်ဂျင်နီယာ**

ကျေးဇူးရှင်ဖခင်ကြီး ဦးစောသောင်း ကွယ်လွန်ခဲ့သည်မှာ ဒီနေ့ဆိုရင် (၄)နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်နေ့မှ မေ့မရပါ။ ကျန်ရစ်သူမိသားစုက ရည်စူး၍ ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို ဖခင်ကြီး မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး-ဒေါ်ကြည်ကြည်ထွန်း**
**ချစ်သမီးကြီး-မသီရိသောင်း**
**ချစ်သမီးငယ်-မဖြူသဲချစ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဗိုလ်မှူးကြီး ရဲသွေး(ငြိမ်း) (၇၁)နှစ်**
**ဌာနကြီးမှူး (ငြိမ်း)**
**ဆေးကုသမှုဌာနကြီး၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)**
**ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာ အထူးပြုဘာသာရပ်များဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဗိုလ်မှူးကြီး ရဲသွေး(ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၃း၂၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အစာအိမ်၊ အူလမ်းကြောင်းနှင့်**
**အသည်းဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဗိုလ်မှူးကြီး ရဲသွေး(ငြိမ်း) (၇၁)နှစ်**
**ဌာနကြီးမှူး (ငြိမ်း)**
**ဆေးကုသမှုဌာနကြီး၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)**
**ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာ အထူးပြုဘာသာရပ်များဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဗိုလ်မှူးကြီး ရဲသွေး(ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၃း၂၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သွေးရောဂါပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဗိုလ်မှူးကြီး ရဲသွေး(ငြိမ်း) (၇၁)နှစ်**
**ဌာနကြီးမှူး (ငြိမ်း)**
**ဆေးကုသမှုဌာနကြီး၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)**
**ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာ အထူးပြုဘာသာရပ်များဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဗိုလ်မှူးကြီး ရဲသွေး(ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၃း၂၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခနှင့် ဆရာဝန်၊ ဆရာမများ**
**သွေးရောဂါအထူးကုဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဗိုလ်မှူးကြီး ရဲသွေး(ငြိမ်း) (၇၁)နှစ်**
**ဌာနကြီးမှူး (ငြိမ်း)**
**ဆေးကုသမှုဌာနကြီး၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)**
**ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာ အထူးပြုဘာသာရပ်များဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဗိုလ်မှူးကြီး ရဲသွေး(ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၃း၂၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးကုသမှုပါရဂူများ**
**ဆေးဝန်ထမ်းတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)
**ဌာနကြီးမှူး(ငြိမ်း)**
**ဆေးကုသမှုဌာနကြီး၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)**
**ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၄/၃)နေ (ဦးရွှေရင့်-ဒေါ်မြမြ)တို့၏ သား၊ (ဦးဘိုးမြင့်-ဒေါက်တာဒေါ်ရွှေကြည်)တို့၏ သားသမက်၊ ပါမောက္ခ ဒေါက်တာဒေါ်အေးအေးမြင့် (ရောဂါဗေဒဆရာဝန်ကြီး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းအောင်သင်း (အထွေထွေမန်နေဂျာ-အောက်မြန်မာပြည်၊ မြန်မာ့မီးရထား)-ဒေါက်တာလွဲ့လွဲ့ဝင်းတို့၏ ချစ်လှစွာသောအစ်ကိုကြီး ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃း၂၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်-၅၀၀ ၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**ဦးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၄/၃)နေ ပါမောက္ခ ဒေါက်တာဒေါ်အေးအေးမြင့် (ရောဂါဗေဒဆရာဝန်ကြီး)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃း၂၅ နာရီတွင် တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးလှထွန်း ပြည်ထောင်စုဝန်ကြီး(ငြိမ်း)-**
**ဒေါ်ခင်သန်းဝင်း မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးကျော်သောင်း (ငြိမ်း)
**ကြည်း-၁၉၂၃၈**
**မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း**
**အသက်(၈၁)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကြီးကျော်စိုးမိုး-ဒေါ်မိုးကျော်သောင်းတို့၏ ဖခင်ဖြစ်သူ ဗိုလ်ကြီးကျော်သောင်း(ငြိမ်း)သည် ၁၀-၁၂-၂၀၁၇ ရက်နေ့ ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများနှင့် မိသားစုများ**
**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၁)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်တုတ် (မုံရွာ) (၇၄)နှစ်

သူငယ်ချင်း ဦးမျိုးဝင်း(ရန်ကုန်)၏မိခင် ဒေါ်ခင်တုတ်သည် ၉-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(B.Agr.Sc)၁၉၉၄ အကြိုးတန်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)
**အသက်(၇၁)နှစ်**
**ဌာနကြီးမှူး(ငြိမ်း)**
**ဆေးကုသမှုဌာနကြီး၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)**
**ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**
**အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေးသည် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)
**အသက်(၇၁)နှစ်**

လေးစားခင်မင်ရပါသော ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး (ဆေးကုသမှုဌာနကြီး၊ အမှတ်-၂၊ တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀၊ ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာအထူးပြု ဘာသာရပ်များဆေးပညာဌာန တပ်မတော်ဆေးတက္ကသိုလ်-ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**BOD အဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**ပင်လုံဆေးရုံများအုပ်စု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်သက်မူ (ရေတာရှည်မြို့) (၄၈)နှစ်

သူငယ်ချင်း ဦးကျော်အောင် (ဇမ္ဗူသီရိမြို့နယ်ဦးစီးမှူး၊ နေပြည်တော် စိုက်ပျိုးရေး)၏ဇနီး ဒေါ်ခင်သက်မူသည် ၁၁-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(B.Agr.Sc)၁၉၉၄ အကြိုးတန်းသူငယ်ချင်းများ**

## ဒေါ်ခင်ခင်ကြည် (၉၉)နှစ်
**ပြည်သူ့စာပေ (လှိုင်ကော်)**

[ဦးကျော်ဒင် (အငြိမ်းစားထောင်ပိုင်ကြီး)-ဒေါ်အုန်းသင်]တို့၏ သမီး၊ လှိုင်ကော်မြို့နေ [ဦးကြည်ညို(ဗဟိုကောင်မတီဝင်- မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ အတွင်းရေးမှူး-ကယားပြည်နယ်ဒေသပါတီ)]၏ ဇနီး၊ (ဒေါ်တင်တင်ဦး)၏ ညီမ၊ [ဒေါ်ခင်နုနု-ဦးဝမောင် (ရာဖြတ်မှူး- အကောက်ခွန်)]၊ [ဒေါ်ခင်သန်းသန်း-ဦးလှညွန့် (ရဲမှူးကြီး-ငြိမ်း)]၊ ဒေါ်ခင်မြမြ-[ဦးသာလင်း(တိုင်းဦးစီးမှူး-လဝက)]၊ ဒေါ်ခင်စောမြင့်(ခ)ဒေါ်လီလီကျော်ဒင်-[ဦးစိန်ဝင်း (BBC)]တို့၏ အစ်မ၊ ဦးပီတာကြည်ညို၊ ဒေါ်နီလာကြည်ညို-(ဦးစန်းမြင့်အောင်)တို့၏ မွေးသမိခင်၊ ကိုအောင်ကျော်သူ၊ ကိုအောင်ဇော်ထွန်း၊ မဇွန်ပွင့်ဖြူ မောင်ဖုန်းမြင့်အောင်တို့၏ ချစ်လှစွာသောအဘွားသည် ၁၃-၁၂-၂၀၁၇ရက် နံနက် ၆း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၇ မွန်းလွဲ ၁နာရီတွင် လှိုင်ကော်မြို့ (၄)မိုင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၇ ရက်တွင် လှိုင်ကော်မြို့၊ မင်းစုရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်း(ရေစကြို)
**အသက် (၆၆)နှစ်**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နေ (ဦးလှဖေ-ဒေါ်စောမြ)တို့၏သား၊ (ဦးသာခင်-ဒေါ်သန်း)တို့၏ သားသမက်၊ ဒေါ်သန်းလွင်၊ ဒေါ်ကြည်ခင်၊ ဦးသိုက်ညွန့်၊ ဦးအောင်မြိုင်တို့၏ ညီ/မောင်၊ ဒေါ်ခင်မာနီ၏အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံများနယ်မြေနေ ဦးငြိမ်း-အဂ္ဂမဟာသီရိ သုဓမ္မသီဂီဒေါ်အုန်းကြင် (OK ဆန်စက်နှင့်ဆန်ရောင်းဝယ်ရေး)တို့၏ညီ/မောင်၊ ဒေါ်ခင်ခင်၏ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူသင်း၊ ဗိုလ်ကြီးကျော်ဝင်းထွန်း-မအေးအေးသိန်း၊ ကိုမျိုးမင်းသူ-မသီဂီအေး၊ ဗိုလ်ကြီးထက်မောင်၊ မောင်ထက်နောင်ကျော်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၃-၁၂-၂၀၁၇ရက် နံနက် ၁၁း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၇ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)
**အသက်(၇၁)နှစ်**
**ဌာနကြီးမှူး(ငြိမ်း)**
**ဆေးကုသမှုဌာနကြီး၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)**
**ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၄/၃)နေ ပါမောက္ခဒေါက်တာဒေါ်အေးအေးမြင့် (ရောဂါဗေဒဆရာဝန်ကြီး)၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ပါမောက္ခဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃း၂၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်-၅၀၀ ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆီးချိုနှင့်ဟော်မုန်းရောဂါအထူးကုဌာန**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)
**အသက်(၇၁)နှစ်**
**ဌာနကြီးမှူး(ငြိမ်း)**
**ဆေးကုသမှုဌာနကြီး၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)**
**ဆေးပညာဌာနနှင့် ဟော်မုန်းဆိုင်ရာအထူးပြုဘာသာရပ်များဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**
**နာယက-Myanmar Society of Endocrinology and Metabolism**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၄/၃)နေ ပါမောက္ခဒေါက်တာဒေါ်အေးအေးမြင့် (ရောဂါဗေဒဆရာဝန်ကြီး)၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ပါမောက္ခဗိုလ်မှူးကြီးရဲသွေး(ငြိမ်း)သည် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃း၂၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်-၅၀၀ ၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Society of Endocrinology and Metabolism**

## ဦးကျော်တင်(ကျောက်ဖြူ)
**အသက် (၄၄)နှစ်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ မြစ်နားတန်းရပ်ကွက်နေ (ဦးကျော်အောင်)-ဒေါ်အောင်ခိုင်တို့၏ သားလတ်၊ ဦးကျော်နိုင်-ဒေါ်သန်းသန်း၊ ဦးကျော်သန်း-ဒေါ်သန်းခင်တို့၏ ညီ၊ ကိုကျော်ဝင်း၊ ကိုမောင်မောင်ဝင်း၊ မချိုချိုဝင်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ်(၆၁)နေ ဦးထွေးတင်-ဒေါ်သောင်းတို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ကြွယ် (အထက-၁၊ မြောက်ဒဂုံ)၏ခင်ပွန်း၊ မမေးမြတ်နိုးထက် (YLDS မြောက်ဒဂုံ)၏ ဖခင်သည် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား ဒါယကာကြီး**
## ဦးဘသန်း (၇၈)နှစ်
**လေးတောင်၊ ကျောက်ဖြူ**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်ရွာဟောင်းရွာနေ (ဦးမောင်ထွန်းသာ-ဒေါ်ရွှေစိန်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ် (၃၈)၊ လေးလွှာ၊ သမ္မာဒိဋ္ဌိလမ်း၊ မလွကုန်း၊ ဒေးကြွယ် (က)ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်လှညွန့်၏ ခင်ပွန်း၊ ဒေါ်ခင်ခင်ဦး (အထည်ဆိုင်)-ဦးအောင်သိန်းကျော် (တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်ခင်ခင်စိုး (လဝက-ဗဟန်း)-ဒေါက်တာဇော်လင်း (ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး)၊ ဦးမင်းသန်းဇော် (B.A,His)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မခင်အိန္ဒြာလင်း (Final Year Eng၊ ဒဂုံတက္ကသိုလ်)၊ မောင်ငြိမ်းချမ်းလင်း (အထက-၂၊ ဗဟန်း)တို့၏ အဘိုးရှင်သည် ၁၃-၁၂-၂၀၁၇ ရက် နံနက် ၃း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အနိစ္စ

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁၂-၂၀၁၇ ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၃၁)ပါ ဒေါ်ပြုံး(ခ)ဒေါ်သန်းအေး အသက်(၇၁)နှစ် နာရေးကြော်ငြာတွင် ဦးကျော်လှိုင်၏ဇနီးဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီအွမ္မရ်(ခ)ဟာဂျီ ဦးအေးဝင်း(မြိတ်) (၆၄)နှစ်

မြိတ်မြို့၊ အမှတ် (၅၉)၊ စကားဝါလမ်း၊ ကန်ခေါင်းရပ်ကွက်နေ [ဟာဂျီဦးအာမင်(န်)-ဟာဂျီမ ဒေါ်ရှာဇီယာ (ဒေါ်အေးမြင့် မုန့်ကုလားမဲ)]တို့၏ သားကြီး၊ ရွှေကျင်မြို့၊ ကျွဲတဲရပ်နေ (ဦးနော်မြား-ဒေါ်ဇူဘိုင်ဒါ)တို့၏ သားသမက်၊ ဟာဂျီမအာမီနာ(ခ)ဒေါ်တိုးတိုးလွင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဟာရှင်)-ဒေါ်ကြည်၊ (ဦးစူလေမန်)-ဒေါ်ရဟ်မသ်ဘီ၊ ဂနီဘိုင်-ဒေါ်ကြည်ကြည်မာ၊ (ဦးအဗ္ဗဒူလ်ရာဇက်-ဒေါ်ကွလ်စွန်ဘီ)၊ (ဦးနာစလ်)-ဒေါ်မြင့်မြင့်ချို၊ (ဦးဂျမိလ်ဘိုင်-ဒေါ်မြင့်မြင့်စိန်)၊ ဟာဂျီဦးဖိုးပိန်-(ဟာဂျီမ ဒေါ်ဂွန်မာဘီ)၊ ဘိုင်ယာဘိုင်-စလ်မာဘီတို့၏ ညီ/မောင်၊ ဦးမြတ်ကိုကိုထွန်း-ဒေါ်အေးအေးလွင်၊ ဦးဝင်းမြတ်လွင်-ဒေါ်မိုးဟန်နီ၊ ဟာဂျီဦးညီညီအောင်- ဒေါ်ချိုချိုထွန်း၊ ဦးကျော်မြတ်စိုး-ဒေါ်နိုနိုကို၊ ဦးကျော်ရဲအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၂-၁၂-၂၀၁၇ ရက် ညနေ ၃နာရီတွင် အမှတ် (၅၃)၊ (၁၂၂) လမ်း၊ မြေညီထပ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၃-၁၂-၂၀၁၇ ရက်တွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဗိုဟိုရ်နမားဇ်အပြီး ဒါဖနာပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီအွမ္မရ်(ခ) ဟာဂျီ ဦးအေးဝင်း(မြိတ်)
**အသက် (၆၄)နှစ်**

မြိတ်မြို့၊ အမှတ် (၅၉)၊ စကားဝါလမ်း၊ ကန်ခေါင်းရပ်ကွက်နေ [ဟာဂျီဦးအာမင် - ဟာဂျီမ ဒေါ်ရှာဇီယာ (ဒေါ်အေးမြင့် မုန့်ကုလားမဲ)]တို့၏ သားကြီး၊ ရွှေကျင်မြို့၊ ကျွဲတဲရပ်နေ (ဦးနော်မြား-ဒေါ်ဇူဘိုင်ဒါ)တို့၏ သားသမက်၊ ဟာဂျီမအာမီနာ(ခ)ဒေါ်တိုးတိုးလွင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဟာဂျီဦးတင်လှ)-ဟာဂျီမဒေါ်ဟာစီနာ၊ ဟာဂျီဦးသန်းဝင်း-(ဟာဂျီမဒေါ်ခင်စန်း)၊ ဒေါ်တင်တင်နွယ်၊ ဟာဂျီဦးတင်ဝင်း-ဒေါ်သန်းသန်းဆင့်၊ ဟာဂျီဦးခင်မောင်ဝင်း၊ ဟာဂျီမ ဒေါ်လှလှအေး၊ ဟာဂျီစိုးဝင်း-ဟာဂျီမဒေါ်ရှူဘီ၊ (ဟာဂျီနာစီး)-ဟာဂျီမဒေါ်သန်းသန်းအေး၊ ဦးခင်မောင်မြင့်-ဒေါ်ယဉ်ယဉ်နွယ်တို့၏ အစ်ကိုကြီး၊ ဦးမြတ်ကိုကိုထွန်း-ဒေါ်အေးအေးလွင်၊ ဦးဝင်းမြတ်လွင်-ဒေါ်မိုးဟန်နီ၊ ဟာဂျီဦးညီညီအောင်-ဒေါ်ချိုချိုထွန်း၊ ဦးကျော်မြတ်စိုး-ဒေါ်နိုနိုကို၊ ဦးကျော်ရဲအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၂-၁၂-၂၀၁၇ ရက် ညနေ ၃ နာရီတွင် အမှတ် (၅၃)၊ (၁၂၂) လမ်း၊ မြေညီထပ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၃-၁၂-၂၀၁၇ ရက်တွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဗိုဟိုရ်နမားဇ်အပြီးဒါဖနာပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုထိန်ဝင်း
**အသက် (၃၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ (၉၃)လမ်း၊ အမှတ်(၄၆)၊ ပ-ထပ်နေ (ဦးအုန်းဖေ-ဒေါ်ကြည်)တို့၏မြေး၊ (ဦးဝင်းမြင့်)-ဒေါ်အေးအေးတို့၏သား၊ မလှိုင်ဇာဦး၏ခင်ပွန်း၊ မောင်ကောင်းမြတ်ဦး၏ ဖခင်၊ ကိုရဲမင်းအောင်-ဖြူနှင်းပွင့်၊ ကိုဖေဝင်းတို့၏ညီ၊ မအေးစန္ဒာဝင်း၏ အစ်ကိုသည် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၈း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## စည်သူဗိုလ်မှူးကြီးချစ်မြိုင်(ငြိမ်း) (BC-3520)
**(အငြိမ်းစားသံအမတ်ကြီး၊ လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်)**
**အသက် (၉၆)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နေ (ဦးဖိုးဝေ-ဒေါ်ဒေါ်မှန်း)တို့၏ သားလတ်၊ ဦးချစ်လှိုင်-(ဒေါ်ခင်ညွန့်)တို့၏ ညီ၊ ဦးချစ်ပြိုင်-ဒေါက်တာတင်စန်းဝေတို့၏အစ်ကို၊ ဒေါက်တာအောင်မြိုင်-ဒေါ်ခင်သန်းနွဲ့၊ ဒေါ်လွဲ့လွဲ့မြိုင်၊ ဒေါက်တာချစ်ခင်ဝေ-ဒေါက်တာခင်ရင်ရင်ထွန်းတို့၏ ဖခင်ကြီး၊ မြေးလေးယောက်၊ မြစ်ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၉-၁၂-၂၀၁၇ (စနေနေ့)တွင် အမေရိကန်နိုင်ငံ၊ မေရီလန်းပြည်နယ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဘအောင် (မလှိုင်၊ ကျွဲခြံ) (၈၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့၊ ကျွဲခြံရွာနေ (ဦးစိုးမင်း-ဒေါ်လှကင်း)၏သား၊ (ဦးထွန်းလှ-ဒေါ်ရွှေတင်)၏သားသမက်၊ (ဒေါ်ကျင်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၄၃)နေ ဦးမျိုးဆွေ (မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်စန်းစန်းအေး (မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)၊ ဦးစိုးလွင်(ဂျာမနီ)-ဒေါ်မင်းမင်းလှိုင်(ဂျာမနီ)၊ ဦးကျော်လွင်ဦး-ဒေါ်မူမူချိုတို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၂-၁၂-၂၀၁၇ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးရွှေကျုံး(ခ)ဦးမောင်မောင်ရီ (၈၄)နှစ်
**(ငါးသိုင်းချောင်း)**
**အထက(၁) တာမွေ၊ အထက(၂) အင်းစိန်၊ အထက(၂) ဒဂုံ (ငြိမ်း)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (စံပြ) ဖဆပလရပ်ကွက်၊ တိုက်(၇)၊ အခန်း (၁၈)နေ (ဒေါ်ဆိုင်းခင်)၏ခင်ပွန်း၊ ဦးသန်းထွန်းမင်း၏ ချစ်လှစွာသော ဖခင်ကြီးသည် ၁၃-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ကြည်(ခ)ဦးပေါက်စီ (၈၁)နှစ်
**(ပဲခူးယ်ကုန်းမြို့)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၈၁)၊ ပထမထပ်နေ (ဦးအယုံ-ဒေါ်အေးတင်)တို့၏သား၊ ဒေါ်တင်တင်ရီ၏ခင်ပွန်း၊ ဦးဖြိုးအောင်ကြည်-ဒေါ်ဖြူဖြူဝင်း၊ ဦးရန်အောင်ကြည်-ဒေါ်ယဉ်ယဉ်ကျေး၊ ဦးဘိုဘိုအောင်ကြည်-ဒေါ်နွယ်နီစိုးကျော်၊ ဒေါ်ယဉ်မင်းအောင်ကြည်တို့၏ ဖခင်၊ မောင်အောင်ပြည့်ဖြိုး၊ မနှင်းရတနာဦး၊ မအိန္ဒြေမိုးမြင့်၊ မောင်အောင်ကောင်းပြည့်တို့၏အဘိုး၊ ဒေါ်သန်းသန်းဝင်း၏မောင်၊ ဦးကျင်သိန်း-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးခင်မောင်ညိမ်း)-ဒေါ်ခင်ခင်ဝင်း၊ (ဦးအောင်ကြည်တိုင်)-ဒေါ်နော်ကြည်ထွေး၊ (ဦးအောင်ကြည်လွင်)တို့၏အစ်ကိုသည် ၁၃-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၇(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ် ဒါယကာကြီး**
## ဦးမြသန်း (ဝဲလောင်မြို့) အသက်(၈၀)

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဝဲလောင်မြို့နေ ဒေါ်ခင်စု၏ ခင်ပွန်း၊ ဦးချို-ဒေါ်ခင်မြင့်စိန်၊ ဦးမောင်မောင်-ဒေါ်ခင်မြင့်ကြည်၊ (ဦးစောအောင်-ဒေါ်ခင်အေးမူ)တို့၏ မွေးသဖခင်၊ ဒေါ်ဝင်းရွှေ၏ဦးလေး၊ ဦးတိုးလှိုင်ထွန်း-ဒေါ်ချိုသွေးဟန်၊ ဒေါက်တာဆုရည်ဝင့်၊ ဗိုလ်ကြီးမျိုးသန့်ကျော်-ဒေါ်လွင်မာမောင်၊ ဗိုလ်ထက်ဇော်ဝင်း၊ မသက်ဖြိုးဝေတို့၏အဘိုး၊ မောင်ဉာဏ်လင်းခန့်၏ ဘိုးဘိုးကြီးသည် ၁၃-၁၂-၂၀၁၇ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၇ရက် ညနေ ၃ နာရီတွင် ဝဲလောင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)**
## ဦးမြဟန်
**ရာ-၁၆၉၈ (သက်ကြီးကန်တော့ခံ)**
**အသက် (၉၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ တိုက်(၁၁)၊ အခန်း (၆)၊ လမ်းသစ်ရိပ်သာနေ (ဒေါ်စန်းရီ)၏ ခင်ပွန်း၊ ရာ-၁၆၉၉ ဒေါ်ခင်မြခိုင်၏ ဖခင်သည် ၁၂-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## မောင်ဇော်လင်းဦး
**အသက် (၃၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက် (၅၅)၊ အခန်း(၁၉)နေ [ဗိုလ်ကြီးခင်ချို (တေဇ-၆)]-ဒေါ်တင်တင်ဝင်းတို့၏ တစ်ဦးတည်းသောသား၊ ဦးလှဦး-(ဒေါ်အေးအေးသန်း)၊ ဦးစိုးမြင့်-ဒေါ်ဇင်မာ၊ (ဦးသိန်းမြင့်)-ဒေါ်လှလှရီ၊ (ဒုတိယဗိုလ်ချုပ်ကြီးသိန်းထိုက်)-ဒေါ် မြမြဦး၊ ဦးတင်လတ်-ဒေါ်ပပ၊ ဦးကျော်စွာဦး-ဒေါ်စပယ်အေး၊ ဒေါ်မြင့်မြင့်ဦးတို့၏ တူ မောင်ဇော်လင်းဦးသည် ၁၁-၁၂-၂၀၁၇ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၇(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**တောင်ကြီးအသင်း(ရန်ကုန်)**
**အသင်းနာယက**
## အငြိမ်းစားသံအမတ်ကြီး ဦးသိန်းအောင် (၉၁)နှစ်
**ရန်ကုန်တိုင်းကောင်စီဥက္ကဋ္ဌ(ငြိမ်း)**
**ရန်ကုန်မြို့တော်ဝန်(ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ် (၁၆/က)၊ Rose Park(2)၊ နှင်းဆီလမ်း၊ ရွှေပင်လုံအိမ်ရာ၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၁-၁၂-၂၀၁၇ ရက် ညနေ ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်ပြုံး(ခ)ဒေါ်သန်းအေး
**(ကျိုက်လတ်)**
**အသက်(၇၁)နှစ်**

ကျိုက်လတ်မြို့၊ အမှတ်(၇)၊ (၇)လမ်းနေ ဦးခေါ်ဝါး-ဒေါ်ရှုလွမ်တို့၏ တတိယသမီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၁၈၂)၊ သုံးလွှာနေ (ဦးကျော်လှိုင်)၏ ဇနီး၊ ဒေါ်ပြုံး(ခ)ဒေါ်သန်းအေးသည် ၁၂-၁၂-၂၀၁၇ရက် ညနေ ၆း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ ရက် နံနက် ၁၁နာရီတွင် ဖုကျင့်တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်ပေးကြပါရန်။ (ကုန်ဈေးတန်းလမ်းနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)

ကြေးမုံ



# SME များ ဖွံ့ဖြိုးတိုးတက်လာပါက အလုပ်အကိုင်ရရှိမှု၊ ဝင်ငွေရရှိမှုနှင့်အတူ အစိုးရ၏အခွန်ငွေရရှိမှုလည်း တိုးတက်လာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၁၇) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (Small and Medium Enterprise - SME) များ ပါဝင်မှုသည် ၉၉ ရာခိုင်နှုန်းရှိပြီး နိုင်ငံ၏စီးပွားရေးစွမ်းရည် မြှင့်တင်ပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အဓိကမောင်းနှင်အား (Main Driving Engine)အဖြစ် အရေးပါနေကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆



**အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၁၇) အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။**

# သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကို လာမည့် ဇန်နဝါရီလအတွင်း ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ၌ ပြောင်းရွှေ့ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဗဟန်းမြို့နယ် သံလွင်လမ်း၌ ဖွင့်လှစ်ထားသည့် သတင်းအချက်အလက် နည်းပညာ တက္ကသိုလ်ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ဖြစ်သော ဇန်နဝါရီ ၂ ရက်မှစ၍ ပထမနှစ် အပါအဝင် မာစတာတန်းအထိ တက်ရောက်မည့် ကျောင်းသားကျောင်းသူများကို ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၌ အသစ်ဖွင့်လှစ်မည့် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ကျောင်းတွင် ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာ စောစန္ဒာအေးက "ဒီဇင်ဘာ ၄ ရက်နေ့မှာ တခြားတက္ကသိုလ်တွေလို ဖွင့်မယ်လို့ လျာထားခဲ့ပေမယ့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ◯




**သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ဆောက်လုပ်ဆဲ အဆောက်အအုံကို တွေ့ရစဉ်။**

# ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်း နောက်ဆုံးခြေစမ်းပွဲအဖြစ် ရန်ကုန်နှင့် ယနေ့ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရာသီကြိုပြင်ဆင်မှုအဖြစ် မြန်မာနိုင်ငံတွင် ခြေစမ်းပွဲလာရောက်ကစားနေသည့် ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် မြန်မာနေရှင်နယ်လိဂ် ထိပ်သီးကလပ် ရန်ကုန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို ဒီဇင်ဘာ ၁၄ ရက် ညနေ ၃ နာရီတွင် YUSC ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းသည် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပြီး ယှဉ်ပြိုင်ကစားပြီးသည့် ခြေစမ်းပွဲနှစ်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းသည် ပထမခြေစမ်းပွဲတွင် ဇွဲကပင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲတွင် မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဂျပန်အပျော်တမ်းလိဂ်ညွှန့်ပေါင်းအသင်းသည် အပျော်တမ်းကလပ်အသင်းများမှ ခြေစွမ်းပြနေသည့်ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး နောက်ဆုံးခြေစမ်းပွဲဖြစ်သောကြောင့် ကစားသမားများအားလုံး အစုံအလင်အသုံးပြုဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် ယခုခြေစမ်းပွဲတွင် ခေါ်ယူစမ်းသပ်နေသည့် နိုင်ငံခြားသားကစားသမားများ၏ ခြေစွမ်းကို အဓိကစမ်းသပ်မည်ဖြစ်ပြီး ပြည်တွင်းကစားသမားများဖြင့် ပေါင်းစပ်ပွဲထုတ်မည်ဖြစ်သော်လည်း လူငယ်ကစားသမားများကို နေရာပေးဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် ရာသီကြိုပထမဆုံးခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၉ ရက်တွင် ရခိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **ရှိုင်းထက်ဇော်**

